www.burmeseclassic.com

# ပြည့်ဝိုင်းမှုကြီး

ကန်ကြွမ်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

လူငယ်စာရေးဆရာ

# ပြည့်ဖိုင်မှူးအိမ်

# ကာနီကြမ်း

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ပြည့်ပိုင်မှူးအိမ်၏ စာအုပ်အမှတ်စဉ် (၁၇)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၇၂၀၈၀၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၁၀၈၀၉၀ |

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ဇေယသစ်တည် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုင် (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃၁၀(ယာ)၊ ဥာဏ်လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးလှိုင်ဝင်းနိုင် (ဇော်ဝင်းပြည့်ပုံနှိပ်တိုက်) |
| | | (၃၀-၁)၊ သာသနာ့ရိပ်သာလမ်း၊ ပုဇွန်တောင်။ |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုဒ္ဒရာပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |




"မင်းကို ပြောစရာရှိတယ်ကွဲ့ . ."

လို့ဆိုရင်း နှုတ်ဆက်လာသူက တခြားလူတော့မဟုတ်ဘူး။ ရင်ကွက်ထဲမှာ အကြွားအသန်ဆုံးဘွဲ့ရထားတဲ့ ဒေါ်လှမော်။

"ဟုတ်ကဲ့ . . အန်တီ . . ပြောပါ . . ဘာကိစ္စလဲ မသိဘူး"

"ဩော် . . တခြားတော့မဟုတ်ပါဘူး . . ငါ့တူရယ် . . မင်းက စာရေးဆရာဆိုတော့ ကုန်ကြမ်းပေးမလို့ပါ . . ."

"အိမ်ထဲ ဝင်ပါဦးလား အန်တီရဲ့ . . ."

အိမ်ရှေ့ဝင်းတံခါးမှာမို့ မကောင်းတတ်လို့ ဖိတ်မန္တကပြုသမယ့် ဒေါ်လှမော်က ခေါင်းခါတယ်။ ပြီး . . နာရီကိုပင့်ကြည့်ရင်း . . .

"အချိန်မရတော့ဘူး . . ကဲ . . ခပ်တိုတိုနဲ့ လိုရင်းတိုရှင်းပဲပြောတော့မယ် . . ဟိုတစ်နေ့က အမေရိကားမှာနေတဲ့သားက သိန်းတစ်ရာ ပို့လိုက်တယ်လေ။ အဲဒါ အန်တီ စိန်နားကပ်ကလေး သွားဝယ်လိုက်တာပြောင်ရော။ အဲဒါနဲ့ မန္တလေးက သားဆီက သိန်းနှစ်ရာမှာထားရတယ်။ လက်ထဲမှာငွေက အပြတ်ခံလို့မရဘူးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ သားသိတဲ့အတိုင်းပဲလေ . . ငွေဆိုတာမျိုးကလည်း ရှိမလောက်ပဲ မဟုတ်လား . . ."

ဒေါ်လှမော် ပြောနေတဲ့စကားကို နားထောင်ရင်း ကျွန်တော် ရယ်ချင်လာတယ်။ ဒါပေမယ့် မရယ်ဖြစ်ပါဘူး။ ဒေါ်လှမော်က စကားကိုဆက်တယ်။

"အိမ်က မင်းဦးလေးကလည်း လက်ရှိစီးနေတဲ့ ပရာဒိုကို လင့်ခရူဇာနဲ့လဲချင်လို့ဆိုပြီးတော့ အော်စီရောက်နေတဲ့ သမီးဆီ ငွေလှမ်းမှာနေတာ ကြားလိုက်ရတယ် . . . ကဲ . . ကြည့်စမ်း . . လူတွေဟာ ဘယ်တော့မှ လောဘမသတ်နိုင်ကြဘူးဆိုတာ တရားရစရာ မကောင်းဘူးလား . . ကြွားတာမဟုတ်ပါဘူး သားရယ် . . သားက စာရေးဆရာဆိုတော့ ရေးမယ်ဆိုရင် . . ဒါ . . ကုန်ကြမ်းတွေပဲ မဟုတ်လား။ အဟင်း ဟင်း . . ကဲ . . ကဲ . . သွားစရာရှိလို့ သွားလိုက်ဦးမယ်ကွယ်။ ကိုယ်က ငွေကြေးတတ်နိုင်တဲ့ မြို့မျက်နှာဖုံးဆိုတော့ ဟိုပွဲကဖိတ်၊ ဒီပွဲကဖိတ်နဲ့ မအားရ မနားရပါဘူးသားရယ် . . လူတွေကတော့ အန်တီ့ကို ငွေရေး ကြေးရေးမပူရ . . သားရေး၊ သမီးရေး မပူရနဲ့ အေးအေးဆေးဆေး နေရမယ်ထင်နေကြမှာပေါ့ . . အန်တီကတော့ သားသိတဲ့အတိုင်းပဲ ရပ်ရေးရွာရေးတွေနဲ့ မအားရဘူး . . အေးလေ . . ကိုယ်ကလည်း ကြေးရတက်ကိုး သားရဲ့ . . အဟက် . . ဟက် . . သွားမယ်နော် . . သား . . ."

"ဟုတ်ကဲ့ပါ အန်တီ . . ."

"အန်တီ ပြောတာလေးတွေ သားရဲ့ဝတ္ထုမှာထည့်ရေး ကြားလား . . ဒါ ကုန်ကြမ်းတွေကွဲ့ . . သားက ပိုနားလည်ပါတယ်ကွယ် . . ရေးဖြစ်အောင် ရေးနော် သား . . ."

"ဟုတ်ကဲ့ပါ အန်တီ စိတ်ချ . . ."

ကျွန်တော် ကိုယ်ကိုရို့ပြီး ရိုရိုသေသေ ပြန်ပြောတာကို ကြည့်





ရင်း ဒေါ်လှမော် အကျေနပ်ကြီး ကျေနပ်သွားတယ်။ "ကဲ . . သွားပြီ သားရေ" လို့ ပြောရင်း ခပ်သုတ်သုတ် လှည့်ထွက်သွားလို့ သက်ပြင်းချမယ် ကြံရုံရှိသေး . . ဆတ်ခနဲဆို ဒေါ်လှမော် ပြန်လှည့်လာတယ်။

"မေ့တော့မလို့ သားရေ . . ဒီမှာ အန်တီ့နားကပ်လေးကို ကြည့်ပါဦး . . ကြွားတာတော့ မဟုတ်ပါဘူး သားရယ် . . အန်တီလည်း ဒီလို သိန်းရာချီတန်တဲ့ နားကပ်ကို ပန်ထားရတော့ ပြုတ်ကျမှာ ကြောက်ရ . . ဘာကြောက်ရနဲ့ စိတ်သိပ်မအေးရပါဘူးကွယ်"

"ဩော် . . ဟုတ်ကဲ့ . ."

လို့ ဖော်လိုလိုက်ရင်း ဒေါ်လှမော် ကျေနပ်အောင် သူ့နားကပ်ကို ကြည့်ပေးလိုက်တယ်။ တကယ်တော့ ဒေါ်လှမော် နားမှာ ပန်ထားတာက တော်တော်လေးကြီးတဲ့ ဖန်စီနားကပ်တွေပါ။ ဘယ်ဘက်ကတစ်မျိုး၊ ညာဘက်ကတစ်မျိုးနဲ့ ကြည့်ရရုပ်ဆိုးပါတယ်။ တွဲတစ်ဖက်၊ နွားတစ်ဖက် အရောင်မတူ ဒီဇိုင်းမတူတာကိုမှ ဘယ်ညာတစ်ဖက်စီ ပန်ထားတာကိုး။ ဒါပေမယ့် ယဉ်ယဉ်လေးရူးနေတဲ့ လူကြီးတစ်ယောက်ကို စိတ်ချမ်းသာအောင် လုပ်ပေးဖို့က အပန်းမကြီးတာမို့ ကျွန်တော် သူကျေနပ်အောင် ကြည့်ပေးဖြစ်ပါတယ်။

"ဩော် . . ကြည့်မယ့်သာ ကြည့်ခိုင်းရတယ်။ သားလို စာရေးဆရာအပေအတေတစ်ယောက်က စိန်အကြောင်း၊ ရွှေအကြောင်း ဘယ်သိပါ့မလဲနော့ . . နောက်သလိုတောင် ဖြစ်နေတယ် . . အဟက် ဟက် . . စိတ်မရှိနဲ့နော် . . သား၊ ကဲ . ကဲ . . အန်တီသွားပြီ . . နားမလည်တာ၊ မရှင်းတာရှိရင် အန်တီ့ ဖုန်းကို ဆက်လိုက်နော် . . အန်တီ့ ဒီဟန်းဖုန်းနှစ်လုံးစလုံးရဲ့ နံပါတ်တွေကို သားသိတယ် မဟုတ်လား . . ."

ကလေးတွေကစားတဲ့ ခတ်ခဲထည့်ရင် တဂီတီ တဂွီဂွီ မြည်တဲ့ ကစားစရာ ဖုန်းနှစ်လုံးကို ဘယ်ညာတစ်လုံးစီ ကိုင်ထားရာ



www.burmeseclassic.com

www.burmeseclassic.com



က မြှောက်ပြရင်းမေးတဲ့ အန်တီမော့်ကို . . "ဟုတ်ကဲ့ . . သား သိပါတယ် အန်တီ" လို့ ကိုယ်ကိုရို့ရင်း ဖြေပေးဖြစ်တယ် . . .။

ကျွန်တော့်ရဲ့ ရိုကျိုးတဲ့အမူအရာကို ကြည့်ပြီး တော်တော်ကြီး ကျေနပ်သွားတဲ့ အန်တီမော်က နီရဲပဒေါင်းခတ်နေအောင် ပုံမကျ ပန်းမကျ ဆိုးထားတဲ့ နှုတ်ခမ်းနီတွေနဲ့ပေရေနေတဲ့ နှုတ်ခမ်းကို တွန့်ရုံ ပြုံးပြပြီး လိမ်ကျစ် လိမ်ကျစ်နဲ့ အိမ်ထဲက ထွက်သွားတယ်။

အန်တီမော်က ယဉ်ယဉ်လေးကြောင်နေတယ် ဆိုပေမယ့် ဘယ်သူ့ကိုမှ ဒုက္ခမပေးတတ်တာမို့ တစ်ရပ်ကွက်လုံးက ပေးကြ၊ ကျွေးကြနဲ့ သူ့ကိုချစ်ကြတာ များပါတယ်။ အန်တီမော်ကလည်း အဖျော်ဖြေကောင်းတာကိုး။ ပြောသွားလိုက်တာများ ထောင့်ကိုစိလို့။ ဘာတဲ့ . . "သားလို စာရေးဆရာအပေအတေတစ်ယောက်က စိန်ကဲရွှေကဲ ဘယ်သိပါ့မလဲ" တဲ့ "နောက်သလိုတောင် ဖြစ်နေတယ်" ဆိုပဲ။ တော်တော်လည်း ဟုတ်တဲ့ အန်တီ ဒေါ်လှမော် . . .။

ဟုတ်ကဲ့ . . ဒါ ဒီနေ့အဖို့ ကျွန်တော်ရတဲ့ ကုန်ကြမ်းတွေထဲက နံပါတ်(၁) ကုန်ကြမ်းပါ . . .။



# ကုန်ကြမ်း နံပါတ် (၂)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရှာလိုက်ရတာ စာရေးဆရာရယ် . . သမီးမှာ ဖတ်ဖတ်တိုမောလို့ . . ."

သမီးလို့ သူ့ကိုယ်သူ ဆိုလာတဲ့ သူ့ကိုကြည့်ရင်း ကျွန်တော် တော်တော်ကြီးကြောင်တွဲသွားရတယ် . .

ကြည့်ဦးလေ . . သမီးလို့ပြော တဲ့ အပျိုကြီးကို မျက်မှန်းတန်းမိတာ တော်တော်ကြာပါပြီ။ ဒီ အပျိုကြီးက သုံးဆယ်ကို ဟိုဘက် အတော်ကျော်နေတဲ့ အသက်နဲ့အပျိုကြီး။

ဒါနဲ့များ သူ့ထက်အပုံကြီးငယ်တဲ့ ကျွန်တော့်ကို ရိုကျိုးချင်ယောင်ဆောင်ပြီး သူ့ကိုယ်သူ သုံးလိုက်တာများ . . 'သမီး' တဲ့။

ပြော မယ်ဆို သူ့မောင်လေး အငယ်ဆုံး 'ကျော်ကြီး' တောင် ကျွန်တော့်ထက် လပိုင်းကြီးသေးတယ်။

အေးလေ . . သူလည်း ကြည့်ရတာ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲက နာမည်ကြော် အဲလေ . . နာမည်ကျော် နိုင်ငံကျော်ကောင်မလေးတွေ သူတို့ကိုယ်သူတို့ သမီး သမီးနဲ့ တစ်သမီး တည်းမီး



# ကုန်ကြမ်း



. . တာကို အတုယူထားတယ်ထင်ရဲ့ . . .။

"ဘာကိစ္စရှိလို့လဲ မသိဘူး . . ."

လူ့ဝတ္တရားအရ ကျွန်တော် အောင့်သက်သက်နဲ့မေးဖြစ်တယ်။

အပျိုကြီးက ဖုတ်လှိုက်၊ ဖုတ်လှိုက်ဖြစ်နေတဲ့ . . ဖုတ်လှိုက်ကို . . အဲလေ . . ရင်ဘတ်ကိုတစ်တောင်လောက်ရှည်တဲ့ လက်သည်းတွေ အမည်းရောင်ခြယ်သထားတဲ့ လက်နဲ့ဖိရင်း အမောဖြေနေတယ်။ ကျွန်တော့်အမေးကို သူ့ခမျာ ချက်ချင်းမဖြေနိုင်ရှာဘူး။

အတော်လေးကြာအောင် ဖုတ်လှိုက်၊ ဖုတ်လှိုက်နဲ့ ဖုတ်လှိုက် . . ပြီးမှ . . .

"ကုန်ကြမ်းပေးချင်လို့ . . ."

"ကုန်ကြမ်း . ."

သံယောင်လိုက်ရင်းနဲ့ ကျွန်တော် နှင်ခနဲဖြစ်သွားရတယ်။ . . ပြန်ပြီ ကုန်ကြမ်း။

ကျွန်တော့် ဦးနှောက်ထဲက ခေါင်းလောင်းသံက. . .

"ပြေးတော့ လစ်တော့"

လို့ မြည်နေတယ်။

ဒါနဲ့ပဲ . .

"ကျွန်တော် သွားစရာလေး ရှိ . . . ရှိ . . ."

"ခဏလေးပါ . . ဆရာရဲ့ . . သမီးလည်း သွားစရာရှိတယ်။ . . နစ်ပိုင်းလေးပဲ ကြာမှာပါ . .

ကဲ . . ထဲ . . အခုပဲပြောပြမယ်။ တိုတို တုတ်တုတ်ပေါ့နော့"

ကျွန်တော့်စကားတောင် မဆုံးသေးဘူး။ အပျိုကြီးက ဇွတ် . . တင်းဖြတ်ပြောရင်း . . .

'အခုပြောပြမယ်' ဆိုပြီးလုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးလည်း သွားစရာရှိတယ်' တဲ့။

သူကိုယ်သူ သမီးပြောတာက ကိစ္စမရှိဘူး။ နေရင်းထိုင်ရင်းနဲ့ လူက အော်ဂလီဆန်လာတယ်။ ရင်ပြည့်ရင်ကယ်ဆိုတာ ဖါလား မသိဘူး။

လမ်းပေါ်မှာ ရပ်နေကြတဲ့ ကျွန်တော်တို့ နှစ်ယောက်ကို ရင်းနှီးတဲ့လူတစ်ယောက်ကများ မြင်သွားရင် အထင်လွဲတာ ခံရလိမ့်ဦးမယ်။

"ဒီအားလပ်ရက်တွေမှာ ပေလီသွားရင်းရခဲ့တဲ့ အတွေ့အကြုံတွေကို တင်ပြပေးချင်တာပါ ဆရာ . .။ ဆရာက လိုသလို ဆွဲသုံးလို့ရမှာပါ . . .

ဒီလိုပါ ဆရာ . . ပေလီကို ဦးတည်ပျံသန်းနေတဲ့ လေယာဉ်ကြီးက . . အဲ . . ကဗျာဆန်ဆန်ပြောရမယ်ဆိုရင်တော့ တိမ်လွှာတွေ တိမ်စိုင်တွေကို ထိုးခွဲရင်း . . ."

လက်နှစ်ဖက်ကို တောင်ပံသဖွယ် ဝဲပျံတော့မယောင် သရုပ်ပြနေတဲ့ အပျိုကြီးကိုကြည့်ရင်း . .

"ဒီအပျိုကြီး ထများကတော့မှာလား"

လို့တောင် တွေးမိတယ်။ ပွစိ ပွစိနဲ့ ရွတ်နေတာ တော်တော်နဲ့ ပြီးမယ့်ပုံမပေါ်တဲ့ သူ့စကားကို ဖြတ်ဖြတ်တော့မှ ဖြစ်မယ်လို့ တွေးမိတာမို့ . . .

"သြော် . . ပေလီကို လေယာဉ်နဲ့သွားခဲ့တာပေါ့ . . ကောင်းတယ် . . လူ သက် . . သာ . . သာ . ."

"အာ . . ဆရာကလည်း သမီးက ပေလီကို လေယာဉ်နဲ့ သွားတယ်လို့ မပြောပါဘူး . . "

"တိမ်လွှာတွေကို ထိုးခွဲပြီး ပေလီကိုဦးတည်ပျံသန်း"

တွေ ဘာတွေပြောနေလို့ . . ဖော်လိုလိုက်မိကာမှ တက်တက်





ဝင်အောင်လွဲရော။

"နို . . စောစောကပဲ . . လေယာဉ်ကြီးက တိမ်စိုင်တွေကို ထိုးခွဲပြီး ပေလီကို ဦးတည်ပျံသန်းတယ်ဆို . . ."

"ဟုတ်တယ်လေ . . ."

"ဟုတ်ရင်·ဘယ်လိုလုပ် . . ."

"ဒီလိုလေ ဆရာရဲ့ . . အဲဒီလို ပေလီကို ဦးတည်ပျံသန်းနေတဲ့ လေယာဉ်ကြီးကို ပေလီသွားနေတဲ့ လိုင်းကားပေါ်ကနေ ငေးကြည့်မိခဲ့တယ်ဆိုတာကို ပြောမလို့ . . ."

"သြော် . . ."

ကျွန်တော် တော်တော်ကြီး ကြေကွဲသွားရတယ်။ ဘယ့်နှယ်ဗျာ . . ကားနဲ့သွားတာကိုများ ကားနဲ့သွားတယ် မပြောဘူး။

ဝေ့ကာ ပတ်ကာနဲ့ မဆိုင်တာတွေ လျှောက်ပြောနေတယ်။ ဒီအတိုင်းဆိုရင် ပေလီရောက်တာရယ်၊ လည်တာပတ်တာရယ်၊ ပြန်ရောက်တာတွေရယ်ပါ ပြောနေရင် တော်တော်နဲ့ဇာတ်သိမ်းမယ့်ပုံမပေါ်ဘူး။

ဒီတော့ ကိုယ်ကပဲ ဇာတ်သိမ်းပေးရင်ပေး၊ မပေးလို့ကတော့ ကျွန်တော့်ကို မလွယ်ဘူး။ ဒါနဲ့ပဲ . . .

"ကဲ . . ဒါဆို အစ်မတို့စီးတဲ့ ကားက ဘယ်ရောက်ပြီတုံး"

ကျွန်တော့်အမေးကို အပျိုကြီးချက်ချင်း ပြန်ဖြေတယ်။ အစ်မကလို့တော့ သူ့ကိုယ်သူ မပြောဘူး။

ထုံးစံအတိုင်းပဲ သူ့ကိုယ်သူ သမီးတဲ့။

"သမီးတို့ကားက ရန်ကုန်ကနေ စထွက်ပြီလေ . . ."

"ဟုတ်ပြီ . . ဒါဆို ပေလီရောက်မှ ဆုံကြတာပေါ့ . . . ကျွန်တော် သွားစရာလေးရှိလို့ ခွင့်ပြုပါဦး . . ."

ခပ်သွက်သွက်ဆိုရင်း ခပ်သုတ်သုတ် လှည့်ထွက်ခဲ့တဲ့

www.burmeseclassic.com

ကျွန်တော့်ကို အပျိုကြီး ကြောင်ကြည့်ရင်း ကျန်ခဲ့တယ်။

ဒါပေမယ့် ကျွန်တော့်ရဲ့ ခြေလှမ်းသုံးလှမ်းမြောက်မှာတော့ အပျိုကြီးရဲ့ အသံက စူးခနဲ ထွက်လာတယ်။

"ရတယ်လေ . . ဒါဖြင့် သမီးနဲ့ ဆရာနဲ့ ထပ်ဆုံကြတာပေါ့ . ."

တဲ့။



ကုန်ကြမ်း နံပါတ် (၃)

www.burmeseclassic.com

ဒီတစ်ခါ ကျွန်တော့်ကို ကုန်ကြမ်းလာပေးတဲ့ လူကတော့ ရပ်ကွက်ထဲမှာ မဟုတ်မခံစိတ်ထားလွန်းလို့ တော်တန်ရုံလူနဲ့ အကြော မတည့်တတ်တဲ့ ကိုမှန်လွန်း ဆိုတဲ့လူ။

"မင်းကို ကုန်ကြမ်းလေးတစ်ခု ပေးစရာရှိလို့ကွ . ."

ရောက်ရောက်ချင်း ပခုံးကိုပုတ်ပြီး ဆိုလာတာမို့ မညိတ်ချင် ညိတ်ချင်နဲ့ ခေါင်းညိတ်ပြရင်း မသိမသာနဲ့ သက်ပြင်းရောချဖြစ် တယ်။ ဘာရယ်မဟုတ်ဘူး . . ကုန်ကြမ်းဆိုတာနဲ့ပဲ လူက လန့်ချင် နေပြီ။ တကယ်တော့ ကိုမှန်လွန်းရဲ့နာမည်အရင်းက ကိုကံလွန်း။ ဒီလောက်ဆို ဒီလူ ဘာဆိုတာကို သဘောပေါက်ရောပေါ့။ လက်ဖက် ရည်ဆိုင်မှာ ဘော်ဒါတွေအလာကို တစ်ယောက်တည်း လာထိုင် စောင့်မိတာ မှားပြီလို့ တွက်မိလိုက်တယ်။ ဆရာသမားက ကျွန်တော် နဲ့မျက်နှာချင်းဆိုင် နေရာယူရင်း . . .

"ဒီလိုကွ . . မင်းလည်း ကြားဖူးမှာပါ . . တို့ဆီက လူတွေ ကွာ . . မြန်မာစစ်စစ်ဖြစ်ရဲ့သားနဲ့ မိဘတွေကို ဒယ်ဒီ၊ မာမီနဲ့ ခေါ်





ခေါ်နေကြတာလေ။ တချို့ကျတော့လည်း မိဘတွေကိုယ်၌က ခေါ် ခိုင်းနေတာကွ . . ."

"ဟုတ်ကဲ့ . . ."

ဒေါနဲ့မောနဲ့ ဆိုနေတာမို့ ကျွန်တော် နားထောင်ပေးဖြစ် တယ်။ သူပြောသလို ကုန်ကြမ်းဖြစ်နေခဲ့ရင်တော့လည်း အမြတ်ပေါ့ ကွာ၊

"မင်းစဉ်းစားကြည့်လေ . . မြန်မာနိုင်ငံမှာနေပြီး မြန်မာ ထင်မယားက မွေးထားတဲ့ ဒီမြန်မာကလေးကို ဒယ်ဒီတွေ၊ မာမီတွေ ခေါ်ခိုင်းစရာလား . . ."

မျက်နှာကြီးရှုံ့မဲ့ရင်းဆိုတဲ့ ကိုမှန်လွန်းကိုကြည့်ပြီး ကျွန်တော် ရယ်ချင်လာတယ်။ "ဒယ်ဒီ . . မာမီ" လို့ ခေါ်ပြနေကဲ့အချိန်မှာ ကိုမှန်လွန်းပါးစပ် ရွဲ့ပြနေပုံက Over ဖြစ်နေတာကိုး။

"ဖက်စပ်မို့လို့ ခေါ်တယ်ဆိုထား။ အခုဟာက မျိုးစစ်ရိုးစစ် ကြီးလုပ်နေပြီးတော့ ဘိုဆန်ချင်နေတာ မြင်ရကြားရတော့ အတော် အရွံ့သကွ။ တစ်မိသားစုလုံး နိုင်ငံခြားမှာ နှစ်အတော်ကြာနေပြီး မြန်မာပြည်ပြန်ရောက်လာတာမို့ဆို ထား။ ခုဟာက တစ်ဆွေမျိုးလုံး ခေါင်းလို့ နိုင်ငံခြားသွားတဲ့လူတစ်ယောက်မှ မရှိတဲ့ဟာတွေကပါ ဒယ်ဒီတွေ၊ မာမီတွေ လုပ်နေကြတယ်။ တခြားမကြည့်နဲ့ လမ်းထိပ် က ဆိုက်ကားနင်းတဲ့ ကိုဘာဘူက . . ခု သူ့သားနဲ့ သမီးကို ဒယ်ဒီ၊ မာမီခေါ်ဖို့ သင်နေသတဲ့။ သူတင်လားဆိုတော့ မဟုတ်ဘူး။ ပဲပြုတ် ရောင်းတဲ့ မယ်ဘုတ်ရော။ ကွမ်းယာရောင်းတဲ့ စိန်လှရော၊ သူများ အိမ် အဝတ်လိုက်လျှော်တဲ့ မအေးရော၊ ပလတ်စတစ်ကောက်တဲ့ ရွှေဌေးတို့ လင်မယားပါ မကျန် သူတို့သားသမီးတွေကို ဒယ်ဒီ၊ မာမီ ခေါ်ရင် မုန့်ဘိုး မပေးဘူးဆိုပဲ . . ဘိုဆန်ချင်နေကြပုံကို ပြောတာ ပါ . . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုမှန်လွှန်းရဲ့စကားကို ကျွန်တော် ခွီးခနဲရယ်မိတယ်။ ခွီးခနဲ ရယ်တဲ့ ကျွန်တော့်ကိုကြည့်ပြီး သူပါ ရောရယ်ရင်း . . .

“ငါ မေးမေးပြီး ပါးပိတ်တီးချင်လိုက်တာ လွန်ရော . . ပြောစမ်း . . မင်းက ဘယ်တုန်းက ဘိုစိတ်ပေါက်သွားတာလဲ။ ဘယ်တုန်းက အတ္တာပြုကုန်ကြတာလဲလို့ မေးမေးပြီး ဖနောင့်နဲ့ကို ပေါက်ပစ်ချင်တာ . . အဟုတ် . . .”

ခြေဟန်လက်ဟန်တွေပါ လုပ်ပြနေတဲ့ ကိုမှန်လွှန်းကိုကြည့်ရင်း ကျွန်တော် ရယ်ဖြစ်တယ်။ သူပြောလည်း ပြောချင်စရာ။ လူတွေကိုက လုပ်နေကြတာကိုး။

“အဲဒါ မင်းဝတ္ထုထဲထည့်ရေးလို့ ရတယ်မဟုတ်လား။ အဲဒီမျိုးမစစ်စိတ်ဝင်နေတဲ့ လူတွေကို ခပ်စပ်စပ်လေးဆော်ပေးစမ်းပါကွာ . . .”

မျက်မှောင်ကြီးကုတ်ရင်း ကိုမှန်လွှန်းဆိုတယ်။

“ဝတ္ထုထက် သရော်စာဆောင်းပါးပုံစံမျိုးက ပိုကောင်းမယ်ဗျ . . .”

“အေးကွာ . . မင်းဟာမင်း ဘာရေးရေး . . ဒီခေါင်းစဉ်လေးတော့ပေးကွ . .”

“ဘယ်ခေါင်းစဉ်လဲ အစ်ကို . .”

“ဘိုစိတ်ပေါက်သူများရဲ့ လေလည်သံ . . .” လို့

“ဗျာ . . .”



## ကုန်ကြမ်းခံပါတ် (၄)

www.burmeseclassic.com

"မနက်ကအဖြစ်အပျက်ကတော့ ညီလေးအတွက် ကုန်ကြမ်း ပဲ . . ညီလေးရေ . ."

တခွီးခွီးရယ်ရင်း ကိုကျော်က ကျွန်တော့်ကို တွေ့တွေ့ချင်း အစမရှိ အဆုံးမရှိနဲ့ ဆိုတယ်။

"လုပ်ပါဦးဗျ . . ."

ပျော်တတ်တဲ့ ကိုကျော့်ကို လှိုင်ခန့်က စကားထောက်ပေး တယ်။

"ငါတို့ရပ်ကွက်ထဲက လူမိုက်ကြီး ဖိုးအုပ်ကိုသိတယ်မဟုတ် လား . . ."

ကိုကျော့်စကားအဆုံးမှာ ကျွန်တော်တို့အားလုံး ခေါင်းညိတ် ဖြစ်ကြတယ်။

"အေး . . အဲဒီလူ မနက်က ငါနဲ့အခြေအတင် စကားများ တာ . . သူလက်ကျိုးသွားတယ် . . ."

ကိုကျော့်စကားကြောင့် ကျွန်တော်တို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြတယ်။ ကိုဖိုးအုပ်ဆိုတဲ့ လူမိုက်က ဗလ တောင့်တောင့်နဲ့ အတိုက်အခိုက် အင်မတန်သွက်လက်ပြီး လက်သံ





ဖြောင့်တဲ့လူ။ ကျွန်တော်တို့ရှေ့မှာရပ်နေတဲ့ ကိုကျော်ကဖြင့် ...လောက်တောင် ဗလမရှိတဲ့လူ။ ဗလမရှိလို့ 'ဓ' ရှိသလား ...တော့ 'ဓ' လည်းရှိတာမဟုတ်ဘူး။ ဒီတော့ သူတို့နှစ်ယောက် ...များကြရင်း ကိုဖိုးအုပ်ကြီး လက်ကျိုးသွားတယ်ဆိုတာ ဘယ် ...မှ မဖြစ်နိုင်တဲ့ကိစ္စ။

"ဘယ်လိုဖြစ်ပြီး ကိုဖိုးအုပ်က လက်ကျိုးသွားရတာလဲဗျ။ ...လဲ ကိုကျော်တို့ကအုပ်စုနဲ့ သူက တစ်ယောက်တည်းမို့လို့လား"

"ဟင့်အင်း တစ်ယောက်ချင်းပဲ . . ."

ခိုင်တိုးရဲ့အမေးကို ကိုကျော်က ပြုံးဖြီးဖြီးနဲ့ ချက်ချင်းပြန် ...တယ်။ 'တစ်ယောက်ချင်း' တဲ့။ ကျွန်တော်တို့ တစ်ယောက်မျက် ...တစ်ယောက် ကြည့်ဖြစ်ကြပြန်တယ်။

"ဒါဆိုရင် သူက လက်ဗလာ . . အစ်ကိုက တုတ်နဲ့ . . ...ဒီလိုလား . . ." ကျွန်တော့်အမေးကို ကိုကျော်က . . .

"ဟင့်အင်း သူလည်းလက်ဗလာ . . ငါလည်း လက်ဗလာပဲ"

ခွီးခနဲ ရယ်ရင်း ဖြေသော ကိုကျော့်စကားကြောင့် ကျွန်တော် ...လေးကောင်သား တစ်ယောက်မျက်နှာကိုတစ်ယောက် ဘယ်နှကြိမ် ...ကြည့်ဖြစ်ကြပြန်တယ်။ ကိုကျော့်စကားက ဖြစ်မှမ ...နိုင်တာကိုး။

"ကိုကျော်လည်း လက်ဗလာ။ ကိုဖိုးအုပ်လည်း လက်ဗလာ ...များကြတာ ကိုဖိုးအုပ်လက်ကျိုးသွားတယ် . . ဘယ်လိုကြီးလဲဗျ"

နားမလည်နိုင်တော့တာမို့ လှိုင်ခန့်က ခေါင်းကိုကုတ်ပြီး ...တယ်။ ကိုကျော်က စောစောကလိုပဲ တခွီးခွီးရယ်ရင်းက . . .

"ဒီလိုကွ . . သူနဲ့ငါနဲ့က အတော်လှမ်းလှမ်းကနေ အခြေ ...အတင်အော်အော်ပြီး စကားများနေကြတာ . . ငါက သူ့ဒါသထွက် ...အောင် စကားတစ်ခွန်းကိုလည်း ပြောလိုက်ရော . . ငါ့ကို ဆော်မလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပြေးလာတယ်။ အဲဒီမှာ ဆရာသမား မှောက်လဲတော့တာပဲ။ အကျမတော်တော့ သူ့လက်ကျိုးသွားတယ်။ အခု ကျောက်ပတ်တီးတွေ ဘာတွေစည်းလို့ . . အဟီး . . . ”

“ဪ . . . ”

အဲဒီတော့မှ ကျွန်တော်တို့အုပ်စု သဘောပေါက်သွားတော့တယ်။ အစောပိုင်း ကိုကျော်ပြောတဲ့ ပုံစံက သူကပဲ ဆော်လိုက်သလို ဘာလိုလိုကိုး . . . ။

“ကိုကျော်နဲ့စကားများနေတုန်း သူ့ဘာသာသူ မှောက်လျက်လဲပြီး ကျိုးတာပေါ့ . . ”

“အေး . . . ”

ကိုကျော်က မိန့်မိန့်ကြီးလုပ်ရင်းဖြေတယ်။ ပြီး ပြောသေးတယ်။ “မှောက်လဲမှာပေါ့ . . သူက မတရားမူးနေတာကိုး . . . ”တဲ့။

ပြီး . . ကျွန်တော့်ဘက် လှည့်ပြီးတော့ . . .

“အဲဒါလေး မင်းစာအုပ်ထဲ ထည့်ရေးပေးစမ်းပါကွာ။ စာအုပ်ထွက်လာရင် သူ့ပေးဖတ်ရအောင်လို့။ နောက်ဆို စာအုပ်မြင်တိုင်း ငါ့ကိုသတိရနေအောင် . . . အဟီး . . . ”တဲ့။ ကောင်းရော။

လူတွေကလည်း ကျွန်တော့်ကိုမြင်ရင် အဲဒီ ‘ကုန်ကြမ်း’ ဆိုတဲ့စကားမပါဘဲကို မပြောကြဘူး။ တစ်ယောက်လာလည်း ကုန်ကြမ်း။ တစ်ယောက်လာလည်း ကုန်ကြမ်း။ အခုလည်း ဘာမှမဟုတ်တဲ့ အကြောင်းအရာကိုပဲ ကုန်ကြမ်းလုပ်ပြီး လာပြောပြနေပြန်တယ်။ သူတို့ရဲ့ ကုန်ကြမ်းတွေက တစ်ခါတလေ ကျတော့လည်း အပျင်းပြေသလို တစ်ခါတလေ ကျပြန်တော့လည်း စိတ်လေဖို့ကောင်းပြန်တယ်။

ကျွန်တော် ကြုံခဲ့ရတဲ့ နောက်ကုန်ကြမ်းလေးကတော့ အတော့်ကို အောင့်သက်သက်ဖြစ်ဖို့ကောင်းပါတယ်။ ဆက်ဖတ် ကြည့်ပါဦး . . . ။



## ကုန်ကြမ်း နံပါတ် (၅)

www.burmeseclassic.com

www.burmeseclassic.com



"မင်းစာအုပ်တွေ တော်တော်ထွက်တယ်နော် . . ."

"အေး . . ."

အစမရှိ အဆုံးမရှိ နိဒါန်းမချီဘဲ သူငယ်ချင်းတစ်ယောက်က ဆိုတယ်။ ကျွန်တော်လည်း ခပ်တိုတိုပဲ 'အေး' လို့ တစ်လုံးတည်း ဖြေဖြစ်တယ်။ အဲဒီနောက်မှာတော့ ဒီကောင်က သူ့ကောင်မလေးနဲ့ အဆင်မပြေတဲ့အကြောင်းကို ခိုညည်းသလို ညည်းပြတယ်။ သိပ်မကြာဘူး။ ဆရာသမားက ဘာစိတ်ကူးပေါက်တယ်မသိဘူး။ ဖျတ်ခနဲ လက်ဖျစ်တီးတယ်။ နောက်ပြီးတော့ ဝမ်းသာအားရနဲ့ . .

"ငါ့ကောင် ဟိုတစ်လောက ငါတို့ဖတ်တဲ့ မင်းစာအုပ်တွေ ငါ့ကောင်မလေးကို ပေးဖတ်လိုက်စမ်းပါကွာ . . ."

(ဒီကောင်က ကျွန်တော့်စာအုပ်ကို အကုန်လုံးနီးပါး ဖတ်ပြီးသား)

ကျွန်တော့်စာအုပ်ကို ပေးဖတ်ပြီး သူတို့နှစ်ယောက်ရဲ့ အကွဲအပြဲကို စေ့စပ်ညှိနှိုင်းချင်လို့ ထင်ပါရဲ့လို့ တွေးရင်း ကျွန်တော် ဒီ





ကောင့်ကို မေးခွန်းပြန်ထုတ်ဖြစ်တယ်။

"အေး . . ရပါတယ် . . ဒါနဲ့ မင်းတို့ဖတ်ခဲ့တဲ့အထဲက ဘယ်စာအုပ်ပေးဖတ်လိုက်ရမလဲ . . ."

ဒီကောင်ဖြေလိုက်တဲ့ အဖြေကတော့ ကျွန်တော့်အတွက် အားတက်စရာပါ။

"ပေးဖတ်ချင်တဲ့ စာအုပ်သာပေးဖတ်လိုက် . . ဘယ်စာအုပ်ဖတ်ဖတ် သူစိတ်ညစ်သွားရင် ပြီးရော . . . ." တဲ့ ခင်ဗျ။

သူပြောတဲ့ပုံစံက ကျွန်တော့်ရဲ့ ဘယ်စာအုပ်ကိုပဲ ဖတ်ဖတ် အားလုံးက စိတ်ပျက်စရာတွေပဲမို့ သူ့ကောင်မလေး စိတ်ပျက်၊ စိတ်ညစ်သွားရအောင် ကျွန်တော့်စာအုပ်နဲ့ ကလဲ့စားချေတဲ့သဘော။ သူ့ကလဲ့စားချေပုံကြီးက ကောင်းကြသေးရဲ့လားဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲ . . .

တစ်နေ့ . . တစ်နေ့ . . ကျွန်တော် မတော်တဆရတဲ့ ကုန်ကြမ်းတွေက မနည်းဘူး။ ဒီလိုပဲ သူတို့လိုလိုချင်ချင်နဲ့ လာပေးကြတဲ့ ကုန်ကြမ်းတွေကလည်း တကယ့်ကို မနည်းမနော၊ အကြောင်းအရာတွေကလည်း အစုံအလင်နဲ့ အတော်တော့ များသားဗျ။

ကဲ . . .

ကျွန်တော့်ရဲ့ ကုန်ကြမ်းတွေကို ဆက်အားပေးပါဦးလား။



မြစ်တွေ ဘယ်လောက်ပဲ အိုဟောင်းသွား အိုဟောင်းသွား အဲဒီ မြစ်အိုဟောင်းရဲ့ ရင်ထဲမှာ စီးဆင်းနေတဲ့ ရေတွေက အသစ်တွေပါ။ မြစ်ဟောင်းထဲမှာ ရေဟောင်းနှစ်ခါ စီးခွင့်မရှိပါဘူး။ ရေအသစ်တွေ စီးဆင်းနေလို့လဲ အဲဒီမြစ်က အမြဲတမ်းရှင်သန်နေနိုင်တာပါ။

အဲဒါ မြစ်တွေရဲ့ ရှင်သန်မှုပါ . . .

ဒီလိုပါပဲ . . .

လူတွေလည်း ဘယ်လောက်ပဲ အသက်တွေအိုမင်းသွားပါစေ . . သူတို့ရဲ့ ရင်ဘတ်ထဲမှာ စီးဆင်းနေသမျှ အချစ်တွေက အသစ်တွေပါ . . ရင်ဘတ်ဟောင်းထဲမှာ အချစ်ဟောင်းနှစ်ခါ စီးဆင်းခွင့်မရှိပါဘူး . . အချစ်သစ်တွေပဲ စီးဆင်းနေဖို့ကတော့ ချစ်တတ်သူတိုင်း အချစ်ကို နုပျိုဆန်းသစ်အောင် ကြိုးပမ်းနေရမှာပါ။ အချစ်သစ်တွေ စီးဆင်းနေမှလည်း အဲဒီလူတွေက နုပျိုစွာ ရှင်သန်နေနိုင်မယ်။

အဲဒါ အချစ်ရှိတဲ့ လူတိုင်းအတွက် ရှင်သန်မှုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာ"

မမြင်ချင်ယောင်ဆောင်ကာ ဆက်လျှောက်လာကာမှ ဆရာသမားက ကျွန်တော့်ကို မြင်ဖြစ်အောင်မြင်သည်။ မြင်ရုံသာမက လှမ်းပင်ခေါ်လိုက်သေးသည်။

"မကြားယောင်ပြုကာ ခပ်သုတ်သုတ်လှမ်းမည်ကြံရုံရှိသေး နောက်ကပြေးလိုက်လာသော ခြေသံက လူကိုအားအင်ချိနဲ့ သွားစေသည်။

"သေပြီ" ဟု ကိုယ့်ကိုယ်ကိုယ်တွေးရင်း စိတ်လေနေတုန်း နောက်ကနေ ကျွန်တော့်ပခုံးကို ဆရာသမားကလှမ်းဆွဲသည်။

"စာရေးဆရာ . . နေပါဦးကွ . . ."

ဆရာသမားက ဟောဟဲဆိုက်နေရင်းက ပခုံးကို မလွှတ်တမ်းကိုင်ထားရင်းဆိုသည်။ မထူးတော့ပြီမို့ မျက်နှာကို မပြုံးချင်ပြုံးချင် ပြုံးရင်း အံ့အားသင့်သွားဟန်ပြုကာ . . .

"ဩော် . . ဘယ်သူများလဲလို့ . . ကိုသံချောင်းကိုး . . ဆိုပါဦးဗျ . . ဘာကိစ္စလဲ . . ."





"မင်းစာရေးဆရာ လုပ်နေတယ် . . ပြည့်ပိုင်မှုအိမ်ဆိုတဲ့ ...သောင်နာမည်နဲ့ဆို . . ."

အရေးထဲ ဆရာသမားက လူကို စစ်လား၊ ဆေးလား လုပ်...ပြန်သည်။ ယမကာနံ့ စူးရှရှက ဟောင်၍ပင်နေသည်။

"ဟုတ်ကဲ့ . . ."

"အတော်ပဲ . . မင်းကိုငါ . . ကုန်ကြမ်းပေးမလို့ . . ."

"ကုန်ကြမ်း . . ."

ကုန်ကြမ်းဆိုသောအသံကြားသည်နှင့် ကျွန်တော့်နားရွက်... ယုန်တစ်ကောင်လို ထောင်ကုန်သည်။

"ဟုတ်တယ် မင်းကိုငါ ကုန်ကြမ်းပေးမလို့ . . တစ်နည်း...ရရင် ငါမင်းကို ရင်ဖွင့်ပြမလို့ . . လာပါကွာ . . သိပ်မကြာပါ... . . ငါ့ရဲ့ ရင်ပြပွဲမှာ ခဏလေးလာထိုင်လိုက်လို့ မင်း အကျိုးရှိ...ဘူးဆိုရင် ကြိုက်တာပြော . . ."

အရေးထဲ 'ရင်ပြပွဲ' တွေ ဘာတွေသုံးရင်း ဆရာသမားက ...ဆန်နေပြန်သည်။ 'ဟုတ်သော်ရှိ မဟုတ်သော်ရှိ ခဏလောက်... လိုက်ထိုင်ကြည့်တာပေါ့' ဟု တွေးရင်း ကိုသံချောင်းကို ခေါင်း...ပြလိုက်သည်။

ကျွန်တော့်ကို မျှော်လင့်တကြီး စောင့်ကြည့်နေသော ကိုသံ...ချောင်း၏ မျက်လုံးတို့ အရောင်လက်သွားသည်။

"ကျေးဇူးပါပဲ ငါ့ညီရာ . . လာ . . လာ"

"လာ လာ" ဟုဆိုရင်း ကိုသံချောင်းက ကျွန်တော့်ပခုံးကို ...ကာ သူထိုင်နေခဲ့သော အရက်ဆိုင်ဆီ လှမ်းသည်။

သားသားနားနားဝတ်ဆင်ထားသော ကျွန်တော့်ကို ဖြစ်...သလို ညစ်နွမ်းနွမ်းဝတ်ဆင်ထားသော ကိုသံချောင်းက ပခုံးဖက်...လျက် အရက်ဆိုင်ထဲခေါ်ဝင်သွားသည်ကို မျက်နှာသိတချို့က လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။

"လာ . . ထိုင် . . ငါ့ညီ . ."

ဆရာသမားက တစ်ယောက်တည်းထိုင်နေခြင်းဖြစ်သည့် သူ့ထိုင်ခုံနှင့်ယှဉ်ကာ ခုံတစ်ခုံကို ဆွဲ၍ ကျွန်တော့်ကို ထိုင်စေသည် ပြီး . . .

"ကဲ . ငါ့ညီ ဘာချမလဲ . . ."

"အာ . . ရပါတယ် . . ကျွန်တော် နားထားတယ် "

"ဘယ်ဟုတ်မလဲ . . ငါ့ညီရ . . ပြောကောင်းဆိုကောင် အောင် တစ်ခွက်တစ်ဖလားတော့ လုပ်ပါ . . အားမနာပါနဲ့ . . အစ်ကို ဒကာခံပါ့မယ် . . တစ်ခုခုတော့ ချပါ ငါ့ညီရာ . . အစ်ဝ ပြုစုချင်လို့ပါ . . ."

"မဟုတ်ဘူး အစ်ကို . . ကျွန်တော် . . ."

"ဘာလဲ . . မင်းက အစ်ကို့လို လူနဲ့ တစ်ဝိုင်းတည်းမသော ချင်လို့လား . . ."

"ဟာ . . မဟုတ်ပါဘူး . . ကျွန်တော်က . . ."

"သိပြီ . . မင်းက ဒီလို စုတ်ပြတ်သပ်နေတဲ့ဆိုင်မှာ ဒီ အပေါစားအမြည်းတွေနဲ့ ဟောဒီလို အပေါစားအရက်တွေကို သောက်ချင်လို့လား . . ."

ရိဝေဝေဖြစ်နေသော ဆရာသမားက ပြောချင်ရာ စွတ်ပြေ နေခြင်းက ကိစ္စမရှိ။ အရက်ဆိုင်ကောင်တာမှာထိုင်နေသော ဆိုင်ရှ ဦးဗလက ကျွန်တော့်ကို မိုက်တိမိုက်ကန်း စတိုင်လ်ဖြင့် လှမ်းရှိုး နေသည်။ သဘောက "မင်း ဘာကောင်လဲ၊ ဘာအကြီးကြီး လုပ်တ လဲ" ဆိုသော အကြည့်မျိုး။

နေရင်းထိုင်ရင်း ကိုသံချောင်းလုပ်ပုံ နှင့် ကျွန်တော့်နားရ မှာ ပုလင်းစော်လိုလို၊ ဝါးရင်းတုတ်စော်လိုလို နံလာသည်။





"အာ . . ကျွန်တော် အစာအိမ်နာနေလို့ နားထားတာဗျ။ ကျွန်တော်က အရက်ရှေးတဲ့ကောင်မှ မဟုတ်တာ။ ကျွန်တော်က စတုန်ချတဲ့ကောင်ဗျ။ ကျန်းမာရေးမကောင်းလို့ နားထားတာ နှစ် လောက်ရှိပြီ . . ."

အသံကို အနည်းငယ်မြှင့်ရင်း ဆိုဖြစ်သည်။ အခြားကြောင့် တော့ မဟုတ်။ ကိုသံချောင်း၏ စကားကြောင့် လူကိုပေစောင်း ပေ စောင်းကြည့်နေသော အခြားဝိုင်းမှ ကပ်စတန်မာများရော၊ ဆိုင်ရှင် ဦးဗလပါ ကြားအောင်လို့ဖြစ်သည်။

ကျွန်တော့်စကားကို ကြားတော့မှ ဦးဗလနှင့် ၎င်း၏ရောင်း ရင်း တပ်စတန်မာများက ဘုကြည့်ကြည့်နေရာက တစ်ဖက်ကို လှည့် သွားကြသည်။

သက်ပြင်းကို မရဲတရဲချရင်း . . "ငါတော့ မှားပြီထင်တယ်" ဟု တွေးဖြစ်သည်။ "ဒီလူ အတော်မူးနေတာပဲ . . ငါလစ်မှဖြစ်မယ်" ဟု ထပ်ဆင့်တွေးနေစဉ်မှာပင် . . .

"Sorry ကွာ . . ငါ့ညီ အစ်ကိုမှားသွားတယ်။ ကဲ . . ဒီလို ဆိုတော့လည်း ခဏတော့သည်းခံပေါ့ကွာ။ ကဲ . . အရင်ဆုံး မင်းကို လက်ဆွဲနှုတ်ဆက်ပြီး ဂုဏ်ပြုရမယ်။ စာရေးဆရာဖြစ်သွားတဲ့ အတွက်ပေါ့ကွာ။ လာ . . ငါ့ညီ . . ကွန်ကရက်ကျူလေးရှင်းကွာ . ."

ဘိုလို ညှပ်ညှပ်ကာဆိုသော ကိုသံချောင်းထံမှ တံတွေးစက် များက ကျွန်တော့်လက်ပေါ် ကျသည်။ ဆရာသမားက အမဲသားကြော် ကိုင်ပြီးထားသော လက်မှဆီကို လက်သုတ်ဖြင့်ပင် သုတ်မနေတော့ဘဲ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်သည်။

ရှောင်ချိန်၊ တားချိန်ပင်မရ လိုက်။ ဆတ်ဆို ကျွန်တော့်လက် ကို လှမ်းဆွဲရင်း သူ့လက်ဖြင့် အားပါးတရဆုပ်ကိုင်ကာ ပယ်ပယ်နယ် နယ်ကြီး နှုတ်ဆက်သည်။ 'သေဟ' ဟု ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်



www.burmeseclassic.com

လက်ပျက်တွေးရင်း မည်သို့ ထလစ်ရမည်ကိုသာ တွေးနေဖြစ်သည်

"ကုန်ကြမ်းဆိုတာထက် . . ဘ၀ဒဿနတွေဆိုရင် ပို မယ် . . နေဦး . . ပိုဒိုမိုလီ . . အဲ . . ဟုတ်ပေါင် . . ဟို . . ဖိ ဆိုဖိပေါ့ကွာ . . ဟုတ်တယ် . . ဖိလိုဆိုဖိ"

ဆရာသမားက အခုထိ ကျွန်တော့်လက်ကို မလွှတ်သေး ရင်းဘိုလိုမှတ်တိုင်း စင်စင်လာသော တံတွေးစက်တို့က ကျွန်တေ အကျီပေါ်သို့ ဟိုတစ်စက်၊ ဒီတစ်စက်ကျလာသည်။ လက်ကို မသိ သာ ကြိတ်ဆွဲကြည့်သော်လည်း မရ။ ဆရာသမားက ပြုတ်တူကဲ့ မြဲမြံစွာ ဆုပ်ကိုင်လို့ ထားသည်။

"အဲဒီ ဖိလိုဆိုဖိနဲ့ပတ်သက်တဲ့ အမှားတွေအကြောင်း အစ်ကိုပြောပြမယ် . . . ဒီလိုကွ . . မင်းလည်း သိပြီးသားဖြစ်ချင်ဖြ မှာပါ . . ."

ဆရာကြီးလေသံဖြင့်ဆိုရင်း ကိုသံချောင်းက အရက်ခွက် ဘယ်လက်ဖြင့် လှမ်းယူရင်း တဂွပ်ဂွပ်သောက်သည်။ ညာလက်က ကျွန်တော့်ညာဘက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားဆဲ။ 'မှားပြီ သေစမ်း' ဟုတွေးရင်း ကျွန်တော် အကြံတွေ ဉာဏ်တွေကို သဲကြီး ကြီး ထုတ်နေဖြစ်သည်။

လစ်တော့မှဖြစ်မည်။ ဒီလူဆီက မည်သည့်ကုန်ကြမ်း ရမည်မဟုတ်။ မူးမူးနှင့် သောင်စဉ်ရေမရ လျှောက်ပြောနေသမျှ နားထောင်ပေးနေလည်း အကျိုးရှိမည်မဟုတ်။

"အမှားတွေထဲမှာ ပြင်လို့မရတဲ့ အမှားသုံးခုရှိတယ်။ ဘာ . . အိမ်ထောင်မှု၊ ဘုရားတည် . . နောက်တစ်ခုက ဗမာလို ဘယ် ပြောပါလိမ့် . . . Tattoo ကွာ . . ဩော် . . ဟုတ်ပြီး ဆေးမ ကြောင် ထိုးတာကွာ . . Tattooing ပေါ့ကွာ . . ."

အရေးထဲ ဆရာသမားက ဘိုလိုကကို မချ။ အလျဉ်းသ





ချင် သင့်သလို ညှပ်ကာ ညှပ်ကာဖြင့် ဆိုဖြစ်အောင်ဆိုသည်။

"အစ်ကိုက အဲဒီအထဲက နှစ်ခုကို သွားမှားတာကွ။ တစ်ခုက မင်ကြောင်ထိုးတဲ့ အမှား၊ နောက်တစ်ခုက အိမ်ထောင်ပြုမှား အမှား . . ."

*"ဟုတ်တော့ ဟုတ်နေပြီ" ဟု ကျွန်တော် တွေးဖြစ်သည်။*

တရက် တစ်ခုခုကိုချိန်းထားတာ သတိရချင်ယောင်ဆောင်ပြီး စ်ရင်ကောင်းမလားဟု ကျွန်တော် တွေးသည်။

ဘယ့်နှယ် . . ခြောက်တန်းပင်မအောင်သော လူက . . တစ်ယောက်ရထားခြင်းကိုပဲ မှားနေသေးသည်တဲ့။ မိန်းမ ပ်သွားလျှင် အဘိဓာန်လှန်။ အင်္ဂလိပ်စာကို မီးကျိုးမောင်းပျက် က်ကျက်။ လူအထင်ကြီးအောင် ညှပ်ညှပ်ပြော။ ပြီး အရက် သေးတမြမြ လုပ်နေတတ်သော ဒီလိုလူနောက်ကို 'ကုန်ကြမ်း' သော အသံကြားရုံနှင့် ကောက်ကောက်ပါအောင် လိုက်လာမိ ည်တိုက ကျွန်တော့်အမှား။

"တကယ်တော့ အစ်ကိုလက်ဖျံမှာ မော်လို့ ထိုးထားပြီးကာ . . မော်လေးနဲ့ဖူးစာမဆုံဘဲ သူညီမ မြင့်နဲ့ဖူးစာလာဆုံတော့ ဇော တ အစ်ကိုပြောတဲ့ အမှားနှစ်ခုစလုံးကို အစ်ကိုမှားတော့တာပဲ"

ဘေးဝိုင်းမှ 'ခွီး' ခနဲ ရယ်သံကို ကျွန်တော်ကြားရသည်။ သော် ဆရာသမားကတော့ လုံးလုံးကြားဟန်မတူ။ တင်ပို မြင့်နေ သော မုဒ်ကို ဆက်ထိန်းထားရင်းက . . .

"မင်းသိတဲ့အတိုင်း မော်က ဆရာဝန်ကွာ . . မြင့်က သူနာ ရာမ။ ဘယ်လောက် Life ချင်း ကွာခြားလဲ . . ."

ဖတ်ခနဲပါးပေါ်လာစင်သော တံတွေးကိုသုတ်ရင်းကျွန်တော် စိတ်ပေါက်လာသည်။ ညာလက်ကို မသိမသာဆွဲသော်လည်း လုံး ဆွဲလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေက အစ်ကို့ကို ပြောကြတယ်။ မြင့်နဲ့ရတာတော ကံကောင်းတဲ့။ မြင့်နဲ့တောင် အစ်ကိုက မတန်ဘူးတဲ့ကွာ။ မော်နဲ့ဆိ ဝေးရောတဲ့။ ပြောကြတာ ပြောကြတာ။ အစ်ကိုက နွားကျောင်းသာ မှမဟုတ်တာ။ ဘာပြောပြော အစ်ကိုလည်း ခြောက်တန်းအထ ကျောင်းတက်ဖူးတဲ့ကောင်ပဲ စာမတတ်ပေမတတ် ကြက်ခြေခတ်ကို လက်မှတ်လုပ်ထိုးရတဲ့ လူမျိုးမှမဟုတ်တာ။ သံချောင်းဆိုတဲ့ လက်မှတ် ကို အစ်ကိုကောင်းကောင်းကြီး ထိုးတတ်တယ် . . ."

ပြောရင်း ပြောရင်းနဲ့ ဆရာသမားက မုဒ်တွေဝင်ပြီးရင် ဝင်လာသည်။ အားရပါးရ ပြောချိန်မှာ မာန်ပါလွန်း၍ သူဆုပ်ထာ သော ကျွန်တော့်လက်ကို ညှစ်လိုက်၊ စကားဆက်ပြောလိုက်ဖြင့် ကျွန်တော့်လက်မှာ အတော်နာလာသည်။

"ဟာ . . အခုမှ သတိရတယ် . . အစ်ကို ကျွန်တော် ချိန် ထားတာလေး ရှိ . . ."

"ပလိစ် . . ငါ့ညီ . . ပလိစ် . . ပလိပါကွာ . . မသွားသေ ပါနဲ့ဦး . . သိုင်းခရှူ . . အစ်ကို မင်းကို ကျေးဇူးတင်တယ် . . အစ်ကို ကို ဒီအတိုင်းတန်းလန်းကြီး မထားခဲ့ပါနဲ့ . . အစ်ကို့ကို ဟတ်ဖီး မင်း မထားခဲ့ပါနဲ့ကွာ . . အစ်ကိုဆက်ပြီး ရင်ဖွင့်ပါရစေ . . အစ် ကြိတ်ခံစားရတာတွေ များလွန်းလို့ပါကွာ . . ."

"ကျွန်တော် တကယ်ချိန်းထားတာ ရှိလို့ပါ . . အရေးကြီ လို့ပါ . . ."

"ပလိစ် . . ငါ့ညီ . . ပလိစ် . . ပလိစ် . . အစ်ကိုမင်းက သိုင်းခရှူးမှာပါ . . ဆုံးအောင်တော့ နားထောင်သွားပါကွာ . . အစ်ကို့ဘဝနဲ့ရင်းပြီး ရခဲ့တာတွေကို မင်းအတွက် ကုန်ကြမ်းပေး တာပါ . . ."

တဖြည်းဖြည်းနှင့် အက်စ်သံတွေ ပျောက်လာသည်





တွေးစင်တော့ အတော်လေး သက်သာလာသည်။

အမူးသမားကလည်း အမူးပါးမို့ ကျွန်တော့်လက်ကို လုံးလုံး ွတ်။ မသိမသာ ရုန်းလေ . . ခပ်တင်းတင်းဆုပ်လေမို့ ပိုလို့နာ သည်ကလွဲပြီး ဘာမှမထူးခြား။ ထို့ကြောင့် ပေါက်သည့်နဖူး မထူး ာ ဟုတွေးရင်း သည်းခံကာ ဆက်ထိုင်ရတော့သည်။

နာရီကိုကြည့်လိုက်တော့ ညနေခြောက်နာရီခွဲ။ ဆိုင်ရှင် ဦး တ နီကျင့်ကျင့် မီးတစ်ပွင့်ကို ထဖွင့်ပေးသည်။

ဆရာသမားကတော့ ကျွန်တော့်ညာလက်ကို သူ့ညာလက် ဆုပ်ထားရင်း ဘယ်လက်နှင့်ပင် အရက်သောက်ကာ ဘယ်လက် င် အမြည်းစား၏။

"လူယောကျ်ားတစ်ယောက်နဲ့ လူမိန်းမတစ်ယောက်ကို တန် ယ် မတန်ဘူးလို့ သတ်မှတ်ကြတဲ့ လူတွေဟာ တကယ်တော့ ဂျင် ယ်နောလစ်ရှ် နည်းလို့ပါ . . ."

နောက်သို့ ကိုယ်အနည်းငယ် ယိုလိုက်နိုင်၍ တံတွေးမစင် ်၊ ဩော် . . လူတွေကပဲ . . General Knowledge နည်းနေ သည် တဲ့။

"မင်းရေးထားတဲ့ ဝတ္ထုဆိုလို့ ငါဖတ်ကြည့်လိုက်တာ အဲဒီမှာ ငါကြိုက်လွန်းလို့ လူတကာကိုတောင် ရွတ်ရွတ်ပြနေကျ . . . တစ်ပုဒ်ကွာ . . ဘာတဲ့ . . ."

"ကောင်းကင်နဲ့မတန်တဲ့ ကြယ်ဆိုတာ . . .

ရှိလို့လား" တဲ့။

အဲဒီ့ အဲဒီ့ ကဗျာကွာ။ အဲဒီကဗျာက ဟောဒီ ငါ့ရင်ဘတ်နဲ့ လာရိုက်မိတယ် ငါ့ညီ။ ငါ ကြိုက်တယ်ကွာ . . ဟုတ်တယ်။ ောင်းကင်နဲ့မတန်တဲ့ ကြယ်ဆိုတာ မရှိဘူး . . အဲဒီလိုပဲ . . ခြောက် န်းမအောင်တဲ့ငါနဲ့ မတူဘူး မတန်ဘူးဆိုတဲ့ မိန်းမ . . နိုး . . မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး . . ."

"နေရင်းထိုင်ရင်း ကိုယ့်ရူးကိုယ်ပတ်ဖြစ်နေပြီဟ" ဟု တွေ ရင်း ခေါင်းကို ဘယ်လက်ဖြင့်ပင် ကုတ်ဖြစ်သည်။ အရေးထဲ ဆရ သမားက ကိုယ်တောင် မေ့တေ့တေ့ဖြစ်နေသော ကဗျာကို အလွ များပင် ရွတ်ပြနေလိုက်သေး။ ကျွန်တော့်မှာ ထောက်ပဲ ထောက်ခံ တော့မလိုလို။

"တကယ်တော့ သူတို့ဘာသာသူတို့ ဂျင်နရယ်နောလစ် နည်းတာနဲ့ အမြင်ကျဉ်းနေကြတာ။ လောကကြီးကို ဘောင်တွေခတ် ပြီး ကြည့်နေကြတာ။ လောကကြီးမှာ ခြောက်တန်းအောင်တဲ့လူက ခြောက်တန်းအောင်တဲ့လူနဲ့ပဲ ရစေ။ ဆရာဝန်က ဆရာဝန်နဲ့ပဲ ယူ စေဆိုတဲ့ ဖော်မြူလာတွေကို ငါမုန်းတယ်။ လောကကြီးမှာ ငါလို ခြောက်တန်းမအောင်တဲ့လူကလည်း မော်လို ဆရာဝန်နဲ့ ရသင့်တယ် အဲဒီ သမားရိုးကျ ဖော်မြူလာတွေကို ရိုက်ချိုးပစ်သင့်တယ်။ ဒါ . . ဓ . . မဲ့ . . ကွာ . . ငါ ဆရာဝန်နဲ့မရဘဲ သူ့ညီမနာ့စ်မနဲ့ ညားခဲ့တယ် မဖြစ်သင့်ဘူးကွာ . . လုံးဝမဖြစ်သင့်ဘူး . . ."

ဆရာသမားက သူဆရာဝန်နှင့်မညားဘဲ နာ့စ်မနှင့်သ ညားရခြင်းအပေါ် မည်မျှခံစားနေရသည်မသိ။ မျက်ရည်များပ တစ်လုံးပြီးတစ်လုံး ခြွေပြနေလိုက်သေးသည်။

"လောကကြီးမှာ အဲဒီ ဖော်မြူလာတွေ မရှိသင့်ဘူးမဟု လား . ."

နောက်ဆုံးတော့ ဆရာသမားက ရင်ဖွင့်ရုံတင်မက သူ့ခံ ချက်တွေကိုပင် ထောက်ခံချက်တောင်းနေသေးသည်။ ကျွန်တေ လည်း မြန်မြန်ပြီး နားအေးသက်သာစေတော့ဟု . . .

"မှန်တာပေါ့ . . ကိုသံချောင်းရာ . . မရှိသင့်ဘူး . ."

"ဒါပဲလေ . . ဥပမာ ငါ့ညီရာ . . မင်းလိုပညာတတ်ဘွဲ့





. . စာရေးဆရာတစ်ယောက်နဲ့ . . ငါ့ညီမလို သုံးခုလပ် ပန်းရံ အလုပ်ကြမ်းသမနဲ့လည်း ညားချင်ညားမှာပဲ . . မဟုတ်ဘူးလား . ."

"ခင်ညာ . . ."

ကျွန်တော် ကြက်သီးများပင် ထ၍သွားသည်။ သူ့ဥပမာက သူ့ညီမ သုံးခုလပ်ပူပူနွေးနွေး ရုပ်ခပ်ဆိုးဆိုးကြီးကို ကျွန်တော်နှင့် အာသမတ်ကျကျ တွဲပေးနေပြန်သည်။ သူ့ကျတော့ ဆရာဝန်မနဲ့ ဆိုပဲ . . .။

"မ ခင်ဗျာနဲ့။ ငါက ဖြစ်တတ်တဲ့ လောကကြီးရဲ့ အဖြစ် အပျက်တွေကို ဥပမာပေးနေတာ . . ကဲ . . မင်းလည်း ငါ့ညီမ သုံး ခုလပ်နဲ့ မညားသွားနိုင်ဘူးလား . . ."

"အာ . . ဒါတော့ . . ."

"ဟကောင် . . မင်း . . မင်း စာရေးဆရာ မဟုတ်ဘူးလား"

"ဘာ . . ဘာဆိုင်လို့လဲဗျာ . . ."

"ဆိုင်တယ်ကွ . . ဆိုင်တယ် . . စာရေးဆရာဆိုတာ လော ကကြီးရဲ့ဖြစ်တတ် ပျက်တတ်တာ မှန်သမျှကို အရှိအတိုင်းလက်ခံ ဆရမယ်။ အခုတော့ မင်းက အနုပညာသမားစစ်စစ်မှမဟုတ်ပဲ။ မင်းလည်း လူတွေထဲက လူပဲ။ လောကကြီးကို ဘောင်ခတ်ပြီး ဖော် မြူလာတွေနဲ့ နေချင်တဲ့ကောင်။ ငါ့ သီအိုရီတွေနဲ့ လုံးဝ ဆန့်ကျင် ဘက်ပဲ . . ."

"ဒါ . . ဒါဆို . . ကျွန်တော် သွားတော့မယ်ဗျ . . ."

"နေဦး . . ."

"မနေတော့ဘူးလေဗျာ . . အစ်ကို့ သီအိုရီတွေနဲ့ ဆန့်ကျင် ဘက် ဖြစ်နေမှတော့ . . ."

"ရတယ် . . လောကကြီးရဲ့ ဆန့်ကျင်ဘက် သဘောတရား တွေကို ငါကောင်းကောင်းကြီး နားလည်တယ်။ ကိစ္စမရှိဘူး . . ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရအောင်ညှိမယ် . . .”

“အကွက် ဆိုက်ပြီဟ” ဟု ဝမ်းသာအားရ ထရပ်သော ကျွန်တော့်ကို ဆရာသမားက ခပ်ဆောင့်ဆောင့်ပင် ပြန်ထိုင်စေသည်။ ‘ရအောင်ညှိမယ်’ ဆိုသော စကားကြောင့် ကျွန်တော် ငိုချင်သွားသည်။ “သူညီမ သုံးခုလပ်နှင့် ကျွန်တော့်နှင့် ညားမသွားနိုင်ဘူးလား” ဆိုသော ၎င်း၏အမေးကို ကျွန်တော်က “ညားနိုင်တာပေါ့” ဟု မထောက်ခံမချင်း ဆရာသမားက ကျွန်တော့်ကို ပေးပြန်မည်မဟုတ်။

“မင်း . . အဲဒီကိစ္စကို ခေါင်းပူနေရင် . . အသာလေး ထားလိုက် . . ငါ့အကြောင်းကို ပြန်လှည့်ရအောင် . . .”

“ဗျာ . . .”

“မဗျာနဲ့ . . ငါ့ညီမနဲ့ မင်းနဲ့ကိစ္စကို အသာထားလိုက် . . ငါနဲ့ ငါ့မိန်းမဘက်ကို ပြန်လှည့်မယ်။ ပြီးတော့မှ ငါ့ညီမနဲ့ မင်းနဲ့ကိစ္စကို ပြန်စဉ်းစားမယ် . . .”

“သေဟ” ဟု ကျွန်တော် တွေးဖြစ်သည်။ ကြည့်စမ်း . . ပြောပုံက “ငါ့ညီမနဲ့ မင်းကိစ္စ” တဲ့။ ဘေးလူတွေသာကြားရင် တစ်မျိုးတစ်မည်ထင်သွားနိုင်သည်။ သူညီမနဲ့ ကျွန်တော်နဲ့ကပဲ ဘာဖြစ်နေသလိုလို၊ ညာဖြစ်နေသလိုလိုကြီး။ ဘေးဝိုင်းများကို ကျွန်တော်လှည့်ကြည့်ကြည့်တော့ ဝိုင်းအားလုံးက သူ့ဝိုင်းနှင့်သူ အာရုံတွေကိုယ်စီရှိနေကြသည်မို့ တော်ပါသေးရဲ့ဟု ကျွန်တော် သက်ပြင်းကိုသာ ခပ်ကြမ်းကြမ်း ချဖြစ်သည်။ ဘယ်လို ပြန်ရပါ့ ဟုတွေးရင်း နာရီကိုကြည့်တော့ အချိန်က ခုနစ်နာရီ မတ်တင်း။

“အစ်ကို . . ကျွန်တော် ချိန်းထားတာလေး ရှိသေးတယ်”

ဘယ်နှကြိမ်မြောက်မှန်းမသိသော ၎င်းစကားကိုဆိုရင်း ကျွန်တော်ထရပ်ရန်ပြင်သည်။ သို့သော် ဆရာသမားက ကျွန်တော့်လက်ကို ဘယ်ညာလက်နှစ်ဖက်စလုံးဖြင့် ဆွဲရင်းပြန်ထိုင်စေသည်။





“ခဏလေးပါကွာ . . ခ . . ဏ . . လေး။ ကဲ . . အစ်ကို အစ်ကို့ရဲ့ ဘဝဒုက္ခသနတွေကို အမြန်ဖြတ်ပေးမယ်ကွာ။ အဲ . . စောစောက ပြောလက်စ စကားတောင် ဘယ်ရောက်သွားပြီလဲ မမှတ်မိတော့ဘူး . . .”

ပြောလက်စ စကားမမှတ်မိတော့ရင် အသစ်ကနေများပြန်စနေမလား . . . ဟု တွေးရင်း ကျွန်တော် ခေါင်းတွေကြီးသွားရသည်၊ ထို့ကြောင့် ခပ်သွက်သွက်ပင် . . . .

“အစ်ကို . . ဆရာဝန်မနဲ့ မညားဘဲ . . သူညီမ နာ့စ်မနဲ့ ညားတဲ့အထိ ရောက်နေပြီ . . .”

“အေး . . အေး . . ဟုတ်ဟယ် . . ဟို မင်းနဲ့ငါ့ညီမနဲ့ ကိစ္စက နောက်မှ နောက်မှ ဆွေးနွေးမယ် . . .”

၎င်း စကားကြောင့် ကျွန်တော် နင်ခနဲဖြစ်သွားရသည်။ ‘ပြီထင်တာ . . မမေ့သေးဘဲကိုး’ ဟု ကျွန်တော် ခပ်ရွတ်ရွတ်ဖြစ်သည်။

“ထားလိုက်တော့ကွာ . . မော်နဲ့မရတဲ့ကိစ္စကို . . လောကကြီးမှာ ဖြစ်ပြီးသား ကိစ္စတွေ ပြန်မပြောတာ ကောင်းတယ် . .”

“ဒါဆိုလည်း ပြောမနေတော့နဲ့ဗျာ . .” ဟု စိတ်ထဲမှာ ခပ်ချဉ်ချဉ်ဖြင့် ဆိုဖြစ်သည်၊ နှုတ်ကတော့ ထုတ်မပြောဖြစ်။ တော်ကြာ . . အတောမသတ်နိုင် . . မပြီးနိုင်၊ မစီးနိုင် ဖြစ်သွားလိမ့်မည်။

“အခုလက်ရှိ . . ငါ့မိန်းမနဲ့ငါနဲ့ အိမ်ထောင်သက်တမ်း နှစ်နှစ်မှာ ငါ ဘာမှအလုပ်မလုပ်တဲ့အပေါ်ကို လူတွေက ကဲ့ရဲ့ကြတယ် . . .”

“ဟုတ်တာပဲလေ . . ခင်ဗျား နေ့တိုင်းနေ့တိုင်း သောက်တာလွဲပြီး ဘာအလုပ်မှမလုပ်တာ . .”

ဒါ ကျွန်တော့်စိတ်ထဲက စကားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မိန်းမက နာ့စ်မကွ . . ငါက ကူလီထမ်းနေရင် ဆိုက်ကားနင်းနေရင် ငါ့မိန်းမ သိက္ခာမကျပေဘူးလား . . ငါ့မိန်းမရဲ့ သိက္ခာအတွက် ဘယ်ကြုံရာ ကျပန်းအလုပ်ကိုမှ ငါမလုပ်တာပါကွာ . . ငါလည်း အလုပ်လုပ်ချင်တာပေါ့ . . ."

"ဒါဆိုလဲ . . ပန်းရံတွေဘာတွေ လိုက်လုပ်ပေါ့ဗျာ . ."

"ဘာကွ . . ."

ကျွန်တော် ခပ်ချဉ်ချဉ်ဆိုသော အကြံပေးစကားကို ဆရာသမားက 'ဘာကွ' ဟုဆိုရင်း ဒေါထသည်။ ခြောက်တန်းပင် မအောင်သော သူ့အတွက် ကိုယ်ပိုင်မဟုတ်သော သူတစ်ပါး၏ နေ့စားအလုပ်မှာ သိပ်များများစားစား မရှိသည်ကိုး။ ၎င်း၏ ပညာအရည်အချင်းနှင့် ကုမ္ပဏီမန်နေဂျာတွေ ဘာတွေဖြစ်ချင်ရင်လည်း ကိုယ်ပိုင် ကုမ္ပဏီထောင်မှပဲ ဖြစ်လိမ့်မည်။ ကျွန်တော့်အပြောကြောင့် ဆရာသမားက ဒေါသဖြင့် အသက်ကို ခပ်ပြင်းပြင်းရှူသည်။

"ငါ့မိန်းမရဲ့ သိက္ခာနဲ့ ဒီလိုအလုပ်မျိုး သွားလုပ်လို့ ဘယ်ရမလဲ . . ."

"ဒါဆိုလည်း ဘာမှ မလုပ်နဲ့ပေါ့ဗျာ . . ."

"အေး . . အဲဒါပဲ . . ငါ့အနေအထား . . ငါ့မိန်းမအနေအထားနဲ့ တော်တန်ရုံအလုပ်တွေ သွားလုပ်လို့ မရဘူးကွ . . ."

"မှန်လိုက်လေ . . ကိုသံချောင်းရာ . . ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျ . . ."

အမြင်ကတ်ကတ်ရှိသည်နှင့် တမင်ပင် ရွဲ့ကာမှ ဆရာသမားက 'အေး . . အဲဒါပဲ'တွေ ဘာတွေ ထလုပ်ကာနေသည်။ မထူးတော့ပြီမို့ တမင်ပင်ဆက်ပင့်ပေးသည့်အနေနှင့် 'ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျ' ဟု ကျွန်တော် ထောက်ခံပစ်လိုက်သည်။

ကျွန်တော် အားပါးတရ ခပ်ရွှတ်ရွှတ်ဖြင့် ထောက်ခံသော်





လည်း ဆရာသမားကတော့ မုဒ် ချိန်းသွားပြီဖြစ်သည်။ ဆတ်ဆို မျက်ရည်တွေ ဝေ့ဝဲပြီး ပေါက်ခနဲ၊ ပေါက်ခနဲ ပါးပြင်ပေါ်သို့ တစ်ပေါက်ပြီးတစ်ပေါက် လိမ့်ကာ လိမ့်ကာကျသည်အထိ မျက်ရည်မိုးတွေ ရွာချပြီးကာမှ . . .

"လူတွေကတော့ ငါ့ကို မိန်းမ ထဘီနားခိုစားတဲ့ကောင်လို့ ထင်ကြမှာပဲ . . ."

"ဟုတ်နေတာကိုး . . ." ဟု ကျွန်တော့် စိတ်ထဲမှ ဆိုဖြစ်သည်။ ဆရာသမားကတော့ ခံစားချက်အပြည့်ဖြင့် မာန်ပါပါ တစ်ချက် ရှိုက်လိုက်ရင်း . . . .

"တကယ်တော့ ငါလည်း အိမ်မှာ အလကားမနေပါဘူး"

"ဟာ . . ကိုယ့်မိန်းမအိမ်မှာ ကိုယ်နေတာပဲဗျာ . . အလကားနေရလို့ လစာပေးနေရသေးလို့လား . . ."

တမင်ပင် ရွဲ့မေးမေးသော ကျွန်တော့်စကားကြောင့် ဆရာသမားက တွန့်ခနဲ ဖြစ်သွားရင်း . . .

"အာ . . ငါက အဲဒါကို ပြောတာမဟုတ်ဘူးကွ . . အိမ်မှာ ငါ အလုပ်လုပ်တယ်ဆိုတာကို ပြောတာ . . တကယ်တော့ နေ့တိုင်း ညတိုင်း အိပ်ရာကနေ ငါးနာရီ ဒေါင်ဆိုတာနဲ့ နိုးနေပြီ . . အဲဒီမှာငါက မိန်းမကို နိုးတဲ့ပြီးတော့ . . ."

"ဟေ့လူ . . ဟေ့လူ ခင်ဗျားတို့ လင်မယားရဲ့အတွင်းရေး ကြီး ထည့်မပြောနဲ့လေဗျာ . . ကျွန်တော်က လူပျိုလေးဗျ . . ."

ဒီလောက်မှဖြစ်တဲ့ လူဆိုပြီး တမင်ပင် မုဒ်ပျက်သွားအောင် စကားကို ခပ်ရွှတ်ရွှတ်ပင် ဆိုဖြစ်သည်။

"ဟ . . အဲဒီဟာကို ပြောတာမဟုတ်ပါဘူးကွာ . ."

"ဒို့ . . အဲဒါ မဟုတ်တော့ . . ဘာတုံး . . ."

"ငါ့မိန်းမကို ငါးနာရီမှာနိုးတဲ့ပြီးတော့ ထမင်းထချက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောမလို့ပါ . . ."

"ဪ . . ဒါများဗျာ . . အဆန်းလုပ်လို့ . . တော်သေး တာပေါ့ . . ထမင်းထချက်ခိုင်းတာမို့လို့ . . ."

တမင်ပင် အငေါ်တူးသော ကျွန်တော့်ကို ဆရာသမားက "ဆန်းတယ်ကွ . . ငါ့ကောင်ရ . ." ဟု အစချီကာ . . .

"ဆန်းတယ်ကွ . . ငါ့ကောင်ရ . . ထမင်းချက်တာကိုပဲ . . ဟင်းက ဘာဟင်းချက်၊ ပြီးရင် ဈေးသွား ဘာဝယ်ခဲ့။ သမီးအတွက် ကျောင်းထမင်းချိုင့်ကို ဘယ်လိုထည့်ပေးလိုက်၊ ပြီးရင် ဆေးရုံသွား ရင်းနဲ့ သမီးကို တစ်ခါတည်း ကျောင်းပို့ခဲ့ဆိုတာတွေကို ငါကပဲ စီစဉ် ညွှန်ကြားပေးရတာကွ . . သူ့ည ဂျူတီတွေဘာတွေရှိတဲ့ရက်ဆိုရင် ငါတို့သားအဖ အဆင်ပြေပြေစားလို့သောက်လို့ရအောင် တစ်ခါ တည်း စီစဉ်ခဲ့ဖို့ကလည်း မှာရပြုရသေးတာ . . ."

"ဟာ . . တော်တော်ဦးနှောက်စားမယ့် ကိစ္စပဲဗျ။ ဒီလို အစီအစဉ်ကျကျ ခိုင်းတတ်ပြုတတ်ဖို့က တော်တန်ရုံ ဦးနှောက် လောက်နဲ့ ဘယ်စီမံခန့်ခွဲတတ်ပါ့မလဲ ကိုသံချောင်းမို့လို့ပေါ့ဗျာ။ ဒီ ပြင်လူဆို ဒါမျိုး ဘယ်ရပါ့မလဲ . . ."

အမြင်ကတ်ကတ်နှင့်ပင် တမင်ချွန်တွန်းလုပ်သော ကျွန်တော့်စကားကို ဆရာသမားက သဘောအခွေ့ကြီးခွေ့ကာသွား သည်။ 'မြန်မြန်ပြီး အေးရော့' ဟု တွက်လိုက်သော်လည်း တကယ် တမ်းကျ ဆရာသမားက မပြီးသေး။

"ဒါတင် ဘယ်ကသေးဦးမလဲ။ မိန်းမလစာထုတ်လာရင် တစ်ခါတည်းသိမ်းထားရတာ။ ပြီး တစ်လစာ အိမ်အသုံးစရိတ်ကို လောက်အောင် သမီးက တစ်နေ့မုန့်ဖိုးဘယ်လောက်။ ငါ့မိန်းမ အတွက် ဆေးရုံမှာ . . မုန့်လေးဘာလေး စားချင်စားလို့ရအောင် ဘယ်လောက် . . ငါ့အတွက်က သောက်ဖို့စားဖို့ ဘယ်လောက်ဆိုပြီး





အတွက်ငွေမျှအောင်ကလည်း ငါပဲထိန်းသိမ်းပြီး ငါပဲ ငွေကိုင်ရ . . ."

"ဘဏ္ဍာထိန်းပေါ့ဗျာ . . ."

"အေး . . မင်းပြောတာမှန်တယ် . . ဒီလို စီမံခန့်ခွဲနိုင်ဖို့ဆို လွယ်လား . . ."

"ဘယ်လွယ်ပါ့မလဲဗျာ . . ."

"ပတ်ဝန်းကျင်က လူတွေကို သိစေချင်တယ် . . အလုပ် အလုပ်ထဲမှာ ခေါင်းနဲ့လုပ်ရတဲ့အလုပ်က အခက်ခဲဆုံး၊ အပင် ဆိုတာ . . ."

"ခေါက်ထားလိုက်ပါဗျာ . . အစ်ကို လုပ်စရာရှိတာကိုသာ လုပ်၊ ကဲ . . အချိန်လည်း အတော်လင့်ပြီ . . ပြန်ကြရအောင် . . ."

"ပြီးတော့မှာပါ ညီလေးရာ . . ခဏလေး ဆက်ထိုင်ပေးပါ . . ."

ဝမ်းသာအားရဖြင့်စကားစဖြတ်ရင်း ထရပ်သော ကျွန်တော့် ဆရာသမားက ပေးမရပ်။ ရပ်ဟန်ပြင်တုန်းမှာပင် ဆတ်ဆို ထ သွားသည်။ ကျွန်တော် အံကိုကြိတ်ကာ သက်ပြင်းကိုမျှင်းကာချ ၏ 'လိုချင်ဦးဟဲ့ . . ကုန်ကြမ်း' ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင် သည်။

"အဆုံးသတ် ပြောရမယ်ဆိုရင်တော့ကွာ . . ရတာမလို၊ ဘာမရတဲ့ လောကကြီးနဲ့ သဟဇာတဖြစ်အောင် အစ်ကို ကြိုးစား နေရတာပါ ငါ့ညီရာ။ ငါ့ညီလို သူတစ်ဖက်သားရဲ့ ရင်ဘတ်ကို စွန်နားလည်ပေးနိုင်စွမ်းတဲ့ စာရေးဆရာလို လူတွေကလွဲရင် တော်တန်ရုံလူက အစ်ကိုရဲ့ဘဝရပ်တည်မှုကို ဘယ်နားလည်ပေးနိုင် မလဲ . .။ နားမလည်ပေးနိုင်တာ အသာထား အခုက လူကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းချော မြှောင်းပြောနဲ့ ကဲ့ရဲ့ကြတာ အစ်ကို . . အစ်ကို . . မ
နိုင်ဘူးကွာ . . . အီး . . ဟီး . . ဟီး . . ရှုတ် . . . "

နောက်ဆုံးပိတ် . . 'အဆုံးသတ်' ဆိုသော စကားကြော
ဘတလုနီးနီး ဝမ်းသာသွားသော ကျွန်တော့်၏ ဝမ်းသာမှုကား ကြ
ရှည်မခံ။

ဆရာသမားက ပြောရင်းဆိုရင်းနှင့် 'ဝါး' ခနဲ ထကာ
လိုက်သောအခါ ပေရှည်နေဦးမည်လား ဟု တွေးရင်း ကျွန်တော်
စိတ်လေသွားရသည်။

"အစ်ကို . . အ . . အရမ်း . . . ဝမ်းနည်းတယ် . . ငါ့ညီ
ရာ . . . "

"ကျွန်တော်လည်း အရမ်းဝမ်းနည်းတယ်ဗျာ . . လဲသေချ
လောက်အောင်ကို ဝမ်းနည်းတယ် . . . "

စိတ်ပေါက်ပေါက်ဖြင့် အငေါ့တူးသည်ကို အငေါ့တူးလို့ တူ
မှန်းမသိသော သကောင့်သားက သူ့ကို ကိုယ်ချင်းစာကာ သူနှင့်
အတူ လိုက်ပါခံစားပေးနေသည်ဟု တွက်ကာ ကျေးဇူးထွေ စွတ်တင်
နေပြန်သည်။

"ကျေးဇူးပါပဲကွာ . . အစ်ကို ကြေကွဲသလို . . အ . . အစ်ကို
ဝမ်းနည်းသလို ထပ်တူလိုက် ဝမ်းနည်းပေးတဲ့ . . အ . . အတွက်"

"ဘယ်ကလာ ထပ်တူရမှာလဲ အစ်ကိုရာ . . ဆယ်ဆပိုတယ်
ဗျ . . ဆယ်ဆ . . .၊ တကယ့် တဏှယ်ကြီးကို စိတ်မကောင်းဖြစ်
သွားတာ . . လဲသေချင်လောက်အောင် ဝမ်းနည်းသွားတာပါဆို . .
အဟုတ် . . . "

အမြင်ကတ်ကတ်နှင့်ပင် ရွဲ့တဲ့တဲ့ ကျွန်တော်ဆိုဖြစ်သည်။

"ယုံပါတယ်ကွာ . . မင်းတို့က အရာရာကို နှလုံးသားနဲ့
ခံစားတတ်တဲ့ စာရေးဆရာတွေပဲ ဥစ္စာ။ ဒီလောက်ဝမ်းနည်းဖို့





ကောင်းတဲ့ ငါ့ဘဝကိုမှ လိုက်မကြေကွဲရင် ရင့်ဘတ်မရှိလို့ပဲ . . အဲ
ဟီး . . အီး . . အီး . . ရှုတ် . . . "

ပြောရင်းဆိုရင်း ဆရာသမားက အရက်မူးမူးနှင့်ကျသော
မျက်ရည်တို့ကို လည်းကောင်း၊ မျက်ရည်နှင့်ဖွားဘက်တော်ဖြစ်သော
နှာရည်တို့ကို လည်းကောင်း၊ ပုဆိုးစဖြင့် တရှိုးရှိုး ညှစ်ရင်းနှပ်သုတ်
သည်။

ထိုပုဆိုးကို မြင်ဖူးသလိုလိုရှိသည်မို့ ကြည့်ရင်း ကြည့်ရင်းက
ချက်တရက် ကျွန်တော်အံ့အားသင့်ကာ တွန့်ခနဲဖြစ်သွားရသည်။
ထိုပုဆိုးက ကျွန်တော့်ပုဆိုး . . .

"အာ . . အစ်ကို မလုပ်နဲ့လေဗျာ . . အစ်ကို နှပ်ညှစ်နေ
တာ . . ကျွန်တော့်ပုဆိုးကြီးဗျ . . . "

ရှုံ့ရှုံ့ဖြင့်ဆိုသော ကျွန်တော့်စကားကို ဆရာသမားက မမှု၊
အေးအေးဆေးဆေးပင် တုံ့ပြန်သည်။

"ရပါတယ် . . ကိစ္စမရှိပါဘူး . . . "

"ဘာဗျ . . ဘာဖြစ်လို့ ကိစ္စမရှိရမှာလဲ။ ခင်ဗျားဗျာ . . နှပ်
သုတ်ချင်ရင် ကိုယ့်ပုဆိုးနဲ့ကိုယ် သုတ်ပေါ့ဗျ။ အခု ခင်ဗျားက
ကျွန်တော့်ပုဆိုးနဲ့ သုတ်နေတာဗျ . . . သိရဲ့လား . . . "

ဒေါသဖြင့် ထအော်သော ကျွန်တော့်ကို ဆရာသမားက
အေးအေးဆေးဆေးပင် တုံ့ပြန်သည်။ တုံ့ပြန်သော စကားများက
သည်း စောစောကလိုပင် . . .

"ရပါတယ်ဆိုကွာ . . ကိစ္စမရှိပါဘူး . . . "

"ဒါ ကျွန်တော့်ပုဆိုး . . အခု ခင်ဗျား နှပ်သုတ်နေတာ
. . ခ . . ခင်ဗျား ပုဆိုးမဟုတ်ဘူး . . ကျွန်တော့်ပုဆိုး . . လို့ . . ပ
ပြောနေတာ . . ကဲ . . ရှင်းလား . . . "

ဒေါသက ထွက်လာပြီမို့ ဆရာသမား၏ ပခုံးကို ဆွဲခါရင်း



www.burmeseclassic.com

www.burmeseclassic.com



အဆင်သစ်အငေါ့ငေါ့ဖြင့် ဆိုဖြစ်သည်။ သို့သော် နောက်ဆက်တွဲ ဆိုလာသော ဆရာသမား၏ စကားကြောင့် ကျွန်တော် အင့်ခနဲနေသွားရသည်။ ကြည့်ဦး ပြောလိုက်ပုံကလည်း . . .

"မင်းပုဆိုးဖြစ်လည်း ကိစ္စမရှိပါဘူးကွာ . . အစ်ကို မရွံ့တတ်ပါဘူး . ." တဲ့။

သူပြောတဲ့ ပုံစံက ကိုယ်ကပဲ လူတောမတိုးဘဲ နူနေရွဲ့နေသလိုကြီး။ တကယ့်ကို နင့်ခနဲ နေသည်။



"ဟား . . ဟား . . ဟား . . ဟား . . ဟား"

"ဟား ဟား. . ဟား . ."

"သူပြောတဲ့ပုံက မင်းကပဲ နူနေရွဲ့နေသလိုလိုကြီး"

"အေးကွာ . . ရပါတယ် . . ရပါတယ် . . ဆိုလို့ ငါက ဒေါသထွက်နေတာ . . သူ့စိတ်ထဲမှာ တစ်ရှူး ဒါမှမဟုတ် လက်သုတ်ပါမဟုတ်လို့ ငါကပဲ သူ့ကို အားနာလို့ ပြောနေသလိုလိုကြီး ထင်နေတယ်နဲ့တူပါတယ် . . ပြောချလိုက်တာ . . လူကို နင့်ခနဲ နေသွားတာပဲ . . ."

"ဘာတဲ့ . . မင်းပုဆိုးဖြစ်လည်း ကိစ္စမရှိပါဘူးကွာ . . . အစ်ကို မရွံ့တတ်ပါဘူးတဲ့ . . ဟုတ်လား . ."

ပြောရင်း သက်စိုးအောင်တို့တစ်သိုက် အားပါးတရ ရယ်မောကြပြန်သည်။

"နောက်ဆို မှတ်ထား ကုန်ကြမ်းဆိုတာနဲ့ နှံ့နှံ့တက်အောင် လိုက်မသွားနဲ့ . . အခု မင်းခံရတာ သင်ခန်းစာပဲ . ."



www.burmeseclassic.com

www.burmeseclassic.com



ခိုင်တိုးမောင်က ဆရာကြီးအထာဖြင့် ကျွန်တော့်ကို ဆိုသည်။

“ဒါပေမယ့် မင်းဝတ္ထုထဲက ကဗျာတွေတောင် အလွတ်ရနေတဲ့ ပရိသတ်ပဲကွာ . . နောက်ကြုံရင်လည်း ကြုံသလို ခေါ်ရာလိုက်သွားပေးလိုက်ပါ . . .”

“မင်းကြီးတော် ခေါ်ရာလိုက်သွားရမှာလား။ နောက်တစ်ခါကြုံရင် ဆွေးနွေးမှာက သူ့ရဲ့ အိမ်ဦးနတ်ကိစ္စမဟုတ်လောက်တော့ဘူးကွ . . . သူ့ညီမ သုံးခုလပ်နဲ့ငါနဲ့ သင့်၏၊ မသင့်၏၊ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကို အခြေအတင် ဆွေးနွေးတော့မှာပဲ . . .”

“ကောင်းတာပေါ့ကွာ . . .”

သက်စိုးအောင်က တခွီးခွီးရယ်ရင်း ကျွန်တော့်ကို စသည်။

“သူ့ညီမပါ ခေါ်လာရင် ဝိုင်းက ပိုစည်ကားသွားမယ် သိလား . . .”

လှိုင်ခန့်က အချွန်နှင့် ဝင်မရင်း တဟဲဟဲရယ်သည်။

“သူ့ညီမသုံးခုလပ် မည်းမည်းကြီးကလည်း ပြောပါလိမ့်မယ် . . စာရေးဆရာ မဖြစ်လည်းကိစ္စမရှိပါဘူး . . ကျွန်မရဲ့ အချစ်က လူမျိုးမရွေး၊ ဘာသာမရွေးပါလို့ . . အဟား ဟား ဟား . . .”

ခိုင်တိုး၏ စကားကြောင့် ကျွန်တော်အပါအဝင် အားလုံး တဝါးဝါးရယ်ဖြစ်ကြသည်။

လှိုင်ခန့်ကဆို မျက်ရည်များပင် ကျသည်အထိ အားပါးတရ ရယ်သည်။

“မင်းဘက်ကရော ဘယ်လိုစဉ်းစားထားလဲ . .”

“ဘာကိုလဲ . . .”

သက်စိုးအောင်၏အမေးကို ကျွန်တော် အူကြောင်ကြောင်ပင် ပြန်မေးဖြစ်သည်။





“အဲဒီ သုံးခုလပ်နဲ့ မင်းနဲ့ကိစ္စကိုပြောတာ . . .”

“ဟာကွာ . . ငါက အကောင်းမှတ်လို့ . . .”

“ရော် . . ဟိုက လူမျိုးမရွေး၊ ဘာသာမရွေးပါဆိုနေမှ၊ မင်း [illegible]ရာနှုန်းလေး ယူလိုက်တာမဟုတ်ဘူး . . ယူလိုက်တော့လည်း [illegible]တ်တင်တာပေါ့ကွ . . .”

“မင်းယူပါလား . . ခွေးကောင် . . .”

စကားအဆုံးမှာ တဟားဟားရယ်နေသော သက်စိုးအောင်ကို ကျွန်တော် ဆဲရေးဖြစ်သည်။

“သူနဲ့သာ ယူလိုက်လို့ကတော့ မင်းသူတို့မောင်နှမနှစ်[illegible]က်ဆီကနေ ကုန်ကြမ်းတွေ သဲ့ယူနေရုံပဲ။ ငါ့ကောင်နောက်မှ [illegible]တဲ့ငါး ကြီးတယ်မလုပ်နဲ့နော် . . .”

“ခွီးထဲမှပဲ . . . မင်းတို့ တခြားအကြောင်းပြောဖို့ မရှိဘူး[illegible] . .”

ကျွန်တော် ဒေါကန်ကန်ဖြင့် ဆိုဖြစ်သည်။

“အသားမည်းပေမယ့် အသည်းဖြူမှာပါကွ . . သူ့ခမျာ အခု သုံးခုလပ်လေးပဲရှိသေးတဲ့ ဥစ္စာ။ မင်း ဖေးဖေးမမရှိသင့်တယ်”

“တော်ပြီကွာ . . ငါ ပြန်တော့မယ် . . .”

တစ်ယောက်တစ်ပေါက်ဆီ ဝိုင်းစနေကြသော ခိုင်တိုးနှင့် [illegible]ခန့်က ဝိုင်းမှထသွားရန်ပြင်သော ကျွန်တော့်ကို ဝိုင်းဆွဲထားသည်။

“နေပါဦးကွ မင်းကလည်း ဘာလဲ . . မင်းက ယောကျ်ား[illegible]တန်မဲ့ စိတ်ကောက်တာလား . . .”

“အလုပ်ရှိသေးတယ်ကွ . .”

“ခဏလေးပါ မေးစရာလေးရှိလို့ . . .”

“မေးကွာ . . မြန်မြန်မေး . .”



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကြီးအောင့်ကြီးဖြင့် ပြန်ထိုင်သော ကျွန်တော့်ကို ကြည့်ရင်း သကောင့်သားများက သဘောတကျဖြင့် ရယ်ကြသည်။ ဦး ဘတ်စိုးအောင်က . . .

"မင်း အဲဒီ လူမျိုးမရွေး ဘာသာမရွေးကိစ္စကို ဘယ်လို ဆက်လုပ်မလဲ . . ."

"အာ . . ခွီးထဲမှပဲ . . ဖယ်ကွာ . . ."

ဝုန်းခနဲ ထထွက်လာသော ကျွန်တော့်နောက်မှာ တဝါးဝါး ရယ်သံက ကပ်ပါလာသည်။

"သုံးခုလပ်သာဆိုတယ်။ အခုထိ လတ်တုန်းနော်။ အဲလေ . . လှတုန်းနော် . . ငါ့ကောင် စိတ်ကူးမလွဲနဲ့ . . ."

"မင်းပဲ ယူ . . ."

ခိုင်တိုးက နောက်မှနေ လိုက်နောက်ဖြစ်အောင် နောက်နေ သေးသည်။ ကျွန်တော် လှည့်ကာ ပြန်ပက်သည်ကို ဆရာသမားက စိတ်မတိုသည့်အပြင် ရယ်၍ပင်နေနေသေးသည်။

"အဲဒီမှာ စတွေ့တာပဲ . . ."

လှိုင်ခန့်၏ အသံပြုကြီးက နောက်က ကပ်ပါလာသည်။ ပြော မနာ ဆိုမနာ ဘော်ဒါများမို့ တစ်ယောက်နှင့်တစ်ယောက် ချွန်နေကု တွန်းနေကျ။ ကျွန်တော့်ဘက်က ချွန်ခဲ့သမျှ သကောင့်သားများ ခံခဲ့ ဖူးသလို သူတို့ချွန်သမျှကိုလည်း ကျွန်တော် မရှုမလှခံခဲ့ဖူးသည်။

ကျွန်တော့်စာအုပ်ထွက်စက ကျွန်တော်၏နာမည်ကို အသုံး ချ၍ ဆရာသမားများ ချွန်တွန်းခဲ့ပုံကတော့ သင်းသည်။

အဲဒီ့နေ့တုန်းက ကျွန်တော်အခန်းထဲမှာ စာရေးနေတုန်း . .

"သားရေ . . ဧည့်သည်တစ်ယောက် အိမ်ရှေ့မှာ ရောက်နေ တယ် . . အိမ်ထဲဝင်ပါဆိုတာတောင် မဝင်ဘူး . . ဆရာ့ကို တွေ့ချင် လို့တဲ့ . . ငါ့သားတောင် နေရင်းထိုင်ရင်းနဲ့ ဆရာခေါ်တဲ့လူနဲ့ ဘာနဲ့"





"ဆရာ . . ."

ကျွန်တော် သံယောင်လိုက်ကာ 'ဆရာ' ဟုရေရွတ်ဖြစ်သည်။ ကျွန်တော့်လို စာရေးဆရာပေါက်စကို ဘယ်သူကမှလည်း အရေး ထားပြီး ဆရာဟု မခေါ်ခဲ့ဖူး။ 'ဘယ်သူပါလိမ့်' ဟု တွေးရင်း အိမ် ရှေ့ကို ထွက်ခဲ့သောအခါ တော်တော်ကြီးကို ခြယ်သထားသော အမျိုး သမီးတစ်ဦး မဝံ့မရဲဟန်ဖြင့် ရပ်နေသည်ကို တွေ့ရသည်။

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ ဒီက အစ်မထင်တယ်"

အိမ်အပြင်သို့ငေးနေသော အပျိုကြီးက ကျွန်တော့်အသံကို ကြားတော့ ပလုပ်တုတ်ဟု ယောင်ကာသွားသည်။ ပြီးမှ ကျွန်တော့်ဘက် လှည့်လာကာ အထက်အောက်ကြည့်ရင်း ရှက်တက်တက်ပြုံးကာ . .

"ဆရာက အတော်ငယ်သေးတာပဲ . . ."

"ခင်ဗျာ . . ."

ကျွန်တော့်ကိုကြည့်ရင်း ဇဝေဇဝါဖြင့်ဆိုသော အပျိုကြီး၏ စကားကြောင့် ကျွန်တော် အနည်းငယ်တော့ ကြောင်သွားရသည်။ ကျွန်တော် စာရေးဆရာဖြစ်ပြီးမှ ဘဝအကြောင်း ပြောပြချင်သူနှင့် ချစ်အကြောင်းပြောပြချင်သူနှင့် စသည်ဖြင့် ရင်ဖွင့်ချင်သူတွေ အလျှိုလျှိုပေါ်ပေါ်လာတတ်ကြသည်။ သို့သော် ဤအစ်မကြီးအရွယ် လောက် တစ်ယောက်မှမပါ။ တစ်ခုခုကို ပြောသင့်၊ မပြောသင့် ချိန်နေ ဟန်တူသော အပျိုကြီးမမက ကျွန်တော့်ကို အားနာနေဟန်ဖြင့် ကြည့်ရင်း . . .

"ဟို . . အားတော့နာပါတယ်ကွယ် . . . အိမ်ကို တစ်ချက် လောက် လိုက်ခဲ့ပေးပါလား . . ."

"ဗျာ . . ."

အပျိုကြီး၏ အပြောကြောင့် ကျွန်တော် ဆံပင်မွေးများ ထောင်ထသွားသည်အထိ ကြက်သီးထသွားရသည်။ 'ဘယ့်နှယ် ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးလဲ’ ဟုတွေးရင်း . . .

“ဟို . . ဘာ . . ဘာအတွက်လဲ မသိဘူးနော် . . .”

“အို . . ပြောရမှာ . . ‘မ’ ရှက်တယ် . . .”

ခေါင်းကြီးကို ငှတ်ငုံ့ရင်း လက်ဝါးနှစ်ဖက်ကို ပွတ်ရင်း အပျိုကြီးက ရှက်တက်တက်ဖြင့်ဆိုသည်။ သူရှက်နေတာကိုကြည့်ရင်း ကျွန်တော်မဆီမဆိုင်နှင့် သူ့ကိုအားနာကာလာသည်။

“လိုက်ခဲ့ပါ ဆရာရဲ့ . . ဟိုရောက်မှ . . အလုပ်ကိစ္စပြောကြတာပေါ့ . . .”

“ဒီမှာ ပြောလို့မရဘူးလား . . .”

“အာ . . ဆရာကလည်း . . ပြောရမှာ ရှက်ပါတယ်လို့ဆို”

‘ဘာကြီးလဲဟ’ ဟုတွေးရင်း ကျွန်တော် ကတုန်ကရင်ကြီးဖြစ်သွားရသည်။ ‘မတော်တရော်တော့ မဟုတ်လောက်ပါဘူးလေ’ ဟု ကျွန်တော် တွေးမိပြန်သည်။ မတော်တရော်၊ မဟုတ်တရုတ်ဆိုလျှင်လည်း အိမ်ထဲအထိ ဝင်ရဲမည်မဟုတ်။ စိတ်မနှံ့သော လူတစ်ယောက်တော့လည်း ဟုတ်ဟန်မတူ။

အပျိုကြီးက ‘ရှက်ပါတယ်လို့ဆို’ ဟု ဆိုရင်း ရှက်တက်တက်ဟန်ဖြင့် ခေါင်းကို အားပါးတရငုံ့ရင်း မျက်နှာကိုတစ်ဖက်သို့ ဆတ်ခနဲအလှည့်။

“ဟဲ့ . . ပလုပ်တုတ် . . .”

“ခွပ် . . .”

အပျိုကြီး၏ နဖူးနှင့်အလှဆွဲထားသော သစ်ခွအိုးကြီးနှင့် ခွပ်ခနဲ မိတ်ဆက်ကြသည်။ အရှက်လွန်ကာ ခေါင်းအလှည့်ကြမ်းသွားသောအပျိုကြီးက နဖူးကိုစမ်းရင်း တကျွတ်ကျွတ်ဖြင့် စုပ်သတ်သည်။

“နာ . . နာသွားလား အစ်မ . . .”

“နာတာပေါ့ ဆရာရယ် . . ကျွတ် . . ကျွတ် . . .”





အရှက်လွန်ကာ နာသွားသော အပျိုကြီးကိုကြည့်ရင်း အပျိုကြီး ပြောမထွက်သောကိစ္စကို ကျွန်တော် လျှောက်တွေးနေဖြစ်သည်။

“အိမ်က သိပ်မဝေးပါဘူး ဆရာရယ် . . ဆရာကလေ အသစ်ဆိုပေမယ့် အရမ်းကျွမ်းကျင်မှုရှိတယ် . . လုပ်တာကိုင်တာ သပ်ရပ်တယ်ဆိုလို့ တကူးတကလာခေါ်တာပါ။ ပြီးတော့လေ . . ဆရာ့ အတွက်အလုပ်က . . .”

“ခဏ . . ခဏလေး အစ်မ ကျွန်တော့်ဆီလာတာတော့ သေချာပါတယ်နော် . . .”

ဇဝေဇဝါဖြစ်လာသည်မို့ ကျွန်တော်မေးဖြစ်သည်။

“သေချာပါတယ် . . ဒီအိမ်ပါပဲ ညွှန်လိုက်တာ . . ဆရာက မြည့်ပိုင် . . . မဟုတ်လား . . .”

“အဲဒါတော့ ဟုတ်ပါတယ် . . ဒါနဲ့ အစ်မ အလုပ်ကိစ္စဆိုတာကို ပွင့်ပွင့်လင်းလင်းပဲပြောပါ . . အားမနာပါနဲ့ . . .”

စိတ်က နည်းနည်းတိုလာပြီမို့ ဒဲ့ဒိုးပင်မေးပစ်လိုက်သည်။ အပျိုကြီးက ရှက်တက်တက်ဟန်ဖြင့်ပင် . . .

“အေးလေ . . မပြောမပြီး မတီးမမြည်ဆိုသလိုပဲ . . အလုပ်ကိစ္စပြောမှ ဆရာလည်း ကိရိယာတန်ဆာတွေစုံအောင် ယူလို့ရမှာကိုး . . ဒီလိုပါ ဆရာ . . အိမ်က ဝက်သုံးကောင်ကို သင်းကွပ်ချင်လို့ပါ . . .”

“ဗျာ . . .”

အလန့်တကြား ‘ဗျာ’ သော ကျွန်တော့်ကိုကြည့်ရင်း အပျိုကြီးက ‘ပလုပ်တုတ်’ ဟု ထလန့်ပြန်သည်။

တစ်ယောက်ယောက် ချောက်ချလိုက်ပြီဆိုတာ ကျွန်တော်သိလိုက်သည်။ မျက်လုံးထဲမှာ စပ်ဖြီးဖြီးကြီးနှင့်လှိုင်ခန့်တို့သုံးကောင်၏ မျက်နှာတွေကို တန်းစီရင်း မြင်ယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောက် . . ."

"ဆ . . ဆရာ . . ဘာဖြစ်လို့လဲ ဟင် . . ."

တက်ခေါက်သော ကျွန်တော့်ကို အပျိုကြီးက မျက်နှာငယ်လေးနှင့် ထမေးသည်။

"ကျွန်တော့်ကို ဝက်သင်းကွပ်တဲ့ လူဆိုပြီး ဘယ်သူကညွှန်လိုက်တာလဲ . . ."

မခံချိ မခံသာဖြင့် မေးသော ကျွန်တော့်ကို အပျိုကြီးက ရှက်တက်တက်ဖြင့် ကြည့်ရင်း . . .

"ဘယ်သူရမှာလဲ မောင်လေးရဲ့ . . မောင်လေးရဲ့ အမြဲတမ်းဖောက်သည်တွေတဲ့ ဒီအိမ်ကိုရော . . မောင်လေးရဲ့နာမည်ကိုရော သေသေချာချာကို ပြောပြလိုက်ကြတာ . . ပြောလိုက်ကြသေးတယ် . . လောလောဆယ် မောင်လေးက အလုပ်ပါးနေတာတဲ့ . . သုံးကောင်လို့သာ ပြောလိုက်လို့ကတော့ မောင်လေး အရမ်းဝမ်းသာသွားမှာတဲ့။ နောက် မောင်လေးက ဖောက်သည်ရှာတဲ့အနေနဲ့ သုံးကောင်ဆိုရင် တစ်ကောင် ဒစ်စကောင့်ဆို၊ နှစ်ကောင်ဖိုးပဲ ယူတာတဲ့။ ဟုတ်လား . . ပြောကြသေးတယ် . . မောင်လေးက ပေါချောင်ကောင်းတဲ့ . . ."

ကျွန်တော့်မျက်နှာကို ရွှန်းရွှန်းစားစားကြီး ကြည့်ရင်း အပျိုကြီးက ကရားရေလွှတ် တတွတ်တွတ်ဆိုသည်။ ကျွန်တော့်မှာတော့ အင့်ခနဲ၊ အင့်ခနဲ။

"ပြောလိုက်ကြသေးတယ် . . မောင်လေးက နာလေးနာနဲ့ အလုပ်လုပ်တာတဲ့ . . . ဘာတဲ့ . . ဝါသနာရယ်၊ စေတနာရယ်၊ အနစ်နာရယ်အပြင် လက်ပါအနာခံပြီး အလုပ်လုပ်တာတဲ့။ ကဲ . . မောင်လေး အဲလေ . . ဆရာသွားရအောင်လေ . . စကားကောင်းနေတာနဲ့ပဲ အချိန်အတော်လင့်နေပြီ . . ."





အပျိုကြီးကို ကြည့်ရင်း ကျွန်တော်ငိုချင်လာသည်။ မည်သို့ ပြရမည်မသိ။ မရှင်းပြလို့ကလည်း ရမည်မဟုတ်။

"အစ်မ . . ."

"ပြောပါသရာ . . ဘာလဲ လက်ခကို ကြိုရှင်းခိုင်းမလို့လား . . ရ . . ရ . . ."

"မဟုတ်ဘူး . . ကျွန်တော်က တိရစ္ဆာန်ဆရာဝန်မဟုတ်ဘူး . . ."

"မနောက်ပါနဲ့ မောင်လေးရယ်။ အစ်မက သေသေချာချာ မြန်းပြီးမှ လာခဲ့တာပါ။ သူတို့က ပြောတယ်။ ပေါချောင်ကောင်း ပိုင်ဆိုရင် လူတိုင်းသိတယ်တဲ့ . . ."

'သေဟ' ဟုတွေးရင်း ကျွန်တော် ငိုချင်စိတ်ပင် ပေါက်၍လာ သည်။

"အော်သာငိုလိုက်ချင်တော့တာပဲ အစ်မရယ်။ ကျွန်တော်က ရေးဆရာပါ။ ဘုရားစူးရစေ့။ ကျွန်တော် အချွန်ခံရတာပါ . ."

"အို . . 'မ' ကတော့ စာရေးဆရာတွေထဲမှာ ဒီနာမည် ခါမှမကြားဖူးပေါင်"

ဟုဆိုရင်း အပျိုကြီးက အထွန့်တက်သည်။ 'မကြားဖူးပေါင်' သော စကားက ရင်ကိုတူဖြင့် အုန်းခနဲထုသလို နာစေသည်။ လွန်းသောစကားကို ကြားရသည်မို့ သိပ်တော့ နားဝင်မချို။

"ဘယ်ကြားဖူးမှာလဲ အစ်မရ . . ကျွန်တော်က အသစ်ပဲ သေးတာ . . ကဲ . . အခု အစ်မကို လမ်းညွှန်လိုက်တဲ့ လူတွေကိုပြ . . ကျွန်တော်လိုက်ရှင်းပေးမယ် . . ဘယ့်နှယ်ဗျာ . . နောက်စရာ နောက်စရာရှားလို့ . . တွေ့ကြသေးတာပေါ့ဗျာ . . ."

ဒေါသထွက်ထွက်ဖြင့် အကျီလက်ကို ခေါက်တင်ရင်းဆို သော ကျွန်တော့်ကိုကြည့်ရင်း အပျိုကြီးက လန့်သွားဟန်ဖြင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုအနည်းငယ်ဆုတ်သည်။ အလွန်အမင်း ဒေါသထွက်နေသည်ကို ကြည့်ရင်း ကျွန်တော် တိရစ္ဆာန်ဆရာဝန်မဟုတ်မှန်း ယုံကြည်သွား ပုံရသည်။ အားနာဟန်ဖြင့်ကြည့်ရင်း . . . .

"အို . . မောင်လေး လိုက်ရှင်းရင်လည်း ရန်ဖြစ်ရုံကလွဲပြီး ဘာထူးမှာလဲ . . သည်းခံလိုက်ပါ မောင်လေးရယ် . . ."

"သည်းမခံနိုင်ဘူးဗျာ . . ဒီတစ်ခါမှ အပြတ်ရှင်းမထားရင် နောက် ဘယ်နှယောက် ထပ်လွှတ်ဦးမလဲ မသိဘူး . . ဟောဒီ လက်တွေက စာရေးတဲ့လက်ဗျ . . ဘောပင်ကိုင်တဲ့ လက် . . ဝက်တွေ၊ နွားတွေရဲ့ ဟိုဒင်းကို သင်းကွပ်တဲ့လက်မဟုတ်ဘူး . . တောက် . . ပြောလေ ဒေါသထွက်လေပဲ . . ."

ပြောရင်း ပြောရင်းမှ တင်ပိုတက်လာကာ မျက်နှာကြီးနီရဲကာ ဒေါသအကြီးအကျယ်ထွက်နေသော ကျွန်တော့်ကိုကြည့်ကာ အပျိုကြီးက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကိုကုတ်သည။ ပြီး . . .

"မ . . မ ပြန်တော့မယ်နော် . . စိတ်ေျှာလိုက်ပါ မောင်လေးရယ် . . . သစ်ပင်မြင့်လို့ လေတိုက်တယ်ပဲ သဘောထားလိုက်ပါကွယ် . . ."

"အိုဗျာ . . အခုက သစ်ပင်မမြင့်ဘဲနဲ့ အတိုက်ခံနေရတာဗျ . . . တိုက်တဲ့လေက မုန်တိုင်းဆိုတော့ အမြစ်ပါကျွတ်ထွက်တော့မယ် . . ဘယ့်နှယ်ဗျာ . . လူကိုပြောရက်လိုက်ကြပုံများ . . ."

"အေးပါကွယ် . . သည်းခံလိုက်ပါ . . တော်ကြာ ပြဿနာတွေ ဘာတွေ ဖြစ်နေမှ . . 'မ' ပါ မဆီမဆိုင်နဲ့ သက်သေလိုက်နေရပါဦးမယ်ကွယ် . . 'မ' ပြန်တော့မယ် . . ."

အပျိုကြီးက ပြောပြောဆိုဆိုနှင့်ပင် လှည့်ထွက်သည်။

"အစ်မ . . နေပါဦးဗျာ . . ."

အပျိုကြီးကား လှည့်မကြည့်တော့ . . သုတ်သုတ် သုတ်သုတ်

တော်ဝင်မြို့မ စာအုပ်တိုက်



ကျော် လိမ်ကျစ်နှင့်ပင် လေ၏လျင်မြန်ခြင်းမျိုးဖြင့် ခြံဝကိုရောက်သွားသည်။

ဒေါသထွက်ထွက်ဖြင့် ကျွန်တော် 'တက်' ကိုသာ ခပ်ပြင်း ခေါက်ဖြစ်သည်။

"တောက် !"

www.burmeseclassic.com

www.burmeseclassic.com



"တောက် !"

"ဒါတော့ မိုက်ရိုင်းလွန်းတယ်ကွာ . . ."

"အေးလေ . . ."

ကျွန်တော့်တက်ခေါက်သံ အဆုံးမှာ လှိုင်ခန့်က ဖုံးမရ ဖိမ
သော စပ်ဖြီးဖြီးမျက်နှာကြီးနှင့် 'ဒါတော့ မိုက်ရိုင်းလွန်းတယ်ကွ
ဟု ဆိုသည်။

သက်စိုးအောင်က "အေးလေ" ဟု ထောက်ခံသည်
သကောင့်သား၏ မျက်နှာမှာလည်း လှိုင်ခန့်နည်းတူ ရယ်ချင်စိ
ကို ဖွတ်ကြီးဖုံးဖိထားရဟန်က အထင်းသားကြီးပေါ်နေသည်။

ခိုင်တိုးကလည်း ကျန်နှစ်ကောင်ကဲ့သို့ ပီတိလွှမ်းသော မျ
နှာကြီးနှင့်ပင်။

"တော်တော် အားနေကြတယ်နဲ့တူတယ် . . ."

ဟု ခိုင်တိုးက ရုပ်တည်ကြီးနှင့်ဆိုသည်။ ရှိက်စစ်စရာမ
ဘဲ သကောင့်သား သုံးကောင်ထဲက တစ်ယောက်ယောက် ဒါမှမဟု
သုံးကောင်စလုံးရဲ့ လက်ချက်ဆိုတာ ကျွန်တော် သိလိုက်ရသည်





"အလုပ်မရှိ အကိုင်မရှိ၊ အားရင် ရွာရိုးကိုးပေါက် လျှောက်
နေတဲ့ ကလေကဝ၊ အုတ်ကြားမြက်ပေါက်၊ အခြေမရှိ အနေမရှိ
တုန်မြေလေးမို့လို့ ဒီလိုအစီအစဉ်မျိုးကို စဉ်းစားမိတာနေမှာ
. . ."

ပြောပြီးပြီးချင်း သုံးကောင်စလုံး၏မျက်နှာကို ကျွန်တော်
ခတ်ဖြစ်သည်။ ကွက်ခနဲ ကိုယ်စီကိုယ်ငှမျက်နှာပျက်သွားကြ
သော်လည်း သုံးကောင်စလုံးက ချက်ချင်းအမူအရာကို ပြင်ကြသည်။
ကြောင်စီစီဖြင့် သူတို့သုံးကောင်ကို တရားခံစစ်သလို သံသယ
ကြည့်ဖြင့် လိုက်ကြည့်နေသော ကျွန်တော့်ကို မကြည့်ဘဲ သူတို့
ချင်းချင်းသာ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ပြီး
တစ်ယောက်ကိုတစ်ယောက် ပြောင်ချော်ချော်ဖြင့် မျက်ခုံးပင့်ပြရင်း
'အသာနေ' ဟူသော အမူအရာကို လုပ်ပြကြသည်။ သူတို့ သုံးကောင်
ကြည့်နေရင်းက ဒေါသက ပိုပိုထွက်လာသည်။ ဘယ်လိုမှ အောင့်
ထားနိုင်တော့သည်မို့ . . .

"ခွေးသူခိုးတွေ . . ငါမသိဘူး ထင်လို့လား . . ပြောစမ်း
. . ဘယ်ကောင့်လက်ချက်လဲ . . ."

"မသိဘူး ထင်လို့လားလို့ပဲ ဆိုသေးတယ် . . မေးကလည်း
သေးတယ် . . ပြောစမ်း . . ဘယ်သူ့လက်ချက်လဲ . . တဲ့ . ."

လှိုင်ခန့်က ဟီးခနဲရယ်ရင်း အထက်ပါအတိုင်း အရွှန်း
ဖောက်သည်။ ကျွန်တော် သေလုမျောပါး ဒေါသထွက်နေသော်လည်း
သူတို့ကတော့ အပြုံးနှင့်မျက်နှာမခွာ။ ပြောင်စိစိကြီးတွေ လုပ်နေကြ
သည်။

"မင်းရှေ့မှာ မိန့်မိန့်ကြီး . . ခန့်ခန့်ကြီးထိုင်နေတဲ့ . . ဥပမိ
ရုပ်သန့်သန့်နဲ့ ကိုရုပ်ချောသုံးပွေကလွဲပြီး ဘယ်သူရှိဦးမှာလဲ . .
အဟီး . . ."



www.burmeseclassic.com

သက်စိုးအောင်က တဟီးဟီးရယ်ရင်းဆိုသည်။

"အင်သားပဲ . . ဒီလို ချွန်တွန်းအလုပ်မျိုးကို မင်းတို့ကလွဲ ပြီး ဘယ်သူမှ စဉ်းစားမိမှာမဟုတ်ဘူးလို့ . . မင်းတို့ တော်တော် မှိုက်ရိုင်းထွားကျိုင်းတဲ့ကောင်တွေ . . ."

"ကုန်ကြမ်းလေ . . သယ်ဂျင်းရ . . မင်းကို ကုန်ကြမ်းရ အောင်လို့ ငါတို့ ဘယ်လောက်တောင် ဦးနှောက်စားသွားတယ် ထင်လဲ . . ."

"တော်စမ်းပါကွာ . . အဲဒီ့နေ့က အဲဒီ့အပျိုကြီးကိုလည်း အားနာ . . ကိုယ်ကိုယ်တိုင်ကလည်း ဒေါသထွက်နဲ့ . . မင်းတို့သုံး ကောင်ရဲ့ မျက်ခွက်တွေကို သံသယစာရင်းနဲ့ ထိပ်ဆုံးမှာ မြင်နေ တယ် . . မင်းတို့သာ အနီးအနားမှာရှိလို့ကတော့ နာပြီသာမှတ်"

"မင်းကလည်း ဟုတ်ဟုတ် မဟုတ်ဟုတ် လိုက်သွားတာမ မဟုတ်ဘူး . . ."

"ဘာကွ ! လိမ်လည်မှုနဲ့ ထောင်ထဲရောက်သွားအောင်လို့ လား . . ."

ကျွန်တော့်စကားကို 'လိုက်သွားတာမဟုတ်ဘူး' ဟုဆိုသော လှိုင်ခန့်က တခွီးခွီးရယ်သည်။ ခိုင်တိုးက . . .

"အပျိုကြီးက မင်းကို အဲဒီလောက်ထိ ရက်စက်ပါ့မလား"

"အေးလေ . . လိုက်သွားတာမဟုတ်ဘူး . . အပျိုကြီးအိမ် လည်း သိရတာပေါ့ . . ."

လှိုင်ခန့်က 'လိုက်သွားတာမဟုတ်ဘူး' ဟု ပြုံးဖြီးဖြီးဖြင့် ဆိုသည်။

"သူ့အိမ်သိတော့ရော . . ငါက ဘာလုပ်ရမှာတုံး"

"ဟ . . နောက် သွားလည်လို့ရတာပေါ့ကွ . . ကုန်ကြမ်း လေးဘာလေးရ နည်းလား . . ."





ခပ်ဆတ်ဆတ်ပြန်မေးသော ကျွန်တော့်ကို သက်စိုးအောင်တ ဆက်ပါအတိုင်းဆိုသည်။ နောက်ဆုံးတော့ . . 'ကုန်ကြမ်း' ဆိုသော စကားကို ဆိုက်လို့သာလာသည်။

"ပြီးတော့ အပျိုကြီးကို အီစီကလီလုပ်ထားပေါ့ကွာ . . အဲဒီ 'မဲ့မောင်လေး' ကုန်ကြမ်းရမယ်။ အခန့်သင့်ရင် အဲဒီအပျိုကြီး ကိုလည်း မင်းရမယ် . . ."

ပြောရင်း လှိုင်ခန့်က တဟီးဟီး ရယ်သည်။ ခိုင်တိုးက . .

"အေးလေ . . ရတုန်းလေး ယူထားလိုက်တော့လည်း ပစ်တင်တာပေါ့ကွာ . . ."

"ဒါဆိုလဲ . . ငါက မင်းတို့ကို ဦးစားပေးပါတယ် . . အဖတ် တင်အောင် မင်းတို့ပဲ လုံးပမ်းကြ . . ."

ရှုံးရှုံးရှဲရှဲဖြင့် နှာတင်းရင်းဆိုသော ကျွန်တော့်စကားကို ကောင့်သားများက ဟာသပြက်လုံးတစ်ခုလို ဝိုင်းရယ်ကြသည်။

"အပျိုကြီးက စိတ်ထားကောင်းလို့ တော်သေးတယ် . . မ ဟုတ်ရင် သိပ်မလွယ်ဘူး . . ."

"ဘာဖြစ်လို့လဲ . . ."

ကျွန်တော့်စကားကို လှိုင်ခန့်က ရယ်ဖြဲဖြဲဖြင့်မေးသည်။

"ဟ . . ဘာဖြစ်ရမှာလဲကွ . . အဲဒီ အပျိုကြီးနေရာမှာသာ မိန်းမကြီးတစ်ယောက်ဆိုရင် မင်းတို့ကောင်တွေ ပြဿနာကောင်း ကောင်းအရှာခံနေရလောက်ပြီ။ သူမို့လို့ပဲ သည်းခံနေတာ။ အခုနေ များ သူနဲ့ထိပ်တိုက်ဆုံရင် အနည်းဆုံး ဂျိုကြည့်တော့ အကြည့်ခံရ မယ် . . ."

"ဒါနဲ့ စကားမစပ် ကိုသံချောင်းနဲ့ ထပ်မဆုံဖြစ်ကြဘူးလား"

"ဘာဖြစ်လို့လဲ . . ."

သက်စိုးအောင်၏ စပ်ဖြီးဖြီးအမေးကို ကျွန်တော် ဘုဂလန့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးဖြစ်သည်။

"ဪ . . သူ့ရဲ့သုံးခုလပ်ညီမနဲ့ မင်းနဲ့ကိစ္စက ဆွေးနွေး
ပြီး မပြီးပြတ်သေးဘူး မဟုတ်လား . . ဘာရယ် မဟုတ်ပါဘူး . .
ကိစ္စဆိုတာမျိုးကလည်း ဘယ်ကိစ္စမှ တန်းလန်းမကောင်းဘူး . .
တော့ နောက်ထပ်တစ်ခါလောက်ဆုံပြီး မင်းတို့သုံးယောက်သား သုံး
ပွင့်ဆိုင်ဆွေးနွေးကြည့်ပါလား . . ."

"ခွေးကောင် . . မင်းသွားပါလား . ."

သက်စိုးအောင်က တဟီးဟီးရယ်ရင်း 'သုံးပွင့်ဆိုင်'တွေ၊ ဘာ
တွေဆိုရင်း ကျွန်တော့်ကို နှိပ်ကွပ်သည်မို့ သကောင့်သားကို 'ခွေး
ကောင်' ဟု ဆဲရေးဖြစ်သည်။ ကျွန်တော့်ကိုကြည့်ရင်း ဆရာသမား
သုံးယောက်က တဟားဟား ရယ်ကြသည်။

"ကုန်ကြမ်းတွေ ဘာတွေ ရချင်ရနေမှာမို့ပါကွ . ."

"တော်စမ်းပါကွာ . . အဲဒီ ကုန်ကြမ်းဆိုတဲ့ အသံကို မကြား
ချင်တော့ဘူး . ."

ရယ်ကြပြန်သည်။

"ဒါနဲ့ စကားမစပ် . . မင်းမကြားချင်ပေမယ့် အဲဒီကုန်ကြမ်း
ကိစ္စ ပြောရဦးမယ် . . ."

ပြောင်ချော်ချော်နှင့်ဆိုသော လှိုင်ခန့်ကို ကျွန်တော် ဘုကြည့်
ကြည့်ဖြစ်သည်။ သကောင့်သားက မလှုပ်မလဲနှင့် 'ဒီတစ်ခါ အတည်
ပါကွ' ဟုဆိုသည်။ ပြီး . . . .

"ငါ့ဦးလေး လူပျိုကြီး ဦးသန်းအေးကို သိတယ်မဟုတ်လား"

"သိသားပဲ . . မင်းအဖေတို့ ညီအစ်ကိုတွေထဲမှာ အကြီးဆုံး"

"အေး . . သူက မင်းကို ရင်ဖွင့်စရာရှိလို့ . . တဲ့"

"ဘာအကြောင်းကို ဖွင့်မှာလဲ . . ."

"သူ့ရဲ့ အချစ်အကြောင်း၊ သူ့ဘဝတစ်သက်တာမှာ ကြုံခဲ့တဲ့

တော်ဝင်မြို့မ စာအုပ်တိုက်



အချစ်တွေထဲက တချို့အကြောင်းကို ရင်ဖွင့်ချင်လို့တဲ့။ သူ့ရင်နဲ့ရင်း
နှီးရတဲ့ အဖြစ်အပျက်တွေမို့ မင်းကသာ ဝတ္ထုထဲထည့်ရေးဖြစ်မယ်
ဆိုရင် ကောင်းမယ့်အကြောင်းပေါ့ကွာ။ အဲဒါ မင်းဘယ်နေ့တွေ အား
သလဲမေးလို့ ငါလည်း ဒီကောင် စနေ၊ တနင်္ဂနွေဆို အားတယ်လို့
ပြောလိုက်တယ် . . . အဲဒါ သူလာလိမ့်မယ် . . . သူ့ရင်ဖွင့်သံ နား
ထောင်ရင်းနဲ့ မင်းကုန်ကြမ်းတွေရဦးမှာပါ"

ရှည်လျားသော စကားကို ဆိုအပြီးမှာ လှိုင်ခန့်က ရယ်ချင်
နေပုံရသော သူ့မျက်နှာကို မရအရတည်သည်။ သို့သော် ၎င်း၏
မျက်နှာက တည်မသွား။ ပြောင်စပ်စပ်ကြီးပင် ဖြစ်ကာနေသည်။

ကျွန်တော့်အာရုံမှာတော့ အသက်ခုနစ်ဆယ်ကျော်ပြီဖြစ်
သော ၎င်း၏ဦးလေးဦးသန်းအေးကိုသာ ပြေးမြင်နေမိသည်။

ကုန်ကြမ်း။

၎င်းတို့ပြောသောကုန်ကြမ်းကို ကျွန်တော် အတော်လေး
စိတ်နာနေပြီဖြစ်သည်။ အခုလည်း မည်သို့မည်ပုံ လာဦးမည်မသိ။

ကျွန်တော် သက်ပြင်းကို 'ဟင်း' ခနဲ ချဖြစ်သည်။ အပျိုကြီး
နှင့်တုန်းကလည်း ဘယ်လိုဆုံ၊ ဘယ်လိုကြုံပြီး ဘယ်လို ချွန်လွှတ်
လိုက်မှန်းမသိသည်မို့ ခုတစ်ခါလည်း မျက်ခုံးက ခပ်လှုပ်လှုပ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး . . ."

ခေါ်သံကြောင့် နောက်လှည့်အကြည့် . . ကျွန်တော် အင့်ခနဲ နေသွားရသည်။

ကြည့်ဦး . . ညီလေးဟု ခေါ်သော သူက အသက်ခုနစ်ဆယ်ကျော် . . ညီလေးဟု အခေါ်ခံရသော ကျွန်တော်က အသက်နှစ်ဆယ်စွန်းစွန်း . . .။

ကျွန်တော့်ကို ညီလေးဟုခေါ်သော လှိုင်ခန့်၏ဦးလေး ဦးသန်းအေးကို ကြည့်ရင်း ကျွန်တော် ရယ်ချင်ချင်ဖြစ်သွားရသည်။

တီရှပ်နှင့်ဂျင်းဘောင်းဘီကို သပ်သပ်ရပ်ရပ်ဝတ်ကာ ပြောင်နေသော နဖူးပေါ် လျှာထိုးဦးထုပ်ဆောင်းကာထားသော ဦးသန်းအေးကိုကြည့်ရသည်မှာ စမတ်အကျလွန်ပြီး အိုဟာတွေဖြစ်ကာနေသည်။

"လာကွာ . . ကောင်လေး တီးဆိုင်ခဏလောက်လိုက်ခဲ့ . . ကိုယ်ပြောစရာလေးတွေရှိလို့ . . ."

နေရင်းထိုင်ရင်းနှင့် 'ညီလေး' ကနေ ကောင်လေးဖြစ်သွား





...ပြီသည်။ "လာကွာ" ဟုဆိုရင်း ပခုံးကို ဖက်သယောင်ယောင်နှင့် ...ဆွဲခေါ်နေသည်မို့ ဦးသန်းအေးခေါ်သော တီးဆိုင်ကို မလိုက် ...င်လိုက်ချင်နှင့် ကျွန်တော်လိုက်လာဖြစ်သည်။

လှိုင်ခန့်ကြိုပြောထားသဖြင့် ဦးလေးဦးသန်းအေးပြောမည့် ...ားတို့ကို အနည်းအကျဉ်းတော့ ကျွန်တော်ကြိုသိပြီးဖြစ်သည်။ ...ပွဲမှာထိုင်ပြီးသောအခါ စားပွဲထိုးက ကျွန်တော့်ဆီလျှောက်လာ ...း 'ဘာမှာမလဲ အစ်ကို' ဟုမေးသည်။

ဦးလေးဦးသန်းအေးကိုမူ မမေး။ ကျွန်တော်က 'ကျဆိမ့်' ...ခွက်မှာပြီး 'အန်ကယ်လ်က ဘာသောက်မလဲ' ဟု မေးဖြစ်သည်။ ...လေး ဦးသန်းအေးက 'သူတို့သိတယ်' ဟုဆိုရင်း 'အေးဆေး' ဟူ ...ာ သဘောဖြင့် ခေါင်းကို ညိတ်ပြသည်။

"နှုပ်ျိုတယ်ကွာ . . မင်းရဲ့စာလေးတွေ ဖတ်ရတာ . ."

ဦးလေးဦးသန်းအေး၏ အစပျိုးမှုက ခပ်ရိုးရိုးပင်။ ပြီး . . ကျွန်တော့်ကို မေးဆတ်လျက် . . .

"မင်းက စာရေးဆရာဆိုတော့ မေးရဦးမယ်။ မင်းကရော ...ချစ်ဆိုတာကို ဘယ်လိုအဓိပ္ပါယ်ဖွင့်လဲ . . ."

ဆိုင်းမဆင့် ဗုံမဆင့်မေးလာသော အမေးကို ကျွန်တော် ...ည်သို့ဖြေရမည်မသိ။ အချစ်ဆိုတာကို ဘယ်လိုကြီး ဘယ်ညာကြီး ...ည်ဖြင့် တစ်ခါမှလည်း မတွေးခဲ့ဖူး။ ရည်းစားထားခဲ့သလောက် ...ည်း ဤကဲ့သို့သောမေးခွန်းမျိုး ကိုယ့်ကိုယ်ကိုယ် ပြန်မမေးခဲ့ဖူး။

အရင်ရည်းစားတွေရော အခုလက်ရှိရည်းစားပါ ကျွန်တော် ...ခဲ့ဖူးသလောက် ကိုယ့်အချစ်ကို တစ်ခါမှပုံစံခွက်ထဲ ထည့်မကြည့် ...မည်သည့်ပေတံ၊ မည်သည့်သတ်မှတ်ချက်နှင့်မှလည်း မတိုင်း ...ခဲ့ဖူး။ စဉ်းပင် မစဉ်းစားခဲ့မိ။

ထို မစဉ်းစားခဲ့မိသော ကိစ္စတစ်ခုကို အမေးရှိလာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ချေရှန်အမြေက အဆင်သင့်ဖြစ်မနေ။

"ဘာလဲ . . မင်းရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေက သိပ်မှားနေလို့လား . . ."

"မဟုတ်ဘူး . . ဦး . . ကျွန်တော် အချစ်ကို တစ်ခါမှ အဓိပ္ပါယ်ဖွင့်မကြည့်ခဲ့ဖူးဘူး . . ."

"ဟေ . . ."

ဦးလေး ဦးသန်းအေးက 'ဟေ' ဟုရွတ်ရင်း အလွန်အမင်း အံ့သြနေဟန်ဖြင့် ကျွန်တော့်ကိုကြည့်သည်။ ပြီး . . .

"အေးပေါ့ . . ဒါကတော့ လူတစ်ကိုယ်ခံယူချက်တစ်မျိုးကိုး ကိုယ်ကတော့ အချစ်ကို သိပ္ပံနည်းကျကျပဲ အဓိပ္ပါယ်ဖွင့်တယ်။ အချစ်ဆိုတာ နယူတန်ရဲ့နိယာမလိုပဲ။ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ရှိကိုရှိတယ်။ အဲဒါ ကိုယ့်ရဲ့ အချစ်ကို အဓိပ္ပါယ်ဖွင့်ဆိုချက်ပဲ။ အဲ . . အချစ်အပေါ်မှာ ခံယူထားတဲ့ ခံယူချက်ဆိုရင်လည်း မမှားဘူး . . ."

"ဟုတ်ကဲ့" ဟုဆိုရင်း အားနာပါးနာဖြင့် ခေါင်းညိတ်ပြဖြစ်သည်။

"ကိုယ့်ဘဝမှာရှိခဲ့တဲ့ အချစ်တွေက ပုံစံအမျိုးမျိုးပဲ။ လက်ရှိအချစ်ရဲ့ ပုံစံကျပြန်တော့လည်း တစ်မျိုးဖြစ်နေပြန်ရော။ အဲဒီ အချစ်ဆိုတာကလည်း . . × × × × × × × × × × × ×"

သူ အချစ်၏ဒဿနတို့ကို ရှည်လျားစွာရှင်းပြနေတုန်း စားပွဲထိုးက ဦးသန်းအေး၏ရှေ့သို့ ကြက်ဥအကာကျက်တစ်လုံးနှင့် နွားနို့တစ်ခွက် လာချသွားသည်။ ဘာရယ် ညာရယ်မဟုတ်သော်လည်း ပြုံးဖြစ်သည်။ လှိုင်ခန်းနှင့်တွေ့မှ 'မင်းဦးလေးက ခုထိ နို့မပြတ်သေးဘူးကိုး'ဟု နောက်ရမည်ဟု စိတ်မှာတေးထားဖြစ်သည်။ 'ရော့ . . ဒီမှာ မင်းဦးလေးဖို့' ဟုဆိုကာ ချိုလိမ်တစ်ခုပါ ဝယ်ပေးလိုက်လို့ ကတော့





ဆောင့်သား ကောင်းကောင်းကြီး ဒေါပွသွားလိမ့်မည်။

"တကယ်တော့ ကိုယ်ပြောပြမယ့် ကိုယ့်ရဲ့အချစ်။ ဒဿန တွေက မင်းအတွက်တော့ ကုန်ကြမ်းတွေဖြစ်သွားလိမ့်မယ်ကွ ကောင် လေးရ . . ။ ဒီလိုကွာ . . ငါတို့အရွယ်မှာရှိတဲ့အချစ်ကျတော့ တော် တော်ကြီးသိမ်မွေ့သွားပြီ။ မင်းတို့မှာရှိနေတဲ့ အချစ်ခံယူချက်တွေနဲ့ မတူတော့ဘူး . . မတူဆို . . တကယ်တော့ကွာ . . မြစ်တွေဟာ ဘယ် လောက်ပဲအိုဟောင်းသွား . . အိုဟောင်းသွား . . သူတို့ရင်ထဲမှာ စီး ဆင်းနေတဲ့ ရေတွေက အသစ်တွေချည်းပဲ . . ရေအဟောင်းမရှိဘူး . . ဒီလိုပါပဲ . . ကိုယ့်ရဲ့အသက်တွေ ဘယ်လောက်ပဲ အိုဟောင်းသွား ပါစေ . . ကိုယ့်ရဲ့ . . ဒီရင်ဘတ်အိုလေးထဲမှာ စီးဆင်းနေတဲ့ အချစ် တွေက အသစ်တွေပါ . . သူ့အတွက် ကိုယ့်ရဲ့အချစ်တွေက နုပျိုမှု တွေပြည့်လျှမ်းနေတဲ့ အချစ်သစ်တွေပါကွာ . . အဲဒါ မြစ်တွေရဲ့ သန့်မှုပဲ . . ."

လက်ဖက်ရည်ငုံလိုက်၊ ခေါင်းညိတ်လိုက်ဖြင့် ဇက်သာ ညောင်း၍လာသည်။ ဆရာကြီး၏ အချစ်ဒဿနကား အတောမ သတ်သေး။

နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်ဖြင့် လူက အိပ်ချင်လာ သည်။

"ကဲ . . ကိုယ်ပြောတာ မှားလား . . ."

"ခင်ဗျာ . . ."

ရုတ်တရက်ကြီး ထမေးသဖြင့် ကျွန်တော် ကြောင်သွားရ သည်။

"မမှားဘူး . . ကိုယ်မမှားဘူး . . ဟုတ်တယ်နော် . . ကိုယ် လုံးဝကွာ . . လုံးဝ မမှားဘူး . ."

"ဟုတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားချင်ယောင်ဆောင်ရင်း 'ဟုတ် . .' ဟုဆိုကာ ခေါင်းညိတ်ပြဖြစ်သည်။ တကယ်တမ်းကျတော့ သူဘာပြောလိုက်မှန်း ကျွန်တော်မသိ။ ရေလိုက်ငါးလိုက်သာ ခေါင်းညိတ်နေရခြင်းဖြ သည်။

"အသက် ခုနစ်ဆယ့်နှစ်နှစ်ရှိတဲ့ကိုယ်က အသက်နှစ်ဆယ ခွန်နှနှစ်ရှိတဲ့ သူ့ကိုချစ်တာ . . မှားတယ်လို့ မဆိုသာပါဘူး . . ဝ ကတော့ ဘာကိုမှ ဂရုမစိုက်ဘူး . . ."

ဦးလေးကြီးကား မျက်နှာကို အတင်းမဲ့ရွဲ့ကာဆိုရင်း ဆတ်ခနဲဆို မုဒ်ချိန်းကာ မျက်နှာက တည်ခနဲဖြစ်ကာသွားသည် ပြီး . . .

"ဒါ . . ဒါပေမယ့်ကွာ . . သူကတော့ ပတ်ဝန်းကျင်ကို ဂ စိုက်တယ် ထင်ပါရဲ့ . . ကိုယ် စာသုံးစောင်တိတိပေးပြီးတဲ့ နော ပိုင်း ကိုယ်လာတာမြင်ရင် သူပတ်ဝန်းကျင်ကို ပတ်ချာလည် အောင် ကြည့်တော့တာပဲ . . ."

"လိုအပ်ရင် အကူအညီတောင်းဖို့ ကြိုကြည့်ထားတာနေမှာ ပေါ့ ဦးလေးရ . . ."

ဟု စိတ်ထဲမှာ ဆိုဖြစ်သည်။ ဦးလေးကြီးကတော့ Moo အပြည့်ဖြင့် စကားကိုဆက်၍ . . .

'မျက်လုံးချင်းဆုံရင်တောင် သူရဲရဲမကြည့်ရဲဘူး' ဟုဆိုရင် မျက်ရည်များဝဲလျက် ကြေကွဲနေပုံရသော ဦးသန်းအေးကိုကြည့်ရင် ကျွန်တော် မရယ်မိအောင် အတော်အောင့်အီးထားရသည်။

သူ့စိတ်ထဲမှာ ပတ်ဝန်းကျင်ကြောင့် သူ့အပေါ် မေတ္တာရှိ ပါလျက်နှင့် တစ်ဖက်က ထိန်းသိမ်းထားရသည်ဟု ထင်နေပုံရ၏

"ဒီမှာကြည့် သူ့ဓာတ်ပုံလေး ငါဖုန်းနဲ့ခိုးရိုက်ထားတာ . ."

ဘေးဘီကိုကြည့်ရင်း ရှေ့သို့အသာချပေးသော ဓာတ်ပုံ





ကျွန်တော် ယူကြည့်ဖြစ်သည်။ တစ်ပုံက အိမ်ဆိုင်မှာဈေးရောင်းနေ သောပုံ။ တစ်ပုံက ပစ္စည်းတစ်ခုကို ဈေးဝယ်အား လှမ်းပေးနေသော ပုံ။ ထိုပုံများနှင့် သိပ်မကွာလှသောပုံက နောက်ထပ်သုံးပုံ။ စုစုပေါင်း ငါးပုံ။

သူ့ဖုန်းမှာပါသော ကင်မရာကပဲ မကောင်းသည်လား။ ဓာတ်ပုံကူးသည့်နေရာ၊ Print ထုတ်သည့်နေရာ၌များ မကောင်းသည် လားတော့မသိ။ ပုံများက မှုန်ဝါးဝါး။ အသက်နှစ်ဆယ့်ခွန်နှစ်နှစ်ဟု ဆိုသော်လည်း ရုပ်ကနုပျိုနေသေးသော ထိုအစ်မကို မြင်ဖူးသလိုလို ရှိသည်မို့ . . .

"ဒီအစ်မကို မြင်ဖူးသလိုလိုပဲဗျ . ."

"မြင်ဖူးမှာပေါ့ ငါတို့ရပ်ကွက်ထဲကပဲ ဥစ္စာ . . ကိုယ်တို့ လမ်း ထိပ်မှာ အိမ်ဆိုင်လေးဖွင့်ထားတယ်လေ။ ဆိုင်နာမည်က မေတ္တာ ဆိုတာတဲ့ . ."

"ဩော် . . ဒါနဲ့ အဲဒီအစ်မရဲ့ နာမည်က ဘာတဲ့လဲ . ."

"သ . . စ္စာ . . ဖူး . . တဲ့၊ တချို့က သူ့ကို သစ်သစ်လို့ခေါ် ကြတယ်။ တချို့ကကျ သစ္စာတဲ့။ တချို့ကျပြန်တော့ ဖူးဖူးဆိုပဲ။ ကိုယ်ကတော့ ရှင်းတယ်။ ဘယ်သူနဲ့မှ မတူအောင် သူ့ကို 'စာစာ' လို့ ခေါ်တယ် . ."

ခွီးခနဲ ထရယ်လုမတတ်ဖြစ်သွားသော ကိုယ့်ကိုယ်ကိုယ် ထိန်းရင်း မျက်နှာကို တစ်ဖက်သို့အတင်းလွှဲထားရသည်။ ဩော် ခေါ်မယ့်ခေါ်တော့လည်း သူများနှင့်မတူအောင် 'စာစာ' ဟူသတတ်။

"တကယ်တော့ သူက ကလေးလေးတစ်ယောက်လို ချစ်စရာ ကောင်းလို့ 'စာကလေး' လို့ ခေါ်ချင်တာပါ။ ဒါပေမယ့် ငှက်နာမည် နဲ့ အမှတ်မှားနေမှာစိုးလို့ . . ကဲပါ အဲဒါ အသာထား . . အခုပြော ချင်တာက . . 'စာစာ' နဲ့ ကိုယ့်ရဲ့အကြောင်း . . ."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဩော် . . အကြောင်းအရာက အခုမှစဖွာကိုး' ဟုတွေးရင်း ကျွန်တော် ငိုချင်သွားရသည်။ သူကတော့ မသိ ကျွန်တော်ကဖြင့် အတော့်ကို ညောင်းနေပြီဖြစ်သည်။ ကျွန်တော် အတော်ညောင်းနေပေမယ့် သူပြောမည့်အကြောင်းက အခုမှစမည်ဟုဆိုသဖြင့် ကျွန်တော့်သက်ပြင်းကို ဟင်းခနဲ မသိမသာချဖြစ်သည်။

ဩော် . . ကုန်ကြမ်း . . ကုန်ကြမ်း . .

"ရပ်ကွက်ထဲက လူတော်တော်များများက ဟားကြတယ်၊ ကိုယ့်လို အသက်(၇၂)နှစ်ရှိတဲ့လူတစ်ယောက်က အသက် (၂၇)ပဲ ရှိသေးတဲ့ 'စာစာလေး' ကို ချစ်လို့တဲ့။ အချစ်မှာ ပေတံမရှိဘူး မျက်စိမရှိဘူး . . ကန့်သတ်ချက်မရှိဘူးဆိုတဲ့ အခြေခံသဘောတရားလေးကိုတောင်မှ နားမလည်တဲ့ သူတို့တွေရဲ့ ကဲ့ရဲ့မှု၊ ရှုံ့ချမှုတွေကို ကိုယ်ကတော့ လုံးဝလုံးဝ ဂရုမစိုက်ဘူး။ အဲ . . ကိုယ်က ဂရုမစိုက်ပေမယ့် 'စာစာ' က ဂရုစိုက်တယ်။ ဟော . . အခု ကိုယ့်ကို စာစာက မကြည်တော့ဘူး . . ."

'အရင်တုန်းကရော . . ကြည်နေလို့လား . . .' ဟုစိတ်ထဲမှာ ခပ်ချဉ်ချဉ်ဖြင့် တွေးဖြစ်သည်။

ဟိုက သက်ကြီးရွယ်အိုမို့ ရိုရိုသေသေ အရေးတယူရှိသည်ကိုပဲ သူက . . ကြည်သည်ဟု မှတ်ယူနေပုံရသည်။ ယခုတော့ ကျောချမှဓားပြမှန်းသိ၍ ခပ်တန်းတန်းဖြစ်သွားသည့်အပေါ် အရပ်ကြောင့် ပတ်ဝန်းကျင်ကြောင့် သူ့ကိုမကြည်တော့ဟု ထင်နေပုံရသည်။

"တကယ်တော့ (၇၂) နဲ့ (၂၇) ဆိုတာ ကက်ကင်းပါ ကောင်လေးရာ . . ပေဒင်သဘောအရကြည့်ရင် အင်မတန်ကောင်းတာပါ"

ပေဒင်နှင့်ပတ်သက်၍ မကျွမ်းကျင်သည်မို့ သူပြောသော ကက်ကင်းတွေ၊ ချက်ချင်းတွေ ကျွန်တော်မသိ။ သို့သော် မကောင်းတတ်သည်မို့ 'ဟုတ်ကဲ့' ဟုဆိုရင်း ခေါင်းညိတ်ကာ ထောက်ခံပေး





ဖြစ်သည်။

"အသက်ချင်းကွာဟမှုကို လူတွေက သိပ်ဂရုစိုက်လွန်းအား ကြီးတယ်။ ကိုယ်ကတော့ အဲဒီတိုင်းတာတွက်ချက်မှုတွေကို လုံးဝ ဂရုမစိုက်ဘူး . ."

"ဦးလေးကသာ အသက် (၂၇) နှစ်ဖြစ်ပြီး မသစ္စာဖူးက (၇၂) နှစ်ဖြစ်ရင် ဒီစကားကို ပြောဖြစ်ပါ့မလား ဦးလေးရ . . ."

ဒါ ကျွန်တော့်ရင်တွင်းမှ ဆိုဖြစ်သောစကား . . .။

ဦးလေး ဦးသန်းအေးကတော့ မချိတင်ကဲစတိုင်လ်ဖြင့် ခွင့်လို့ကောင်းဆဲ။

"ကဲ . . ပြောပါဦး . . ."

"ခင်ဗျာ . . ."

အတွေးများ ရုတ်တရက် လွင့်နေတုန်း ဦးလေးဦးသန်းအေး အမေးရှိသည်။ ဘာမေးလိုက်မှန်း မသိသည်မို့ 'ခင်ဗျာ' ဟုဆိုရင်း ကျွန်တော်ကြောင်သွားရသည်။

"ဩော် . . ငါဆိုလိုတာကို မင်း မပေါက်ဘူးနဲ့တူတယ်"

"ဟုတ်ကဲ့ . . . တစ်ခါလောက် ထပ်ပြောပြကြည့်ပါလား ခင်ဗျ"

ချော်လဲရောထိုင်သည့်အနေနှင့် ခပ်တည်တည်ပင် လမ်းကြောင်းပေးလိုက်သည်။ ဦးလေးဦးသန်းအေးက ကျွန်တော့်ကို 'တုံးသည်လား' ဟူသော သဘောဖြင့် တစ်ချက်ကြည့်ရင်း . .

"အေး . . သေသေချာချာနားထောင် . . ဒီလိုကွာ . . မင်း အခုဆို စာရေးဆရာတစ်ယောက်ဖြစ်နေပြီ။ မင်းမှာ ကိုယ်တွေ့ ကုန်ကြမ်းတွေရော၊ ကြားလို့မြင်လို့ရတဲ့ ကုန်ကြမ်းတွေရော အများကြီးနေမှာပါ . . ."

စကားကို ခေတ္တဖြတ်ကာ ရေနွေးသောက်နေသော ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းအေးကိုကြည့်ရင်း 'ကုန်ကြမ်း' ပြဿနာကတော့ စပြီ ဟု တွေးဖြစ်သည်။

"ဒီတော့ မင်းရင်ထဲမှာရှိတဲ့အတိုင်းသာ ပြော . . မင်း ယူဆထားသလိုသာ အားမနာတမ်း။ မင်းရော ငါတို့နှစ်ယောက်ကို ဘယ်လိုမြင်လဲ။ ဘယ်လိုထင်သလဲ။ ဘာပြောချင်လဲ . . ပြော"

"ဟုတ်ကဲ့ . . ကျွန်တော် ပြောချင်တာကတော့ ကျွန်တော် နားပူ ခါးပူဖြစ်နေတယ်။ အိမ်အရမ်းပြန်ချင်တာပဲ ဗျာ . . ."

ဒါ . . ကျွန်တော့် စိတ်ထဲမှာ ခပ်ရွတ်ရွတ်ဆိုဖြစ်သော စကား။ တကယ်တမ်းပြောဖြစ်သည်က . . .

"အာ . . ဦးလေးက ဘာကိုဂရုစိုက်ရမှာလဲ။ လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး . . မဖြစ်တော့တာပဲ ရှိတယ် . . ."

"ဘာကွ . . ."

"Sorry Sorry မဖြစ်သေးတာပဲရှိတယ်လို့ ပြောမလို့။ ဆိုရိုးရှိပါတယ်။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲတဲ့။ ဦးလေးလည်း နည်းဖျိုးစုံနဲ့ကြံစည်တွေးတွေး ကြိုးစားသာနေရင် 'တစ်နေ့တစ်ကြံသာတွေး . . စာစာ ဘယ်ကိုပြေး' ဖြစ်သွားမယ်။ နောက်ဆုံးတော့ ဖွဲ့ရှိတဲ့ ဦးလေးရဲ့ ရင်ခွင်ကလွဲပြီး ဘယ်ပြေးစရာရှိမှာတဲ့လဲ။ ဟုတ်ဖူးလား . . ."

တမင်ပင် ချွန်တွန်းတွန်းသော ကျွန်တော့်စကားကို ဦးလေး ဦးသန်းအေးက လှုပ်စိလှုပ်စိဖြင့် ကျလုကျခင်ဖြစ်နေသော အပေါ် သွားတု အခွေလိုက်ကို တလှုပ်လှုပ်ဖြစ်သည်အထိ ရယ်ရင်း . .

"အေး . . မင်းကတော့ တိုးတက်ဦးမှာ . . တော်တော် အမြော်အမြင်ရှိတဲ့ကောင် . . အားလုံးက အမြင်စောင်းနေပေမယ့် မင်းက တည့်တည့်ကြည့်တတ်တယ် . ."

"လက်ဖက်ရည်သောက်ရတာကိုး ဦးရဲ့" ဟု စိတ်ထဲမှာ





သည်။ အစိတ် . . အစိတ် သုံးခါစိတ်ကာ စိန်ရတုသဘင် င်ကျင်းပရတော့မည့် Birthday ဘတ်ဒေးကိုမှ အားမနာ။ ကြမ်းကြီးနှင့် 'စာစာလေးက၊ စာစာလေးက' နှင့် ဆုံးရန်မမြင် ဒိုင်ယာလော့ခ် တသီကြီးကို ကျွန်တော် ခါးချိ နားပူသွားသည် ဆက်တိုက်နားဆင်ရပြန်လေသည်။

"အဲဒါကွာ . . မနက်ခင်းတုန်းက ငါလမ်းလျှောက်ထွက်တဲ့ သူက ဆိုင်ထဖွင့်နေတယ်။ ငါ့ကိုလည်း မြင်ရော . . ကောင်မ ရ . . ရှက်လို့ထင်ပါရဲ့ ဆတ်ဆို အိမ်ထဲ ပြေးဝင်သွားလေရဲ့"

"အဲဒါ ရှက်တာမဟုတ်ဘူး ဦးရေ . . ကြောက်တာ ကြောက် . . ."

ကျွန်တော့်စိတ်ထဲမှ ထိုသို့ဆိုရင်း . . တင်းလာမိသည်။ လက် ည်တစ်ခွက်သောက်ရတာနှင့်ပင် မကာမိ။ ဆိုင်နံရံမှ တိုင်ကပ် ကို လှမ်းကြည့်လိုက်သောအခါမှ . . ဆိုင်မှာထိုင်နေတာ သုံးနာ မျှကြာသွားပြီမှန်း သတိထားမိတော့သည်။ ဦးလေးဦးသန်း လည်း နပ်သည်။ ကျွန်တော် နာရီကိုလှမ်းကြည့်နေမှန်း သိ မို့ . . .

"အဲ . . ကိုယ်လည်း စကားကောင်းကောင်းနဲ့ ပြောနေလိုက် . . မင်းကို အချိန်ရ မရတောင် မမေးမိဘူး . ."

"ဟုတ်ကဲ့ . . ကျွန်တော့်ဘော်ဒါတွေနဲ့ ဘောလုံးကန်ဖို့ ချိန်း ာရှိတယ် . . ."

"ဟုတ်လား . . အေး . . သွား . . သွား နောက်မှ အေးအေး ဆေး ထပ်ဆုံဦးမယ် . . ."

"ဟုတ်ကဲ့ပါ . . ဒါဆို ကျွန်တော် သွားပြီနော် . . ."

ဝမ်းသာအားရဖြင့် လှစ်ခနဲနေအောင် ထွက်လာခဲ့ရင်း ဆိုင် ရောက်မှ သက်ပြင်းကို 'ဟူး'ခနဲ မှုတ်ထုတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဘောလုံးကန်ချိန်းထားသည်က ဒီနေ့မဟုတ် ခနေ့တ်ဖြန်ညနေမှ ချိန်းထားခြင်းဖြစ်သည်။ သို့သော် 'နားပူသော ခါးညောင်းသော' ဒဏ်ကို မခံနိုင်သည်မို့ မုသာဝါဒစကားလုံး ဝစ်သုံးခဲ့ခြင်းဖြစ်သည်။

ဦးလေး ဦးသန်းအေး ဆိုခဲ့သမျှတွေထဲမှာ ကျွန်တော် သဘောကျသည့် စကားလုံးအချို့ကိုတော့ ပြန်ကြားမိနေသည်။

"မြစ်တွေ ဘယ်လောက်ပဲ အိုဟောင်းသွား အိုဟောင်းသွား သူတို့ရင်ထဲမှာ စီးဆင်းနေတဲ့ ရေတွေက အသစ်တွေချည်းပဲ . .

ဒီလိုပါပဲ လူတို့ရဲ့အသက်တွေ ဘယ်လောက်ပဲ အိုဟောင် သွားပါစေ . . သူတို့ရဲ့ ဒီရင်ဘတ်အိုလေးထဲမှာ စီးဆင်းနေတဲ့ အချ တွေက အသစ်တွေပါ . . . " တဲ့ . . . ။

ကိုယ်တွေထက်ပင် နုပျိုနေသေးသော Romance စကားလုံး များဖြစ်သည်။ ကျွန်တော်ပင် ထိုသို့သော အတွေးမျိုးတစ်ခါမှ မတွေး ခဲ့ဖူး . . . ။

လှိုင်ခန့်တို့ ကောင်တွေကိုတော့ ပြန်ပြောပြရဦးမည်ဟု စိတ် ထဲမှာ တေးထားဖြစ်သည်။



ကျွန်တော် ပြောသမျှကို လှိုင်ခန့်က အံ့မှန်ထားသော ကြီးဖြင့် ရှုံ့မဲ့ကာနားထောင်သည်။ ရယ်စရာနေရာရောက် ခါတိုင်းလို ဟားတိုက်မရယ်ဘဲ မချိသွားဖြစတိုင်လ်ဖြင့် ဟက် ချိရယ် ရယ်သည်။

ထိုစဉ်မှာပင် ကျွန်တော်နှင့် လှိုင်ခန့်ထိုင်နေသော လက် ညီဆိုင်အတွင်းသို့ ခိုင်တိုးနှင့် သက်စိုးအောင်တို့နှစ်ကောင် သား လာကြသည်။ သက်စိုးအောင်၏ မျက်နှာက သုန်မှုန်နေပြီး ၏ မျက်နှာကတော့ ပြောင်ချော်ချော်ကြီးဖြစ်ကာနေသည်။

"ဘယ်လိုဖြစ်လာကြတာလဲကွ . . "

အနေအထားကို သိပ်သဘောမပေါက်လှသည်မို့ ကျွန်တော် လမ်းကြောင်းဖြစ်သည်။ သက်စိုးအောင်က အောင့်သက်သက် နှာပေးဖြင့် ခိုင်တိုးနှင့် လှိုင်ခန့်ကို ဘုကြည့်ကြည့်သည်။

လှိုင်ခန့်က 'ဘာဖြစ်တာလဲ' ဟူသော သဘောဖြင့် ခိုင်တိုး ဆတ်ပြသည်။ ခိုင်တိုးက သက်စိုးအောင်ကို ပြောင်စိစိကြည့် . . .

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာသူ ကောင်မလေးတစ်ယောက်နဲ့ ကြည်နေတာ ခု ဘာမအိုကေတယ် မသိဘူး . . ဒေါ်တွေကန်နေတယ် . . ."

"မင်းယောက်ျားလုပ်ပြီး စကားအင်မတန် ပလောင်းပလဲ လုပ်တဲ့ကောင်ပဲ . . ."

ခွီးခနဲရယ်ရင်းဆိုသော ခိုင်တိုးကို သက်စိုးအောင်က ရှုံးရှုံ ရှဲ့ရှဲ့ဖြင့်ဆိုသည်။ လှိုင်ခန့်က ဒေါ်ထနေသော သက်စိုးအောင်ကို ကြည့် ရင်း . . .

"ဘယ်လိုဖြစ်ကြတာလဲ . . မင်းတို့နှစ်ကောင်ကလည်း အစ မရှိ အဆုံးမရှိနဲ့ . . ."

လှိုင်ခန့်၏ ရယ်ကြဲကြဲစကားကြောင့် သက်စိုးအောင်က လှိုင်ခန့်ကို လက်ညှိုးထိုးရင်း . . .

"ဟကောင် . . ရှုးချင်ယောင်မဆောင်နဲ့ ဒီကိစ္စမှာ မင်း လည်းပါတယ် . . ."

"ဟ . . အလိုင်းကြီးပါလားကွ . . ကဲ . . ဆိုစမ်းပါဦး . . ငါ ပါတယ်ဆိုတဲ့ ကိစ္စက . . . ဘာကိစ္စလဲ ပြော . ."

"ရှုပါလင်းရဲ့ ကိစ္စပေါ့ကွ . . ."

"ရှုပါလင်းဆိုသော အမည်ကိုကြားရုံနှင့်တိုင်ပင်မထားဘဲ လှိုင်ခန့်၊ ခိုင်တိုးနှင့် ကျွန်တော်တို့သုံးယောက်သား ခွီးခနဲထရယ်ဖြစ် ကြသည်။ သက်စိုးအောင်ကတော့ တောက်! ခနဲ ကြေကွဲစွာ တက် ခေါက်သည်။

ရှုပါလင်းဆိုသည်က ကျွန်တော်တို့ရပ်ကွက်ထဲမှ ကောင်မ လေးတစ်ယောက်ဖြစ်သည်။ ကောင်မလေးဟုဆိုသော်လည်း ငယ်ရွယ် သော အသက်နှင့်မလိုက်အောင် ဝလွန်းသူဖြစ်သည်။ ကာလသား တိုင်းက ရှောင်ကွင်းကြသူမို့ ရှုပါလင်းဟူသော အမည်ပျောက်ကာ 'လူတကာကွင်း' ဟူသော Nicknameကို ရရှိထားသူဖြစ်သည်။





ခိုင်တိုးနှင့်လှိုင်ခန့်က ရှုပါလင်းနှင့်ဆုံတိုင်း သက်စိုးအောင် က သူမအကြောင်းတွေ တောက်လျှောက်စုံစမ်းနေကြောင်း၊ ကြည့်ရ သည်မှာ သူမကိုစိတ်ဝင်စားနေဟန်တူကြောင်း စသည်ဖြင့် စကား လမ်းတွေကြောင်းကြောင်းကာ ထားသည်မို့ "လှုပ်ပါများတော့ နဲ့" ဆိုသလို 'လူတကာကွင်း' ခေါ် 'ရှုပါလင်း' တစ်ယောက် သက်စိုး အောင်ကိုတွေ့တိုင်း ရှက်ကိုးရှက်ကန်းတွေ့ ဖြစ်ဖြစ်လာသည်။

လူတကာကွင်းကား တစ်ရပ်ကွက်လုံးမှ ချစ်စနိုးဖြင့် စ,နေ နောက်နေကျမို့ အစအနောက်မှန်သမျှကို အရည်ထူနေပြီဖြစ်သည်။ သို့သော် ကျွန်တော်တို့အုပ်စုနှင့်ဆုံလျှင်တော့ သူမ၏ ပြောင်ချော် ချော်အမူအရာများ အလိုလိုပျောက်ကာ ရှက်ဝဲဝဲအမူအရာများ ရောက်လာတတ်သည်။ ရောက်ဆို ကျွန်တော်တို့ အုပ်စုကလည်း သက်စိုးအောင်၏ အလစ်မှာ တို့မီးရှို့မီးတွေလုပ်ကာ အချွန်ဖြင့်မ,မ ထားခဲ့သည်ကိုး။

ကျွန်တော်တို့အကွက်တွေကို ကြိုသိသော သက်စိုးအောင်က 'မလုပ်ကြပါနဲ့ကွာ . . မကောင်းကျောင်းပို့တော့ မလုပ်ကြပါနဲ့' ဟု မျက်နှာငယ်လေးဖြင့် တောင်းပန်နေကျ။ အခုတော့ ရှုပါလင်းနှင့် တော်သက်၍ မည်သို့ဖြစ်လာခဲ့သည်မသိ။ သက်စိုးအောင်တစ်ယောက် ဒေါ်အကန်ကြီး ကန်ကာနေသည်။

ခိုင်တိုးကတော့ သက်စိုးအောင်၏ နီချိတ်နေသော ဒေါသ မျက်နှာကိုကြည့်ရင်း ရယ်ချင်ပက်ကျိဖြစ်ကာနေသည်။ ကျွန်တော်က

"ပြောပါဦး . . သက်စိုးအောင်ရ . . မင်းပြောမှ ခိုင်တိုး ဘာတွေ Over ဖြစ်သွားတယ်ဆိုတာ ငါတို့ သိမှာပေါ့ . ."

"တော်စမ်းပါကွာ . . မင်းတို့တစ်ဖွဲ့လုံး တကျိတ်တည်း တညက်တည်းပါ။ အခုမှ ရှုးချင်ယောင်ဆောင်မနေနဲ့ . . ဒါပေမယ့် မင်းတို့ မသိချင်ယောင်ဆောင်နေတဲ့ မင်းတို့ရဲ့ လုပ်ရပ်ကို ငါပြော



www.burmeseclassic.com

www.burmeseclassic.com



ပြမှာပါ . . ခွေးကောင်တွေရ . . ဒီလိုကွ . . "

ဒီလိုကွ . . အစချီကာ . . သက်စိုးအောင်က 'တောက်' ခနဲ တက်ကို ခေါက်သည်။



"ဒီလိုကွ . . တောက်! ပြောရမှာတောင် ရှက်တယ် . . ဒီ အောင် ခိုင်တိုးပေါ့ . . ငါချေခိုင်းတာဆိုပြီးတော့ ငွေနှစ်သောင်းကို ပါနာမည်နဲ့ သွားယူလာတယ်လေ။ ဟိုကလည်း ငွေချေးရုံတင်မကဘူး . . လက်ရွေးစင်သွင်းထားတဲ့ CD တစ်ချပ်ပါ ထည့်ပေးလိုက်တယ်"

"အခုလား . . . "

"ဘယ်ကလာ မနေ့ကတည်းက ဒီနေ့ ကိစ္စက သပ်သပ် ငါ ပြောပြမယ် . . . "

လှိုင်ခနဲ့၏အမေးကို သက်စိုးအောင်က အောင့်သက်သက် ဖြင့် ဆိုသည်။ ခွီးခနဲရယ်ပစ်ချင်စိတ်ကို ဖွတ်ထိန်းနေရဟန်တူသော ခိုင်တိုးက . . .

"CD ထဲက လက်ရွေးစင်သီချင်းတွေအကြောင်း ပြောပြ လိုက်ဦးလေကွာ . . "

ခိုင်တိုး၏အပြောကြောင့် သက်စိုးအောင်မျက်နှာ နီခနဲ ဖြစ် သွားသည်။ ပြီး . . ခိုင်တိုးကို ခပ်ထန်ထန်ကြည့်ရင်း . .

"ပြောမှာပါ . . ပြောမှာပါ . . "

ဟု အောင့်သက်သက်ဖြင့်ဆိုသည်။ ပြီး . .

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"သီချင်းတွေက လက်ရွေးစင်ဆိုမှ လက်ရွေးစင်ကွ . . ဘာ တဲ့ တိုသီချင်း၊ ငါက သီချင်းခေါင်းစဉ်မေ့နေတယ်။ ဟိုသီချင်းကွာ . . ပါးစပ်ဖျားမှာပဲ မေ့နေတယ် . . မင်းသိတယ်မဟုတ်လား ခိုင်တိုး . . မင်းလည်းသိမှာ မဟုတ်ဘူး . . နေပါဦး . . ."

"နေ. . နေ. . မင်းမေ့နေရင် ငါဆိုပြလိုက်မယ်. . ဒီကောင် တွေ မသိတဲ့သီချင်းရှားတယ်။ ဒီလိုကွာ. . သီချင်းစာသားက . . ."

ခိုင်တိုးက သက်စိုးအောင်၏စကားကို ဖြတ်ကာ . . သီချင် ကို ခပ်တိုးတိုးညည်းပြသည်။

"ကြုံဆုံလာတဲ့ . . ကျွန်မနဲ့လမ်းမပေါ် . . ဟန်တွေပန်တွေ ကိုပဲ ကြည့်နေတုန်း . . ကျွန်မစိတ် . . အို . . မလုံပါဘူး . . သူဘာ များ ပြောမလို့လဲ . . ကြင်နာတာတွေကို ရင်ဖွင့်ပြောမယ်လို့ ထင် တယ် . . မြန်မြန်လေး ပြောမယ့်စကားများကို ကိုရေ လူတွေလစ် တုန်း . . ပြောပါလား . . ကြောက်တတ်လိုက်တာ . . လွန်ပါရော . . ရှင် ယောကျ်ားမဟုတ်လို့လား . . . . ဆိုတဲ့ သီချင်းလေကွာ"

စပ်ဖြီးဖြီးကြီးနှင့်ဆိုသော ခိုင်တိုး၏သီချင်းသံအဆုံးမှာ လှိုင်ခန့်က . .

"အဲဒါ 'ကိုကိုရေ ချစ်မိပြီ' ဆိုတဲ့ သီချင်းလေကွာ . . ဘာလဲ တစ်ခွေလုံး အဲဒီတစ်ပုဒ်တည်းကိုပဲ လက်ရွေးစင်လုပ်ပြီး ကူးထားတာ လား . . ."

"မဟုတ်ဘူး . . အများကြီးကျန်သေးတယ် . . ပြောပြလိုက် လေကွာ . . ငါ့ကောင်ရ . . ."

ဖြေရန် ပါးစပ်ဟသော သက်စိုးအောင်မဖြေမီမှာပင် ခိုင်တိုး က ကြားဖြတ်ကာ ဝင်၍ဆိုသည်။ သက်စိုးအောင်က ခိုင်တိုးကို ဘု ကြည့်ကြည့်ရင်း . . .

"ဟိုကွာ . . မေဆွိရဲ့ 'မောင်' ဆိုတဲ့ သီချင်းပါတယ်"





"ဪ . . . 'အတူတူနေကြရအောင်နော်' ဆိုတဲ့ သီချင်း၊ နောက် ဘာသီချင်းပါသေးလဲ . . ."

စကားထောက်ပေးသလိုလိုနှင့် ကျွန်တော်နောက်ဖြစ်သည်။ လှိုင်ခန့်က အီးမှန်သော မျက်နှာကြီးနှင့်ရှုမဲ့ကာနေသော သက်စိုး အောင်ကိုကြည့်ရင်း ခွီးခနဲရယ်သည်။ ကျွန်တော့်အထင် အခုလောက် ဆို သက်စိုးအောင်၏အတွေး၌ ဖွင့်ထက်ပင်ဝသေးသော ရှူပါလင်း ၏ လုတကာကွင်း၏ အလှုပုံရိပ် အဲလေ . . အဝပုံရိပ်ကို ပြေးမြင် နေမှာ သေချာသည်။

"ငါ့ကောင် . . ချောစုခင်ရဲ့ 'ရေခဲတုံးကြီး ပဲ . . အေးတိ ..က်နေရက်တယ် . . ရှင်ကြီးရယ်' ဆိုတဲ့ သီချင်းလည်း ပါသေး ..ယ် မဟုတ်လား . . ."

စပ်ဖြီးဖြီးဖြင့် ဆိုသော ခိုင်တိုး၏အမေးကို သက်စိုးအောင် .. အောင့်သက်သက်ဖြင့် "အေး . . ပါတယ်" ဟု ဆောင့်ကြီးအောင့် ..ဖြင့်ဆိုသည်။

"ဒါပဲလား . . တခြား ဘာသီချင်းပါသေးလဲ . ."

ရယ်ကြဲကြဲဖြင့်မေးသော ကျွန်တော့်အမေးကို ဆရာသမား ..ဖြေ။ ဆတ်ခနဲ ဘုကြည့်ကြည့်သည်။ ပြီး . . .

"သိပ်သိချင်နေကြရင် အဲဒီခွေ ငါအခု ပြန်ယူပေးမယ်။ ..တ်ပြီလား . . အကုန်လုံးတော့ ငါဘယ်မှတ်မိပါ့မလဲကွ . ."

အောင့်သက်သက်ဖြင့်ဆိုသော သက်စိုးအောင်ကိုကြည့်ရင်း ကျွန်တော်တို့ တခွီးခွီးရယ်ဖြစ်ကြသည်။

"မင်းတစ်ယောက်တည်း နားထောင်စေချင်လို့ ပေးထားတဲ့ ..တ္တာလက်ဆောင်သီချင်းခွေကိုငါတို့က နားထောင်လို့ဘယ်ကောင်း ..လဲ။ ဟုတ်ဖူးလား . . ."

'မေတ္တာလက်ဆောင်' ဟူသော အသုံးအနှုန်းကြောင့် သက်



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်မျက်နှာကြီး မည်းခနဲဖြစ်ကာ သွားသည်။ အထွန့်တက်ဖြ လျှင်လည်း ဝိုင်းသမကြမည်မို့ ဆရာသမားက 'မတန်၍ မာန်လျှော ဆိုသလိုမျိုး အောင့်သက်သက်ဖြင့် ရေနွေးကြမ်းကိုသာ ဖိသောက်နေ သည်။

"ကဲ . . မနေ့က မေတ္တာလက်ဆောင် သီချင်းခွေပေးတဲ့ ကိစ္စကတော့ ထားလိုက်ပါတော့ . . ."

"မထားလို့ မင်းတို့က ဘာလုပ်ချင်သေးလို့လဲ . . ငါ တင် လာပြီ . . သီချင်းဆိုလည်း ပြီးနေတဲ့ကိစ္စကို . . မေတ္တာလက်ဆောင် . . မေတ္တာလက်ဆောင်နဲ့ . . ."

လှိုင်ခန့်၏စကားကိုဖြတ်ကာ သက်စိုးအောင်က ဘုတော သည်။ လှိုင်ခန့်က ဟက်ခနဲရယ်လိုက်ရင်း 'အေးပါကွာ' ဟု အစချီကာ

"အေးပါကွာ. . ဒီနေ့ကိစ္စကျတော့ရော ဘယ်လိုဖြစ်တာလဲ"

လှိုင်ခန့်၏ အမေးအဆုံးမှာ ခိုင်တိုးက ဘာစိတ်ကူးပေါက် သည်မသိ ခွီးခနဲထရယ်သည်။ ထိုသို့ ထရယ်သော ခိုင်တိုးကို သက် စိုးအောင်က ဖုန်းခနဲ နှာရင်းအုပ်ကာ ဘုကြည့်ကြည့်ရင်း 'ဒီကောင် ကြောင့်ပေါ့ . .' ဟု အစချီကာ . . .

"ဒီကောင်ကြောင့်ပေါ့ . . ငါတို့ လက်ဖက်ရည်ဆိုင်ထွက် လာကြတော့ လမ်းမှာလူတကာကွင်းနဲ့ တည့်တည့်ကြီးတိုးပါလေရော"

အံကြီးကြိတ်ကာငိုမဲ့မဲ့ ဖြစ်လုဖြစ်ခင် မျက်နှာကြီးနှင့်ဆို သော သက်စိုးအောင်၏ စကားအဆုံးမှာ လှိုင်ခန့်က . . .

"အဲဒီမှာ စတွေ့တာပဲလား . ."

ဟု ပြောင်ချော်ချော်ဖြင့်ဆိုသည်။

သက်စိုးအောင်က ကြေကွဲနေသောလေသံဖြင့် 'အေးကွာ' 'အဲဒီမှာစတွေ့တော့တာပဲဟု'ဆိုသည်။ ပြီး. . 'ဒီလိုကွ'ဟုအစချီသည်။



"ဒီလိုကွ . . မင်းတို့နဲ့ဆုံဖို့ လက်ဖက်ရည်ဆိုင်ကို ငါနဲ့ ဒီ ောင်ထွက်လာကြတော့ ဝုန်းဆို ရှုပါလင်းကြီးနဲ့ဆုံပါလေရော . ."

လိမ့်လိမ့်နှင့် စက်ဘီးစီးလာသော ရှုပါလင်းကိုမြင်လိုက် ည်နှင့်တစ်ပြိုင်နက် သက်စိုးအောင်ရှောင်ဖို့ စဉ်းစားမိလိုက်သည်။ ဘားရှိ ကွမ်းယာဆိုင်နှင့်ကွယ်ရန် ဆတ်ခနဲလှမ်းသောသူကို ိုးက ကမန်းကတန်းလှမ်းဆွဲကာထားသည်။

"ဟကောင် . . ဘာလဲကွ . ."

နားမလည်စွာမေးသော သက်စိုးအောင်ကို ခိုင်တိုးက တ်တွန်းတော့မည့် ဓာတ်ရှင်များထဲမှ ဗီလိန်တစ်ယောက်လို ပြုံး ရှုပါလင်းခေါ် လူတကာကွင်း လာရာဆီ မေးဆတ်ပြသည်။

"ဟိုမှာ . . ရှုပါလင်း လာနေတယ်လေကွာ . . မနေ့ကမှ ထားတဲ့ လူတစ်ယောက်ကို နှုတ်ဆက်ဦးမှပေါ့ . ."

"ဘာကွ . . နှုတ်ဆက်စရာလား . . ဟကောင် မင်းအကွက် ငါသိတယ်နော် . . ဟိုမှာ ရောက်လာခါနီးပြီကွ . . လွှတ်စမ်း"

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်တိုး၏အကွက်တွေကို ကြိုမြင်နေသော သက်စိုးအောင်ဟာ ခိုင်တိုးဆွဲထားသော လက်မောင်းကို ရုန်းရင်းဆိုသည်။ ချောက်တွန်းဖို့ အကွက်ဆိုက်နေပြီမို့ ခိုင်တိုးကမူ သက်စိုးအောင်လက်ကို လုံးလုံးအလွတ်မပေး။ ဇွတ်ဆွဲထားရင်းက အနားသို့ရောက်လာသော်လည်း သူတို့နှစ်ယောက်ကို မမြင်သော ရှုပါလင်းကို လှမ်း၍ ခေါ်လိုက်သေးသည်။

"ရှုပါလင်း . . ရှုပါလင်း . . ."

တစ်ခါတည်းခေါ်လျှင် မကြားမည်စိုး၍ထင့် သကောင့်သားက နှစ်ခါပင်ဆင့်ခေါ်သည်။ ပထမတစ်ကြိမ်မှာ မကြားသော လူတကာကွင်းက ဒုတိယတစ်ကြိမ်မှာ ကြားကာသွားသည်မို့ ချာခနဲ သူတို့နှစ်ကောင်ဆီ လှည့်ကြည့်သည်။ သက်စိုးအောင်ကို မြင်သွားသောအခါ စက်ဘီးဘရိတ်ကို အုပ်ကာ တံ့ခနဲရပ်လိုက်ရင်း သူတို့နှစ်ကောင်ရှိရာဆီ စက်ဘီးကိုတွန်းရင်း ရောက်ချလာသည်။

"ဘာလဲဟင် . . ကိုခိုင်တိုး . ."

ဝဖိုင့်နေသော ဖက်တီးကိုယ်လုံးနှင့် မလိုက်ဖက်စွာပင် စကားကို ချွဲပြစ်ပြစ်ဆိုသော ရှုပါလင်းက နှုတ်ကသာ 'ကိုခိုင်တိုး' ဟုဆိုနေသော်လည်း ခိုင်တိုးကို လုံးဝမကြည့်။ မျက်လုံးအစုံက သက်စိုးအောင်ထံ၌သာ ရစ်ဝဲနေသည်။ ပြီး ရှက်တက်တက်ဖြင့် မျက်လွှာချကာ 'ဘာပြောစရာရှိလို့လဲ' ဟု ခပ်ချွဲချွဲဆိုပြန်သည်။ ခိုင်တိုးက စပ်ဖြီးဖြီးမျက်နှာကိုတည်ရင်း . . .

"ရှုပါ အခု ဘယ်သွားမလို့တုံး . . ."

"အုန်းသီးသွားဝယ်မလို့ . . အိမ်တွင်းအုန်း လဲမလို့"

ရှုပါလင်း၏အဖြေအဆုံးမှာ ခိုင်တိုး၏မျက်လုံးတို့ ဖျတ်ခနဲ လက်ထွက်သွားသည်။

"အာ . . စက်ဘီးက ရှေ့ခြင်းမပါ ဘာမပါနဲ့ . . အဖော်



ပါတာမဟုတ်ဘူး . . တစ်ယောက်တည်း အုန်းသီးကို ဘယ်လိုသယ်မလဲ . . အိမ်တွင်းလဲမယ့် အုန်းသီးမှာ ကြွက်မြီးက အဓိကလေ . . ကြွက်မြီးကျိုးသွားရင် ဘာမှလုပ်လို့မရတော့ဘူး . ."

"ဟုတ်တယ်နော် . . ."

ခိုင်တိုးဆင်သော အကွက်တို့ကို ရှုပါလင်းက သဘောပေါက်သည်။ 'ဟုတ်တယ်နော်' ဟုဆိုရင်း သက်စိုးအောင်ကို ရှက်ဝဲဝဲဖြင့် လှမ်းရှိုးသည်။

"သွား . . သွား . . သက်စိုးအောင် မင်းရှုပါ့ကို လိုက်ကူ ရှုပါ့အိမ်နဲ့ အုန်းသီးဆိုင်နဲ့ကလည်း သိပ်ဝေးတာမှမဟုတ်တာ တဲ . . ကဲ . . ရှုပါက နင့်စက်ဘီး သူ့ကိုပေးလိုက် . . ."

ဇာတ်ဆရာအလိုကျပင် ရှုပါက ဆတ်ခနဲ စက်ဘီးလက်ကိုင် သက်စိုးအောင် လက်ထဲထိုးပေးသည်။ သက်စိုးအောင်ကလည်း ကြောင်တောင်တောင်လှမ်းယူပြီးကာမှ . . . .

"အာ . . ခိုင်တိုး . . ငါတို့သွား . . သွားစရာရှိတယ်လေ . . ."

"လက်ဖက်ရည်ဆိုင်သွားတာများကွာ . . ဘယ်အချိန် သွား . . သွားလို့ရပါတယ်ကွ . . ရှုပါ တစ်ယောက်တည်းမို့လို့ လိုက် သာ လိုက်သွားစမ်းပါ . . ."

အီးမှန်ထားသော မျက်နှာကြီးနှင့် သက်စိုးအောင်ကိုရော ပြောင်ချော်ချော်မျက်နှာကြီးဖြင့် အချွန်နှင့်မ,ကာနေသော ခိုင်တိုး ရှုပါကတော့ မကြည့်တော့။ သူမ၏ စက်ဘီးကို သက်စိုးအောင် ထဲထည့်ကာ ရှက်ကိုးရှက်ကန်းအမူအရာဖြင့် ရှေ့မှနေ လိမ် လိမ်ကျစ်ဖြင့် ဆင်မယဉ်သာ သွားနှင့်ပြီဖြစ်သည်။

"မင်းတော်တော် ယုတ်တဲ့ကောင်ပဲ . . ဒီလောက် ကူညီချင် ရင် မင်းလိုက်သွားပါလား . . ."



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်သံကြီးဖြင့်ဆိုသော သက်စိုးအောင်ကိုကြည့်ကာ ခိုင်တိုးက ဘာစကားမှပြန်မဆိုဘဲ တခွီးခွီးဖြင့်ရယ်သည်။ သူတို့နှစ်ကောင်၏ ပဋိပက္ခကို မသိရှာသော ရှုပါကတော့ အတော်လှမ်းလှမ်းထိ လူပါမလာသေးသည်မို့ နောက်ပြန်လှည့်ကာကြည့်ရင်း မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်သည်။

"ကဲ . . ကဲ . . ဟိုက လှည့်ကြည့်နေပြီ။ လိုက်သွား . . လိုက်သွား . . ."

မျက်ခုံးကို ပင့်ကာ၊ ပင့်ကာဖြင့် ပြောင်ချော်ချော်ကြီးဆိုသည့် ခိုင်တိုးကိုကြည့်ရင်း သက်စိုးအောင်က 'တောက်' ခနဲ တက်ခေါက်ရင်း 'မင်းတွေ့မယ်' ဟု ကြိမ်းသည်။ ပြီး ရပ်စောင့်နေသော ရှုပါရှိရာဆီ စိတ်မပါ လက်မပါနှင့်ပင် လိမ်ကျစ် လိမ်ကျစ်ဖြင့် လိုက်ကာသွားသည်။

အနားရောက်လာသော သက်စိုးအောင်ကိုကြည့်ရင်းဆိုသော ရှုပါ့မေးခွန်းကြောင့် ဆရာသမား လိပ်ပြာလွင့်လုမတတ်ဖြစ်သွားရသည်။ ဆိုလိုက်ပုံက . . .

"ဟိတ် . . ယူ ရှေ့ကနင်းမလား . . တို့ကို ယူနိုင်လား . ."

'တို့ကို ယူနိုင်လား' ဟုဆိုရင်း ရှက်ဝဲဝဲကြီးလုပ်ကာနေသော ရှုပါလင်းကိုကြည့်ရင်း သက်စိုးအောင် ချွေးသီးချွေးပေါက်တွေပင် စို့လာသည်အထိ ထူပူသွားရသည်။

"နောက် . . နောက်နေပြန်ပြီ . . ရှုပါကလည်း . . ဗေလုဝထက်တောင်ပိန်သေးတဲ့ ကိုယ်က ရှုပါ့ကို ဘယ်တင်နင်းနိုင်ပါ့မလဲလို့ . . ."

"သိသားပဲ . . ."

သူ၏အဖြေကို နားထောင်ရင်း 'သိသားပဲ' ဟု ခပ်ညည့ညဲ့ဆိုလာသော ရှုပါလင်းကိုကြည့်ရင်း သူ့ 'မယားစိတ်၊ သားစိတ်' တွေ





. . .နခဲ့င်လာသည်။

ဇက်ကျိုးနေသလိုမျိုး ခေါင်းကြီးငွတ်ငွံ့ကာ အရှက်သည်းနေသော ရှုပါလင်းနှင့် မျက်နှာကြီးနီမြန်းကာ တောင်ကြည့်မြောက်ကြည့် . . . မလုံမလဲဖြစ်နေသော သူတို့နှစ်ယောက်ကိုကြည့်ရင်း လူတချို့ . . . ပြုံးစိစိကြီးကြည့်သွားကြသည်။ မထူးတော့ပြီမို့ အုန်းသီးဆိုင် . . .မြန်ရောက်အောင် မြန်မြန်လျှောက်ဖြစ်သည်။

"ဟိတ် . . ယူ . . ဖြည်းဖြည်းလျှောက်လေ . . တို့က လမ်း . . .မြန်မလျှောက်တတ်ဘူး . . ."

ကျားလိုက်ခံရသလို ခပ်သုတ်သုတ်လျှောက်သော သူ့ကို ရှုပါ . . . သံမ်းအော်သည်မို့ သူအရှိန်ကို စိတ်မသက်မသာဖြင့် လျှော့ရင်း . . .င့်ရသည်။ မှီလာသော ရှုပါက စက်ဘီးကယ်ရီယာကို ဆွဲထားရင်း

"တို့ . . ယူ့ကို မေးစရာရှိတယ် . . ."

"မေးစရာရှိတယ်' ဆိုသော ရှုပါ့စကားကြောင့် သက်စိုး . . .င် 'အကြွေးကိစ္စများလား' ဟု ဖျတ်ခနဲတွေးဖြစ်သည်။ ဟိုကောင် . . . ဖြီးထားသောကိစ္စကို အမှန်အတိုင်း ပြောလိုက်ပြန်လျှင်လည်း . . .တိုးခမျာ ရှိစုမဲ့စု သိက္ခာတွေကျလိမ့်ဦးမည်။ မပြောပြန်လျှင် . . . သူ့အတွက်မကောင်းပြန်။ ဒီအတိုင်းဆို ရှုပါလင်းဘက်က . . .အထားတွေရှုပ်ထွေးလာနိုင်သည်။ မပြော မပြီး၊ မတီးမမြည် . . .သည့်စကားအတိုင်း ပြောမှတော့ ဖြစ်မည်ဟု သူတွေးဖြစ်သည်။

"ရှုပါ . . ဟို . . ငွေကိစ္စက . . လေ . . ."

"အို . . ယူကလဲ . . ငွေကိစ္စကို ပြောမနေပါနဲ့ . . ရပါ . . . . ကိစ္စမရှိပါဘူး . ."

"မဟုတ်ဘူး . . အဲဒီငွေက . . ."

"ယူ . . အဲဒီ ငွေကိစ္စအကြောင်းပြောမယ်ဆိုရင် . . တို့ ငို . . .မှာနော် . . . ဆက်မပြောနဲ့ . . . ဒါပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးအောင်ပင် အပြောမခံသော ရုပါ့ကိုကြည့်ရင်း သူ စိတ်လေလာသည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုတို့ လွဲကာနေသည်ကိုး။ ရုပါက သူစိတ်လေလို့ လေနေမှန်းသိပုံမပေါ်။ ရှက်ဝဲဝဲစတိုင်လ်ဖြင့် သူ့ကိုတစ်ချက်လှမ်းကြည့်သည်။ သူကလည်း စိတ် လေလေဖြင့် သူမကို လှမ်းအကြည့် နှစ်ယောက်သား 'ဒိုင်း' ခနဲ အကြည့်ချင်းဆုံသည်။ ဆုံဆုံချင်း သူမက ရှက်ကိုးရှက်ကန်းဖြင့် ခေါင်း ကြီးငုံ့ကာ သွားသည်ကိုကြည့်ရင်း သူ တိုင်နှင့်ခေါင်းနှင့်ပြေးဆောင့် ချင်လာသည်။

"ယူ . . ."

ရုပါက စကားကို ဆက်မပြောသေးဘဲ လက်သည်းကို ကိုက် ကာ အရှက်သည်းပြနေသည်။ Over တွေများလွန်းနေသည်မို့ လက် သည်းကြီးကိုက်ကာ ဝက်ရူးပျံစတိုင်လ်ပေါက်နေသော သူမကို ကြည့် ရင်း သူပျို့လာသလိုလို ခံစားနေရသည်။ လှမ်းမြင်နေရသော အုန်း သီးဆိုင်ကိုကြည့်ရင်း 'ဤခရီး နီးသလား . . ' ဟု သူတွေးနေမိသည်။ 'မြင်တော့ အနီး၊ သွားတော့ အဝေး' ဆိုသော စကားထာကိုလည်း သွားသတိရနေမိသည်။ ဘေးမှာဂျင်ဆန်းမီးလိုလှသော မိန်းကလေး မျိုးနှင့်အတူတွဲလျှောက်နေရပါက ကမ္ဘာကိုတစ်ပတ်မက ပတ် လျှောက်ရ လျှောက်ရ သူငြီးငြင်မိမည်မထင်။ ခုက မိမိထက် လေး ငါးဆနီးပါးဝသော မိန်းကလေးနှင့်တွဲလျှောက်နေရသည်မို့ စိတ်ထ မပါချင်။ ရိုးရိုးအတူတူတွဲလျှောက်ရလျှင်တော့ တစ်မျိုး။ အခု သူ လည်း ရှက်ကိုးရှက်ကန်း၊ ကိုယ်လည်း ရှက်ကိုးရှက်ကန်းမို့ ဘေး ဘယ်လိုလူကပဲ ကြည့်ကြည့် ဘာညာ ဘာညာဟုထင်နေမှာထ သေချာလို့နေသည်။ သူမက တစ်ယူယူနှင့် အကြာကြီး စကားအ ပျိုးနေပြီးကာမှ . . . .

"ယူ . . တို့ လက်ဆောင်ပေးထားတဲ့ သီချင်းခွေလေး နား





ထောင်ပြီးပြီလား . . "

တကယ်တော့ သူနားထောင်ပြီးပြီဖြစ်သည်။ သို့သော် 'အင်း' ဟု ဖြေလိုက်သည်နှင့် ရှုပ်ထွေးမှုတို့ ဖြစ်လာနိုင်သည်မို့ 'ဟင့်အင်း' ဟုဖြေပစ်လိုက်သည်။ သူမက အံ့ဩတကြီးဖြင့် သူ့ကိုကြည့်ရင်း . .

"ဘာဖြစ်လို့လဲ . . . "

"ပျက်နေလို့ . . . "

ပြီးလွယ် စီးလွယ်ဖြစ်သော သူ့အဖြေကို သူမက ဘယ်လို နားလည်သည်မသိ။ ချက်ချင်း မေးခွန်းပြန်ထုတ်သည်။

"ဘယ်လို . . ပျက်နေတယ် ဟုတ်လား . . CD ပျက်နေ တာလား . . တို့ သေသေချာချာ Test လုပ်ပြီးမှ ပို့လိုက်တာပဲ ဥစ္စာ"

"မဟုတ်ဘူး . . ကိုယ့်အခန်းထဲက Computer ရော၊ DVD ရော ပျက်နေလို့ . . . "

"သြော် . . "

ပါးစပ်ထဲ တွေ့ကရာ . . ဖြီးလိုက်သော သူ့စကားကို သူမက 'သြော်' ဟု ဆိုရင်း စိတ်ပျက်သွားသော စတိုင်လ်ဖြင့် သက်ပြင်းကို ချသည်။ ပြီး ဝမ်းသာအားရဖြင့် . . .

"အာ . . ရတယ် . . ကိစ္စမရှိဘူး . . တို့မှာ MP4ပါတယ်။ အဲဒီ့အထဲမှာလည်း ထည့်ထားတယ်။ ယူပြီး နားထောင်ပေါ့ . . ယူ DVD တွေ ပြန်ကောင်းတော့မှ တို့ MP4 ကို ပြန်ပေးပေါ့ . . "

ပြောရင်း လည်ပင်းမှာဆွဲထားသော MP4 Player ကို သူမ ကချွတ်သည်။ ဇာတ်လမ်းက ရှင်းလေ ရှုပ်လေမို့ သူ မျက်နှာချင်းဆိုင် လာနေသော ကားရှေ့သို့ပြေးဝင်ပစ်ချင်စိတ်ပင် ပေါ်လာသည်။ ဒီ MP4 Player ကို ယူသွားလို့ကတော့ မဖြစ်။ သို့နှင့်ပင် သူ့ငြင်း သည်။

"အာ . . ကိစ္စမရှိဘူး . . ဒီနေ့မနက်ကပဲ ပြင်ခိုင်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



. . အခုလောက်ဆိုကောင်းနေလောက်ပြီ . . သိလား . . မယူတော့ဘူး"

ကမန်းကတန်းပြင်းသော သူ့ကိုကြည့်ရင်း သူမက "ဪ . . 'ဒီလိုဆိုလည်း ပြီးရော . . ' ဟု ခပ်ညုညုဆိုသည်။ အုန်းသီးဆိုင်သို့ရောက်သောအခါ အုန်းသီးရွေးနေသော သူမကိုကြည့်ရင်း သူပြေးရန် အကြံလက်ခနဲရသည်။ အကြံအစည်အတိုင်း သရုပ်ဆောင်ရန် မျက်နှာကို အနည်းငယ်မဲ့လိုက်ရင်း စက်ဘီးကို ကမန်းကတန်းဒေါက်ထောက်ကာ . . .

"ရှူပါ . . ."

သူ့ခေါ်သံကြောင့် အုန်းသီးရွေးနေသော သူမက တွန့်ခနဲဖြစ်သွားရင်း 'ဘာလဲ ပြော' ဟု ဆိုရင်း သူ့ကိုကြည့်သည်။

"ကိုယ်လေ . . ဟို . . ပြန်မှဖြစ်မယ် သိလား . ."

မျက်နှာရှုံ့မဲ့ရင်းဆိုသော သူ့ကိုကြည့်ရင်း 'ယူ ဘာဖြစ်လို့လဲ' ဟု သူမက အလန့်တကြားပြန်မေးသည်။

"ကိုယ် . . အိမ်သာ တက်ချင်လို့ . . ."

"အာ . . ဒါများ . . ယူကလည်း ဈေးထဲမှာ ရှိတယ်လေ"

သူမက ဈေးထဲသို့ လက်ညှိုးထိုးရင်းဆိုသည်။ ကြိုတွက်ထားသောစကားမို့ သူ ခေါင်းကို ခါပြလိုက်သည်။

"ကိုယ်က လူတစ်မျိုး ရှူပါရ . . ကိုယ့်အိမ်က အိမ်သာမဟုတ်ရင် မတက်တတ်ဘူး . . အား . . ကျွတ် ကျွတ် . . ကဲ ကဲ . . ကိုယ်သွားတော့မယ်နော် . . ."

ခပ်သွက်သွက်ပြောရင်း သူ အမြန်လှည့်ထွက်ခဲ့သည်။ တားနေမည်စိုး၍ လှည့်၍ပင်မကြည့်ဖြစ်။

"ယူ . . မြန်အောင် . . တို့ စက်ဘီးယူသွားပါလား . . ."

အရေးထဲ သူမက စက်ဘီးပါ အဆစ်ထည့်ပေးနေသေးသည်။ 'ဆိုက်ကားနဲ့ပဲ ပြန်တော့မယ်' ဟု ပြန်အော်ရင်း သူ သုတ်ခြေ





[illegible]င်ဖြစ်သည်။ နောက်ကို သူလုံးဝလှည့်မကြည့်ဖြစ်။ တကယ်တမ်း [illegible]ဒိုးဖြစ်သောနေရာကား အိမ်မဟုတ်။ ဟို . . ခွေးကောင် ခိုင်တိုး [illegible]နေခဲ့သော ကွမ်းယာဆိုင်ဘက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား . . ဒါနဲ့ပဲ နှစ်ယောက်သား ငြင်းရင်းခုန်ရင်းနဲ့လက်ဖက်ရည်ဆိုင်ရောက်လာကြတယ်ပေါ့ . ."

လှိုင်ခန့်က သက်စိုးအောင်၏စကားအဆုံးမှာ တဟားဟားရယ်ရင်းဆိုသည်။

"မင်းကလဲ ဒီကောင် မင်းဆီပြန်လာတဲ့ဥစ္စာ . . ဒီခေါ်လာရသလား . . ရှုပ်ဆီပြန်ပို့ပေးလိုက်တာ မဟုတ်ဘူး . . ."

ကျွန်တော့်စကားအဆုံးမှာ သက်စိုးအောင်က ကျွန်တော့်ကို ဘုကြည့်ကြည့်သည်။ ပြီး ရယ်ကြဲကြဲလုပ်နေသော ကျွန်တော့်မျက်နှာဆီ လက်ညှိုးထိုးကာ . . . .

"မင်းလဲ သတိထား . . မင်းကောင်မလေးကို ယောက်ျားပေးစားတော့မယ်လို့ ကြားတယ် . . ."

"သြော် . . မင်းကလဲ ငါ့ကောင်မလေးကို ယောက်ျားမပေးစားလို့ မိန်းမချင်း ပြန်ပေးစားလို့ ရတာမှမဟုတ်တာ . . ."

ကျွန်တော် ရယ်သွမ်းရင်းဆိုသော တုံ့ပြန်စကားကို နားထောင်ရင်း သက်စိုးအောင်က ဟက်ခနဲ ရယ်သည်။





"အေး . . ငါအတည်ပြောနေတာနော် . . . ပြီးတော့မှ မ . . . ကြဘူး မလုပ်နဲ့ . . သူ့အမေက ငါ့ရှေ့မှာပြောတာ . . နင့်ကို . . . က်ျားပေးစားမယ် . . ဘာဖြစ်တယ် . . ညာဖြစ်တယ်နဲ့ . ."

"သြော် . . အိမ်မှာ တင်ကျွေးထားရတာ ကြာတော့ စိတ် . . . လာသို့ . . ငါ့လက်ကလွှတ် ပြွတ် . . ဆိုတဲ့ သဘောနဲ့ ပြောတာ . . . ပေါ့ . . သူတို့သမီးကလည်း ငါကလွဲပြီး ပေးစားဖို့ လူမရှိပါ . . . . . အေး . . အဲဒီလိုပဲ ရှုပ်ပါလေးနဲ့ပေးစားဖို့ကလည်း မင်းကလွဲ . . . တခြားလူမရှိဘူး . . ဟုတ်ပြီလား . ."

နောက်ဆုံးတော့ သူ့ဘက်ပြန်ဆိုက်လာသော စကားကြောင့် . . . ကောင့်သားက 'ခွီးတဲ့မှပဲ' ဟု ရေရွတ်သည်။

"ရှုပ်ပါလေးပေးထားတဲ့ CD ကိုလည်း ထပ်ခါ ထပ်ခါ နား . . . င်မနေနဲ့ဦး . . တော်ကြာ အပ်ကြောင်းထပ်တဲ့ ဓာတ်ပြားလို . . . နေဦးမယ် . . ."

လှိုင်ခန့်၏စကားကို သက်စိုးအောင်က 'အဲဒါ မင်းအပူလား' . . . ခပ်ဆောင့်ဆောင့်ပြန်ပက်သည်။

"မင်းကလဲ . . . CD ပျက်သွားတော့ရော . . အရေးလား . . MP4 တွေ ဘာတွေ ရှုပ်ဆီမှာ အများကြီးဥစ္စာ . . . မဟုတ်ဘူး . . . . . သယ်ဂျင်း . . ."

ခိုင်တိုး၏ အနှောင့်အသွား မလွတ်သောစကားကြောင့် . . . တ်စိုးအောင်က 'အေးပါ ခွေးကောင်ရ . . ' ဟု အောင့်သီးအောင့် . . . တ်ဖြင့်ဆိုသည်။ ပြီး 'ဟကောင် အဲဒီအကြောင်းတွေ မင်းစာအုပ် . . . ထဲ ထည့်မရေးနဲ့နော်' ဟု ဆိုသည်။

"ဒီလို ကုန်ကြမ်းမျိုးမှ မရေးရင် ဘယ်လို ကုန်ကြမ်းမျိုးကို . . . မလဲ။ ရေးသာရေး . . ငါ့ကောင် . . အပြင်မှာ ဘယ်လိုဖြစ်ဖြစ် . . . အုပ်ထဲမှာ ဇာတ်သိမ်းခန်းရောက်ရင် သူတို့နှစ်ယောက်ကို ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပေးပစ်လိုက်စမ်းပါ . . ."

သက်စိုးအောင်၏စကားအဆုံးမှာ လှိုင်ခန့်က အထက် အတိုင်း စပ်ဖြီးဖြီးဖြင့် ဝင်၍ဆိုသည်။ သက်စိုးအောင်ကတော့ သူ့ ဝသီအတိုင်း 'ခွေးကောင်' ဟု လှိုင်ခန့်ကိုအရယ်တစ်ဝက်ဖြင့်ဆိုသည် ရှက်ရယ်ရယ်သော သက်စိုးအောင်ကိုကြည့်ရင်း ခိုင်တိုးက . . .

"အောင်မာ . . မကြိုက်ဘူးလဲဆိုသေး . . ဇာတ်သိမ်းခန်း မှာ ပေါင်းရမယ်လဲဆိုရော မျက်နှာကြီးက ပြုံးနေလိုက်တာများ ဖြ လို့ . . ."

"မချိုပြုံးပြုံးနေတာကွ . . မဲ့နေပြန်ရင်လည်း မင်းတို့က တစ်မျိုးပြောကြဦးမှာ မဟုတ်လား . . ဘယ်လိုနေနေ အပြောမလွတ် မှာကတော့ သေချာတယ်။ မင်းတို့ကောင်တွေကလေ . . အပြစ်ရှာပဲ ရှာနိုင်လွန်းတယ် . . ."

"မင်းနဲ့ ရှုပ်အပေါ်မှာ ထားရှိတဲ့ ငါတို့ရဲ့ စစ်မှန်တဲ့စေတနာ တွေပါ သူငယ်ချင်းရာ . . မင်း ယုံကြည်လိုက်စမ်းပါ . . ."

ပြဇာတ်ထဲမှာ သရုပ်ဆောင်နေသူတစ်ဦးလို Over ဖြစ်နေ သော လှိုင်ခန့်၏ အမူအရာနှင့် ရင်းပြောသောစကားတို့ကို နား ထောင်ရင်း အားလုံးရယ်ဖြစ်ကြသည်။ ထိုစဉ်မှာပင် ကျွန်တော့်ဖုန်း ဝင်လာသည်မို့ အိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ရင်းကြည့်ဖြစ်သည်။ ဖုန်း က ကျွန်တော့်ချစ်သူထံမှလာသော ဖုန်း . . .

"ဟဲလို . . ပြော . . ချစ်သူ . . ."

"မနက်ဖြန် . . ဆုံနေကျနေရာမှာပဲ ဆုံမှာမဟုတ်လား"

"ဒါပေါ့ ချစ်သူရ . . ."

ကျွန်တော် ကျွန်တော့်ကောင်မလေးအား ဖုန်းပြန်ပြောနေ သည်ကိုကြည့်ရင်း ဆရာသမားသုံးကောင်က 'ပိုရန်ကော' ဟူသော အကြည့်ဖြင့် မျက်နှာကို အှသီးသီးရှုံ့မဲ့ကာ ကြည့်နေကြသည်။





"ဆုံနေကျအချိန်နော် . . ."

"ပြောနေဖို့ လိုသေးလို့လား ချစ်သူရာ . . ."

"တော်ပါ . . ပြီးတော့မှ မေ့သွားတာတွေ ဘာတွေမလာနဲ့ . . တစ်မိနစ်နောက်ကျတာနဲ့ ချက်ချင်းပြန်မှာ . . ."

"အေးပါ . . ချစ်သူကလည်း . . ခြိမ်းခြောက်မှုတွေ များ ညလား . . ."

"ဒီလောက် ခြိမ်းခြောက်တာတောင် နောက်ကျတတ်လွန်း . . နောက်မကျနဲ့နော် . . ."

"ဟုတ်ကဲ့ . . ခင်ဗျ . . ."

"မရွဲ့နဲ့ . . ."

"ရော် . . ."

"မရော်နဲ့ . . ဒါပဲ . . ."

ချစ်သူက ထုံးစံအတိုင်း ပြောချင်တာတွေ စွတ်ပြောပြီး ဖုန်း သွားသည်။ ကျွန်တော်က မျက်နှာတွေ မဲ့ရွဲ့ကာ ကြည့်နေကြသော ရာသမားသုံးကောင် မြင်သာအောင်ဖုန်းကို 'ဖျတ်ခနဲ' နမ်းပြဖြစ် ည်။

"ဖုန်းမှာ အသည်းရောင်အသားဝါ . . Bပိုးတွေ ကပ်နေမှန်း သိ ဘာမသိနဲ့ မင်း မရွံ့ဘူးလား . . ဖုန်းမှာက မမြင်ရတဲ့ ဖုန်တွေ၊ တွေနဲ့ . . ."

လှိုင်ခန့်က နှုတ်ခမ်းကြီးကို လိုအပ်သည်ထက်ပို၍ရွဲ့ကာ ထား ကာ ဆိုသည်။

"အချစ်နဲ့ပတ်သက်လာရင် ရွံ့တာတွေ၊ ဘာတွေမရှိတော့ဘူး . . အေးလေ . . ပြောမယ့်သာ ပြောရတယ် . . ဒီလို ကိစ္စမျိုးကို ည်း ချစ်သူရှိတဲ့လူတွေမှပဲ ခံစားပေးနားလည်ပေးနိုင်တာမျိုးကိုး . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ရိသဲ့သဲ့အဖြေစကားကြောင့် သကောင့်သာ
သုံးကောင် ရှုံးရှုံးရှဲရှဲဖြစ်ကုန်သည်။

"ရည်းစားမထားချင်လို့ကို မထားတာကွ . . မင်း စကာ
ပြောတာ ကြည့်ပြော . . ."

"ငါသိသလောက်ကတော့ ကြိုက်မယ့်လူကို မရှိတာပါ။ ဒါ
. . ခြွင်းချက်အနေနဲ့ သက်စိုးအောင် မပါဘူး . . သူကတော့ ကြိ
ကြွေနေတဲ့လူရှိတယ် . . ."

လှိုင်ခန့်၏ စကားကို ကျွန်တော်ဘုတောရင်း တစ်လက်
တည်းဆိုသလို သက်စိုးအောင်ကိုပါ ကလိပေးလိုက်သည်။ သက်စိုး
အောင်ခမျာ မျက်နှာကြီးရှုံ့မဲ့ရင်း . . . . .

"တောက် . . ငါက ဘယ်လိုမှုကို မလွတ်ပါလားဟ . . ."

"လွှတ်ထားလိုက်ပါကွာ . . ဒီကောင် တစ်ကွေ့မကြွေ တ
ကွေ့ကြွေဦးမှာပါ . . ငါ ဒီကောင့်ကို ပညာပေးပြမယ် ကြည့်ထား"

မချိုမချဉ်ပြုံးရင်းဆိုသော ခိုင်တိုးကြောင့် ဒီကောင့်အပြုံး
နောက်ကွယ်မှာ ပြဿနာတစ်ခုခု ရှာတော့မည်ဆိုတာ ကျွန်တော်
ကြိုသိနေသလိုလိုရှိသည်။

အိမ်ထဲမှထွက်ရန်ပြင်နေစဉ်မှာပင် သကောင့်သားသုံး
. . တ်က ခြံဝမှနေ 'ဘွားခန်' ပေါ်လာသည်။ ရှိုးတွေ စမိုးတွေ
. . နှင့်မို့ ကျွန်တော် စချင်လာသည်။

"ဟား . . ရည်းစားမရှိတဲ့ကောင်တွေ ရှိုးအပြည့်နဲ့ပါလား
. . ."

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသော ကျွန်တော့်စကား
. . င့် ထုံးစံအတိုင်း သကောင့်သားတွေ ရှုံးရှုံးရှဲရှဲ ဖြစ်ကုန်ကြ
. . ။ အီးမှန်ထားသောမျက်နှာကိုယ်စီနှင့် တစ်ယောက်မျက်နှာ
. . ယောက်ကြည့်ကြသည်။ ဘာမှပြန်မဆိုကြ။

"အေးပေါ့လေ . . ရည်းစားနဲ့နဲ့တက်အောင် လိုချင်နေကြ
. . လည်း ပြင်ကြ ဆင်ကြနဲ့ ရှိုးထုတ်ရတော့တာပေါ့။ ကြိုးစားကြ
. . ကွာ . . ဒီအရွယ်ရောက်နေပြီး ရည်းစားမရှိဘူးဆိုရင် ရှက်စရာ
. . င်းတယ်ကွ . . ."

မိန့်မိန့်ကြီးလုပ်ရင်း နှိပ်ကွပ်သော ကျွန်တော့်ကို သကောင့်
. . သုံးကောင်က ထကန်တော့မည့်အချိုးတွေနှင့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ရှေ့ပန်းခြံထဲမှာ ချထားသော ဆက်တီမှာ အောင့်သက်သက် အထာတွေနှင့် ဝင်ထိုင်ကြသည်။ သကောင့်သားများ၏ အီလည်လည် ပုံစံကိုကြည့်ရင်း ကျွန်တော် ပိုစချင်လာသည်။

"နေပါဦး . . ကြုံလို့မေးပါရစေ။ ဒီအရွယ်ထိ ရည်းစားမရှိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာအတွက် မင်းတို့နည်းနည်းလေးမှ မရှက်ကြဘူးလား . . ငါသာ မင်းတို့နေရာမှာဆိုရင်လေ ရှက်လွန်းလို့ ကိုယ့်မျက်နှာကိုယ် ဟောဒီလို . . ဟောဒီလို ဓားနဲ့မွှန်းပစ်လိုက်ပြီ . . ."

လက်ညှိုးဖြင့်မျက်နှာကို ဓားဖြင့်လှီးသလိုမျိုး Over အက်တင်ဖြင့် လုပ်ပြသောအခါ သကောင့်သားတွေ ကျွန်တော့်ပြောင်ချော်ချော်အမူအရာကိုကြည့်ရင်းက အောင့်သက်သက်ဖြင့် မချိပြုံးကိုယ်စီ ပြုံးသည်။

"အခု မင်းက ဘယ်သွားမလို့ လုပ်နေတာလဲ . ."

ခိုင်တိုး၏ မေးခွန်းက ကျွန်တော့်အတွက်တော့ ဖြေချင်စရာကောင်းလွန်းနေသည်။

"ကိုယ်လား . . ကိုယ်က ရည်းစားရှိတဲ့ကောင်လေ . . ရည်းစားနဲ့ချိန်းထားတာ သွားမလို့ . . ."

ကျွန်တော့်အဖြေကြောင့် ခိုင်တိုးက 'မေးမိတဲ့ ဒီပါးစပ်ကို ဖြတ်ရိုက်ပစ်ဖို့ကောင်းတယ်။ မှားပါတယ် ကိုပြည့်ပိုင် ကျွန်တော် မှားသွားတယ် . . .' ဟု အောင့်သက်သက်ဖြင့် ဆိုသည်။

"အခုမှ မှားတာ သိလား . . သူတစ်ဖက်သားက ရည်းစားနဲ့ချိန်းထားလို့ သွားမလို့ဟာကို အလိုက်မသိ ဘာမသိနဲ့ ဝင်လာကြတယ်။ သွား . . ပြန်ကြ။ ငါ . . ချစ်သူနဲ့ သွားတွေ့ဖို့ အချိန်ဆယ့်ငါးမိနစ်လောက်ပဲလိုတော့တယ် . . မပြန်ချင်လည်း ပြန်ကြ။ ပြန်ချင်လည်း ပြန်ကြ . . ငါသွားရတော့မယ် . . ဒါပဲ . ."





သကောင့်သားများ မနာ့နာအောင် ကလိသောစကားများကို ပြောင်ချော်ချော်ဆိုရင်း ကျွန်တော် သွားရန်ပြင်၍ပင် မဆုံးသေး။ လှိုင်ခန့်က 'ရမလားကွ' ဟု ရုတ်တရက်ဆိုသည်။

"ငါတို့နဲ့ ဆယ်မိနစ်လောက်လေးတောင် စကားပြောဖို့ အချိန်မရဘူးလား . . ."

"အာ . . မဟုတ်ဘူး . . မင်းတို့နဲ့ ဆယ်မိနစ်စကားပြောလိုက်ရင် ငါဟိုကိုနောက်ကျမှ ရောက်သွားလိမ့်မယ် . . မင်းတို့လည်း သိရဲ့သားနဲ့ ငါ့ကောင်မလေးက တစ်မိနစ်စွန်းသွားရင်တောင် စောင့်တာမဟုတ်ဘူးကွ . . ကဲပါ . . ငါ အမြန်ပြန်ခဲ့မယ်ကွာ . . ချစ်သူနဲ့ တွေ့ပြီး စကားလေးတစ်ခွန်းနှစ်ခွန်း ပြောပြီးတာနဲ့ ချက်ချင်းပြန်ခဲ့မယ်ကွာ . . OK နော် . . ."

ပြုံးဖြီးဖြီးဖြင့်ဆိုသော ကျွန်တော့်စကားကိုသုံးကောင်စလုံးက ခေါင်းရမ်းပြကြသည်။ ခိုင်တိုးက ထိုင်ရာမှထသွားရင်း ကျွန်တော့်အားသော့ကို ဖြုတ်ကာ သူ့ဘောင်းဘီအိတ်ကပ်တွင် ထည့်သည်။

"ဘာ . . ဘာလုပ်တာလဲကွ . ."

"သော့ ယူထားတာလေ . . . ကန်းနေလား . . ."

ကျွန်တော် အလန့်တကြားမေးသောအမေးကို ခိုင်တိုးက ပေါ့ပေါ့ပါးပါးဖြေရင်း 'ကန်းနေလား' ဟု ဘုတောသည်။ ဖျတ်ဆို ကျွန်တော် အားလုံးကို သဘောပေါက်လိုက်သည်။ ဒီကောင်တွေ ကျွန်တော် ကျွန်တော့်ကောင်မလေးနှင့်ချိန်းထားသည်ကို ဖျက်ရန် အကြံဖြင့်ရောက်လာကြခြင်းဖြစ်မည်။

"ဪ . . မင်းတို့က တမင်အကြံအစည်လာကြတာလား – ရတယ် . . ငါ Taxi နဲ့ သွားမှာပေါ့ကွ . . ."

ပြောရင်းဆိုရင်း ခြံဝင်းတံခါးဆီလျှောက်သော ကျွန်တော့်ကို လှိုင်ခန့်နှင့်သက်စိုးအောင်က ဘယ်ညာချုပ်ထားရင်းက ထိုင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြန်ဆွဲထိုင်သည်။

"ထိုင်ပါဦးကွ . . ငါးမိနစ်လောက် . . ."

"ဟကောင်တွေ . . မနောက်ကြနဲ့နော် . . သူစိတ်ကော
ရင် ငါဘယ်လောက် ဒုက္ခရောက်တယ်ဆိုတာ မင်းတို့လည်း သိ
သားနဲ့ . ."

"သိလို့ လုပ်တာလေ . . ."

"ဘာ . . သိလို့လုပ်တာ ဟုတ်လား . . သွားပါပြီဗျာ .
ဒီ မာရ်နတ်တွေက ဘယ်ကပေါ်လာတယ် မသိဘူး . ."

ဘယ်ညာချုပ်ထားသော လှိုင်ခန့်နှင့် သက်စိုးအောင်
ကြည့်ရင်း ကျွန်တော် ရွတ်နောက်နောက်ဖြင့် ဆိုဖြစ်သည်။ နာရီ
ကြည့်လိုက်တော့ ဆယ်နာရီထိုးရန် (၁၁)မိနစ်ခန့်သာလိုသည်။
မောင်းချိန်(၈)မိနစ်ကို ဖယ်လျှင် သုံးမိနစ်ခန့်သာ ကျွန်တော့်အတွ
အချိန်ရတော့သည်။ သူတို့ ပုံစံတွေက နောက်နေသည့်ပုံမပေါ
အတည်ကြီးဆွဲထားမည့်ပုံ ပေါ်နေသည်။

"သူငယ်ချင်းတို့ ငါပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်
ပါကွာ . . ငါ့ကို ကားသော့လေးပေးပြီး အသာတကြည်ပေးသွာ
ပါကွာ . . နော် . . ငါတောင်းပန်ပါတယ်ကွာ . . ငါ့ကို မသနား
ဘူးလား . . ."

မျက်နှာငယ်နှင့်ဆိုသော ကျွန်တော့်ကိုကြည့်ရင်း ခိုင်တိုး
ခွီးခနဲ ရယ်သည်။ ပြီး . . .

"မင်းပုံစံက သနားစရာမကောင်းဘူးကွ . . Over ဖြစ်
လို့ . . ဆောင့်ကန်ချင်စရာတောင် ကောင်းနေသေးတယ်။
စောစောကပြောခဲ့တဲ့စကားတွေက ခွင့်လွှတ်ဖို့လုံးဝမကောင်းဘူ

"မလုပ်ကြပါနဲ့ကွာ . . ငါမင်းတို့ကို ပြောတယ်ဆိုတယ်
တာကလည်း ချစ်လို့ ခင်လို့ စတာနောက်တာပါကွာ . . ဇွဲမယူ





ပါနဲ့ကွာ . . ကဲ . . ကဲ . . ငါ့ကို ပေးသွားတော့ . . ."

ခပ်တည်တည်ပင် ထရပ်သော ကျွန်တော့်ကို သက်စိုးအောင်
နှင့် လှိုင်ခန့်က ခပ်ဆောင့်ဆောင့်ဆွဲကာ ခုံမှာပြန်ထိုင်စေသည်။
သဘောက ပေးမသွားဘူးဆိုသည့် သဘော။

"မနောက်ကြပါနဲ့ကွာ . . ငါ့လက်ကို လွှတ်ပေးစမ်းပါ။ မင်း
တို့ သိပါတယ်ကွာ . . ငါ့ကောင်မလေးက နောက်ကျတာ မကြိုက်ဘူး
. . ခဏတော်တဆနောက်ကျတာတောင် ဘယ်လိုမှ ရှင်းပြလို့မရတဲ့
ဘူး။ ဒီအတိုင်းဆို ပြဿနာတော့ တက်တော့မှာပဲ . . ."

"တက်တက်ပေါ့ကွာ . . ငါတို့က အနေသာကြီး . ."

သက်စိုးအောင်က ကျွန်တော့်စကားကို ထိုသို့ဘုတောသည်။
ဒါဆိုတော့ သူတို့အခုအချိန်မှ ပေးသွားပြန်လျှင်လည်း အချိန်မီ
ရောက်နိုင်စရာ အကြောင်းမရှိတော့။ (၁၀) နာရီထိုးရန်မှာ ငါးမိနစ်
သာလိုတော့သည်။

"ရော့ . . ကားသော့ . ."

နာရီကိုကြည့်ပြီး ဆယ်နာရီထိုးရန် သုံးမိနစ်အလိုမှာ ခိုင်တိုး
က 'ရော့ . . ကားသော့' ဟုဆိုရင်း ကားသော့ကို ကျွန်တော့်အကျႌ
အိတ်ကပ်ထဲ ပြန်ထည့်ပေးသည်။ ထိုအချိန်မှာ လက်ကိုချုပ်ထားကြ
သော သက်စိုးအောင်နှင့်လှိုင်ခန့်ကလည်း ဆွဲထားရာက လွှတ်ပေး
သည်။

"ကဲ . . အခု ဘယ်သွားမလဲ . . ."

ပြောင်ချော်ချော်နှင့် ခိုင်တိုးက မေးသည်။ အောင့်သက်
သက်ဖြစ်နေသော ကျွန်တော့်ကိုကြည့်ရင်း သက်စိုးအောင်တို့နှစ်
ကောင်က တခွိခွိရယ်သည်။

"အေးပါ . . လူယုတ်မာတွေ . . မင်းတို့ အဲဒါကြောင့်လဲ
ညည်းစားမရတာ . . နည်းတောင်နည်းသေးတယ် . . ခုကြည့် ငါ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်ပြီ . . ငါရှင်းပြလည်း ဟိုက ယုံမှာမဟုတ်ဘူး . . ”

“ငါတို့ ရည်းစားမရှိတော့ မင်းလိုအပူအပင်မရှိဘူးပေါ့ကွာ . . အခုပဲကြည့် မင်းရည်းစားလေးတစ်ယောက်ရှိတာနဲ့ ပူပင်သောက တွေများနေရပြီ မဟုတ်လား . . ကဲ လာလေ . . လက်ဖက်ရည်ဆိုင် သွားရအောင် . . . ”

ကျွန်တော့်စကားကို သက်စိုးအောင်က တုံ့ပြန်ရင်း ‘လက်ဖက်ရည်ဆိုင်သွားရအောင်’ ဟုဆိုသည်။ ခုချိန်မှသွားလည်း အချိန်တိကျသော ကျွန်တော့်ကောင်မလေး မရှိတော့မှာမို့ လက်ဖက်ရည်ဆိုင် လိုက်သွားရန် အောင့်သက်သက်ဖြင့် ဆုံးဖြတ်လိုက်ရတော့သည်။

အီးမှုန်သော မျက်နှာနှင့် ကားမောင်းလာသော ကျွန်တော့်ကိုကြည့်ရင်း သကောင့်သားသုံးကောင်က ပြုံးဖြီးဖြီးကြီးတွေနှင့် လိုက်လာကြသည်။

လက်ဖက်ရည်ဆိုင် ထိုင်ထိုင်ချင်းမှာပင် ကျွန်တော့်ကောင်မလေးထံမှ ဖုန်းဝင်လာသည်။ ချိန်းပြီးမှ မလာသော ကျွန်တော့်ကို ခုလောက်ဆို သူမ အမှုန်ကြိတ်ပစ်ချင်လောက်ပြီဖြစ်သည်။

“Speaker လေး ဘာလေး ဖွင့်ပြီး နားထောင်စမ်းပါကွ . . မင်းကို ဘယ်လိုကောသလဲဆိုတာ ငါတို့ မိန့်မိန့်ကြီးနားထောင်ရအောင် . . . ”

ကျွန်တော့်ကောင်မလေးထံမှ ဖုန်းမှန်းသိသည်မို့ ခိုင်တိုးက ငါးချုပြုံး ပြုံးရင်းဆိုသည်။ လက်ဖက်ရည်ဆိုင်မှာ လူကြပါးနေသလို ဘာသီချင်းမှလည်း ဖွင့်မထားသည်မို့ ကျွန်တော် တမင်ရွဲ့ပြီး ဖုန်း Speaker ကို ဖွင့်ပြီး နားထောင်ပစ်လိုက်သည်။

“ဟဲလို . . . ”

“ဟဲလိုတွေ ဘာတွေလုပ်မနေနဲ့ . . မလာဖြစ်ရင်လည်း အစောကြီးကတည်းက ဖုန်းဆက်ပါလား။ နောက်ကျတာမကြိုက်မှန်း





အီလို့ တမင်ပညာပြတာလား . . . ”

“မဟုတ်ဘူး . . ကိုယ်ရှင်းပြ . . . ”

“ဘာမှ လာရှင်းပြမနေနဲ့ . . တစ်ခါတလေဆိုရင် မပြော ဘူး . . အခုကတစ်ခါလည်းမကန့်စ်ခါလည်းမကနဲ့ . . စိတ်ကုန်တယ်”

ပြောချင်တာတွေ စွတ်ပြောပြီး သူမဖုန်းချသွားသည်။ အီ လည်လည်ကြီးဖြစ်ကျန်ခဲ့သော ကျွန်တော့်ကိုကြည့်ရင်း ဂျာရာသမား များက ရယ်ချင်ပက်ကျိမျက်နှာများဖြင့် ဝိုင်းကြည့်နေကြသည်။

“ကဲ . . ဘယ်လိုလဲ . . ဒီလို ကြားရတော့ မင်းတို့ကျေနပ် ကြတယ်မဟုတ်လား . . ဈေးပေတော့ . . အဲဒီမှာ မောင်ပြည့်ဝိုင် အတွက်တော့ တစ်ပတ်လောက် ကောင်းကောင်းကြွေပြီ . . ”

ခေါင်းကို တဗျင်းဗျင်းကုတ်ရင်းဆိုသော ကျွန်တော့်ကို တစ်ယောက်မှလည်း သနားကရုဏာသက်ပုံမပြ။ ခိုင်တိုးက . . .

“ရည်းစားရှိတဲ့ကောင်ပဲကွာ . . ဒီလောက် ဒုက္ခကတော့ အမွဲ့လောက်ပါဘူး . . ဟုတ်တယ်မဟုတ်လား . . လှိုင်ခန့် . . ”

“ဟုတ်တာပေါ့ကွာ . . မင်းအတွက် ကုန်ကြမ်းတောင်ရ သေးတယ်။ အဲဒီအတွက် မင်းငါတို့ကိုတောင် ကျေးဇူးတင်သင့်တယ် ပြည့်ဝိုင် . . . ”

“ဘာကွ . . ရည်းစားနဲ့ပြဿနာတက်အောင် လုပ်ပေးတဲ့ မင်းတို့ကို ငါကပြန်ပြီးတော့တောင် ကျေးဇူးတင်ရဦးမယ်။ ဟုတ်စ လဲသေလိုက်ကြ . . အဲဒီမှာ အမြီးခွေပြီး သေလိုက်ကြ။ ခွေးကောင် တွေ . . . . ”

စိတ်တိုတိုဖြင့်ပြောရင်း ကျွန်တော် ရယ်ဖြစ်သည်။ အီလည် လည်ကြီးဖြစ်နေရာက ရယ်သောကျွန်တော့်ကိုကြည့်ရင်း သက်စိုး အောင်က . . .

“မင်းမှာ အရှုံးမရှိပါဘူးကွာ . . ဘာပဲပြောပြော . . ကောင်



www.burmeseclassic.com

www.burmeseclassic.com

မလေးကိုစိတ်ကောက်လို့ချော့ရတဲ့ အတွေ့အကြုံတွေ ရလာတော့ မင်းအတွက်ရေးစရာ ကုန်ကြမ်းရတာပေါ့ . . ငါ နွားရှေ့ထွန်ကျူး တာမဟုတ်ဘူးနော် . . သဘောပြောပြတာ . . ."

"ဘာကွ . . နွားရှေ့ထွန်ကျူးတာမဟုတ်ဘူး . . မင်း စကား က ငါ့ကို နွားနဲ့နှိုင်းသလို ဖြစ်မသွားဘူးလား . . ."

ဒေါသတစ်ဖက်၊ အရယ်တစ်ဝက်ဖြင့်ဆိုသော ကျွန်တော့်ကို သက်စိုးအောင်က ခပ်အေးအေးပင် ပြန်ပက်သည်။

"နွားနဲ့နှိုင်းစရာမလိုပါဘူး။ နဂိုကတည်းက မင်းက နွားပဲ ဥစ္စာ"

တဲ့ . . သူငယ်ချင်းတွေ ကျွန်တော့်ကို ညှာညှာတာတာ ဆိုလိုက်ကြပုံများ . . . .

ဖုန်းအကြိမ်ကြိမ်ခေါ်သော်လည်း ဖုန်းဝင်ရဲ့သားနှင့် သူမ [illegible]ကိုင်။ ကျွန်တော့်ရင်မှာ အလိုလိုပူလောင်ကာလာသည်။ သူမကား [illegible]ကောက်လာလျှင် အနည်းဆုံးတစ်ပတ်လောက်ကြာအောင် [illegible]တိတ်တတ်သည်မို့ ဘာပြောပြော ကျွန်တော့်အတွက်တော့ ဖုန်း [illegible]တ်မရ၊ လူချင်းမတွေ့ရနှင့် အတော်အနေရထိုင်ရ ခက်စေသည် [illegible]စ်သည်။

ဘယ်နှကြိမ်မြောက်မှန်းမသိ ခေါ်တော့မှဖုန်းကိုကိုင်သည်။ [illegible] ကျွန်တော့်ဖုန်းမှန်းသိနေသည်မို့ ဆောင့်ကြီးအောင့်ကြီးဖြင့် 'ဟဲလို' [illegible] အလိုမကျစွာ သူမထူးသည်။

"ဟဲလို . . အိပ်ပြီလား . ."

"ဖုန်းထပ်မဆက်နဲ့တော့ . . ."

"ချစ်ကလဲကွာ . . ."

"ဖုန်းမဆက်နဲ့လို့ပြောထားတယ်နော်. . လုံးဝမခေါ်နဲ့ ဒါပဲ"

သူမက ပြောလိုသမျှကို ပြောပြီးဖုန်းချသွားသည်။ သူမက [illegible]န်းမခေါ်နှင့်ဟုဆိုသော်လည်း ကျွန်တော် မနေနိုင်ပါ။ အပြစ်ရှိသူ



www.burmeseclassic.com

www.burmeseclassic.com



မို့ ချော့ရန်တာဝန်မှာ ကျွန်တော့်တာဝန်ပင်ဖြစ်သည်။

တစ်ခါခေါ်ရုံနှင့်သူမ ဖုန်းမကိုင်၊ သုံးကြိမ်မြောက်ရောက်တော့မှ သူမဖုန်းကိုကိုင်သည်။ ပြီး 'ပြော' ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

"ဘာဖြစ်လို့ ကိုယ့်ဖုန်းမှန်းသိရဲ့သားနဲ့ မကိုင်ရတာလဲကွာ"

"မကိုင်ချင်လို့ပေါ့ . . ရှင်းနေဘာပဲ . . ."

သူမက ခပ်ပြတ်ပြတ်ပင် ဆိုသည်။

"ကိုယ်က ဖုန်းမကိုင်မချင်း ခေါ်နေမယ်ဆိုရင်ကော"

"ဖုန်းပိတ်ထားလိုက်မှာပေါ့ . . ဒါများ အဆန်းလုပ်လို့"

"တော်တော်ရက်စက်တာပဲ . . ."

ခနဲ့တဲ့တဲ့ဆိုသော ကျွန်တော့်စကားကြောင့် သူမ ဆွေ့ဆွေ့ခုန်သွားဟန်တူသည်။ 'အခုမှ သိလား' ဟု အာခေါင်ခြစ်ကာ အော်သည်။ ပြီး တစ်လက်စတည်းပင် . . . .

"ဒီလို ရက်စက်တတ်မှန်း သိရင်လည်း ဖုန်းမခေါ်နဲ့ပေါ့"

"ချစ်ရဲ့အသံလေးမှမကြားရရင် လွမ်းရလွန်းလို့ ကိုယ်အိပ်ပျော်မှာမဟုတ်ဘူး . ."

"သေပေါ့ . . ."

ရုပ်ကြမ်းကြီးနှင့်နွဲ့သော ကျွန်တော့်စကားကို သူမက 'သေပေါ့' ဟု ဘုတောသည်။

"ကိုယ်က ဘာဖြစ်လို့ ရောက်မလာတာလဲဆိုပြီး စိတ်ပူပေးရမယ့်အစား ဘာဖြစ်လို့ တစ်ဖက်သတ် စွပ်စွဲချက်တွေနဲ့ ကိုယ့်ကို တင်းနေရတာလဲ . . ."

"တော်ပြီ . . ဘာဆင်ခြေမှ မကြားချင်ဘူး . . ."

"ချစ်ရာ . . နားထောင်ကြည့်ပြီးတော့မှ . . ."

"ဘာမှ လာရှင်းပြမနေနဲ့ . . ဖုန်းလည်း ထပ်မခေါ်နဲ့ . . .





. . .ပိတ်ထားလိုက်တော့မယ် . . . ဒါပဲ . . ."

စကားကို ရေပက်မဝင်အောင်ပြောပြီး သူမ ဖုန်းချသွား. . .။ ထပ်ခါ ထပ်ခါ ခေါ်ကြည့်သော်လည်း ဖုန်းမှစက်ပိတ်ထား. . .တုသာ အကြောင်းပြန်သည်။

ကျွန်တော် ဟိုသကောင့်သားသုံးကောင်၏ စပ်ဖြီးဖြီး မျက်. . .ကို မြင်ယောင်ရင်း တက်ကို ခပ်ပြင်းပြင်းခေါက်ဖြစ်သည်။

"တောက် !"

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချင်းဆိုင်မှလာနေသော ကျွန်တော့်ကိုတွေ့လျှင် တွေ့ချင်း သူမ မျက်နှာတင်းခနဲ တည်ကာသွားသည်။ စောစောက တော့ သူမ သူငယ်ချင်းနှင့်နှစ်ယောက် ရယ်ကာမောကာဖြင့် စကား ပြောရင်းလျှောက်လာနေကြခြင်းဖြစ်သည်။

လမ်းလျှောက်နေသည်ကိုပင် ရပ်တန့်လိုက်သော သူမကို သူမ၏ သူငယ်ချင်းက ကြောင်တောင်တောင်ဖြင့်ကြည့်သည်။ ပြီး ကျွန်တော့်ကိုကြည့်ကာ ..'ဘယ်လို ဖြစ်နေကြတာလဲ' ဟူသော သဘောဖြင့် မေးဆတ်ပြသည်။ ကျွန်တော်က တစ်ဖက်သို့ မျက်နှာ လွှဲထားသော သူမကို မေးထိုးပြရင်း 'ကောက်နေတယ်' ဟု လက်ညှိုး ကို ကွေးပြဖြစ်သည်။ 'သဘောပေါက်ပြီ' ဟူသော သဘောဖြင့် ၎င်း သူငယ်ချင်း ခေါင်းညိတ်ပြရင်း 'ငါလစ်ပြီ' ဟူသော သဘောဖြင့် အမူအရာ လုပ်ပြရင်းရှောင်ထွက်ကာ သွားသည်။

ရှောင်ထွက်သွားသော သူငယ်ချင်းလုပ်သူကို 'ဟဲ့ .. ဘယ် လဲ' ဟု လိုက်အော်ရင်း သူမက ကျွန်တော့်ကို လှမ်းကြည့်ကာ ဒိုင်း





ခနဲ ဖုက်စောင်းထိုးသည်။ ပြီး သူမ၏ သူငယ်ချင်းနောက်သို့လိုက်ရန် ပြင်သည်။

"ခဏနေပါဦး ..."

ဘေးချင်းယှဉ်လျက်ဆိုသော ကျွန်တော့်စကားကို သူမက ကြားယောင်ပြုသည်။

"ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ ..."

"မကိုင်ချင်လို့ပေါ့ .. ရှင်းနေတာပဲ ..."

ပက်ခနဲ ပြန်၍ဆိုသော သူမ မျက်နှာမှာ စိတ်ကောက်နေ ...သော အမူအရာတို့ဖြင့် ပြည့်လျှမ်းကာနေသည်။ ကြည့်ရတာ ...ဖို့ သိပ်တော့ လွယ်မည့်ပုံမပေါ်။

"ကိုယ် တောင်းပန်ပါတယ်ကွာ ..."

"မလိုပါဘူး ..."

ပက်ခနဲ၊ ပက်ခနဲ ဖြတ်ဖြတ်၍ဆိုသော သူမကို ကျွန်တော် ...နှစ်ဖက်ကိုကိုင်ပြီး ဆွဲခါပစ်ချင်လောက်အောင် အူယားနေမိ ...ည်။ ဘယ်လောက်တောင် ချစ်စရာကောင်းသော ကောင်မလေး ...ယ်။ ဆတ်ခနဲ သူမလက်ချောင်းလေးတွေကို ဖမ်းဆုပ်ထားသော ...ါ သူမက ဝုန်းခနဲ ပြန်ဆောင့်ဆွဲသည်။

"အဲဒီလိုစိတ်ကောက်နေရင် ကိုယ်မနေတတ်ဘူး .. ချစ်ရာ"

"မနေတတ်ရင် လဲသေလေ ... အဲ .. ဒီမှာ ..."

"ရင်ထဲမှာမပါတဲ့စကားတွေ မပြောပါနဲ့ကွာ .. ကိုယ် နေ ...တောင်းထိုင်မသာဖြစ်ရင်တောင်မှ မျက်ရည်လေးဝဲတဲ ဝဲတဲနဲ့ ...နှိုင်တတ်တဲ့ လူကများ ..."

ရယ်ကြဲကြဲဖြင့် ပြောင်ချော်ချော်ဆိုသော ကျွန်တော့်စကား ...ကြောင့် သူမရှက်ဝဲဝဲဖြင့် ပြုံးမယောင်ယောင်ဖြစ်ကာသွားသည်။ ပြီး

"အရှက်ကို မရှိဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ကြိုက်မရှက်၊ ငတ်မရှက်ပါဆိုနေမှ . . ငတ်နေ တော့လည်း . . . အဲလေ . . ဟုတ်ပေါင် . . ချစ်နေတော့လည်း အရှက်မရှိတော့ဘူး . . ဒီလိုပဲ . . ."

ပြောင်ချော်ချော် နောက်တောက်တောက် ဆိုသော ကျွန်တော့်စကားအဆုံးမှာတော့ သူမ၏ အပြုံးများက ငွမ်းခနဲ အဲ လေ . . ဖျန်းခနဲ ပွင့်ချလာတော့သည်။ ပြီး . . 'သွား' ဟု ရှက်ဝဲဝဲဖြင့် ကျွန်တော့်ပခုံးကို ထုသည်။

စိတ်ကောက်ပြေသွားပြီဆိုတာ သိလိုက်သည်မို့ ကျွန်တော် သူမ၏ ညာဘက်လက်ဖဝါးကို တရှုတ်သိုင်းကားများထဲမှ အဆင့်မြင့် သိုင်းသမားတစ်ယောက်၏ လျှင်မြန်ခြင်းမျိုးဖြင့် ဆတ်ခနဲ ကိုင်ဖြစ် သည်။

"အရှက်က တကယ်ကို မရှိတော့ပါလား . . ."

သူမက တစ်ယောက်တည်း ရေရွတ်သလိုလိုနှင့် ကျွန်တော့် ကို စောင်း၍ဆိုသည်။

"ပြောပြီးပြီလေ . . ကြိုက်မရှက်၊ ငတ်မရှက်လို့၊ ဒီကောင်က ငတ်နေတာ ကြာပြီ . . ."

"ဘာ! . . ."

"အချစ် . . အချစ်ငတ်နေတာ ကြာပြီလို့ ပြောတာ"

သူမ ကျွန်တော့်ကို ဘာစကားမှမဆိုတော့။ ဘာပြောပြော သူမ၏ နူးညံ့သောလက်ဖဝါးကတော့ ခပ်ကြပ်ကြပ်ဆုပ်ကိုင်ထား သော ကျွန်တော့်လက်ထဲမှာ သေချာပေါက်ရှိနေခဲ့လေသည်။ ဒီတစ် ခေါက် သူမစိတ်ကောက်ချိန်မှာ မထင်မှတ်ဘဲ တိုတောင်းကာနေ သည်။

ပြန်ပြေလည်သွားသောအထိမ်းအမှတ်အဖြစ်နှင့် ကျွန်တော် ...င် စတင်အောက်ကျို့ပြီး သူမကို ချိန်းရသည်။ သူမ၏ ဟန်းဖုန်း ...ခေါ်သောအခါ သူမ ချက်ချင်းကိုင်သည်။

"ဟဲလို . ."

"ချစ် . . ကိုယ်တို့ ဆုံကြမယ်လေ . . ."

"ဆုံချင်ပါဘူး . . လာတာလည်း မဟုတ်ဘူး . . ချိန်းပြီး ...ာ့ လူကိုအရှုးလုပ်တယ် . . ပြီးတော့မှ ကွယ်ရာမှာ ဟားမှာမ ...လား . . ."

"အာ . . ချစ်ကိုယ့်ကို တော်တော် အထင်သေးတာပဲ . ."

"အစောကြီးကတည်းကလည်း အထင်မကြီးပါဘူး . ."

ပြောပြီး သူမ ခပ်တိုးတိုးရယ်သည်။

"ဒီလိုလုပ်ကွာ . . ချစ်တို့ လမ်းထိပ်မှာကိုယ်လာကြိုမယ် အတူတူ သွားကြတာပေါ့ . . မကောင်းဘူးလား . . ."

"မကောင်းဘူး . . အိမ်ကလူတွေ မြင်သွားမှ ဟုတ်ပေ့ဖြစ် ...ဦးမယ်။ ဟိုကပဲစောင့် . . ကြိုရောက်နေပါစေနော် . . ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျလို့ကတော့ လုံးဝခွင့်မလွှတ်ဘူး . . . ဒါပဲ . . ."

"ဟုတ်ကဲ့ပါဗျာ . . ဒါနဲ့ ချစ် . . အခု ဘယ်မှာလဲ . . လမ်း မှာလား . . ."

ဖုန်းဆူညံနေသောကြောင့် 'လမ်းမှာလား' ဟု ကျွန်တော် မေးဖြစ်သည်။ ဒါကို သူမက မကြား 'ဘာ' ဟု ပြန်မေးသည်။

"လမ်းမှာလား လို့မေးတာ . . ."

"ကိုနော် . . အူကြောင်ကြောင် မလုပ်နဲ့ . . ဘာ 'နမ်းမှာ လား' လဲ . . လူကို ဘာထင်နေလဲ၊ မလာဘဲနေလိုက်မှာနော် . . ဟွန်း . . ."

"အာ . . လမ်းမှာလားလို့ မေးတာ . . ဖုန်းသံ ဆူညံနေလို့ လမ်းပေါ်မှာလားလို့ မေးတာ . . ဘယ်ကနေ ဘယ်လို နားကြား ရပြန်တာတုံး . . ."

ကျွန်တော် ရှင်းပြတာကို နားထောင်ရင်း သူမက 'ဪ . . အဲဒီလိုလား' ဟု ရှက်ရှက်ဖြင့်ဆိုသည်။ ပြီး ရယ်ဖွဲ့ဖွဲ့ဖြင့် . . 'Sorry Sorry' ဟုဆိုသည်။

"ကိုယ့်ဘာက်ကိုယ်ယက်ပြီး ကြားချင်တာတွေစွတ်ကြား တာကိုး . . လမ်းမှာလားလို့မေးတာကိုပဲ နမ်းမှာလား ကြားရတယ်။"

"ကိုနော် . . Sorry လို့ တောင်းပန်ပြီးသားကို ထပ်ခါ . . ထပ်ခါပြောနေတယ် . . စိတ်ဆိုးလိုက်ရမလား . . ."

နောက်ဆုံးတော့ သူမက 'စိတ်ဆိုးလိုက်ရမလား' ဆိုသော စကားဖြင့် အနိုင်ပိုင်းကာ ခြိမ်းခြောက်စကားဆိုသည်။

"ကဲပါ . . ကိုယ်အရှုံးပေးပါတယ် . . ."

"အဲဒီလို လိမ္မာမှပေါ့ . . ."

သူမအသံက အဆုံးစွန် ချိုမြကာနေသည်။

"ဒါဆို ကိုယ်ကြိုစောင့်နေမယ်နော် . . . (၁၀)နာရီ ထော





ထင်းလောက်ကတည်းက ကိုယ်ရောက်နေစေရမယ် . . မရောက်ခဲ့ရင် ကြိုက်သလိုပြော . . . . OK?"

"အပြောနဲ့အလုပ် ညီပါစေနော် . . ဒီတစ်ခါ တစ်ခုခုလွဲ ချိုတာတော့ လုံးဝပဲ . . ."

"အေးပါလို့ဆို . . အခု လမ်းမှာပဲလား . ."

ရုတ်တရက်ထမေးသော ကျွန်တော့်အူကြောင်ကြောင်အမေး ကို သူမက ခပ်တိုးတိုးရယ်ရင်း . . .

"လမ်းမှာ . . လမ်းမှာ . . ဒီတစ်ခါတော့ နားကြားလွဲမယ် ထောင်နဲ့ . . ."

"ဟုတ်ပြီ . . ဟုတ်ပြီ နမ်းမှာဆိုလည်းပြီးရော . . ကိုယ် စောင့်နေမယ်နော် . . အခု နမ်းမှာပဲမဟုတ်လား . . ."

"ဟုတ်တယ် . . လမ်းမှာ . . ."

ညစ်ကျယ်ကျယ်ဖြင့် တမင်လွဲပြောသော ကျွန်တော့်စကား ကို သူမက အရယ်တစ်ဝက်ဖြင့် "ဟုတ်တယ် . . လမ်းမှာ . ." ဟု ဆိုသည်။

ချစ်သူ၏ ရယ်သံက ကျွန်တော့်နားမှတစ်ဆင့် ရင်ဘတ်ထဲ အထိ ရင်း အဆုံးစွန် ချိုမြကာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုံနေကျ . . . ပန်းခြံထဲမှ ထိုင်ခုံမှာ . . (၁၀)နာရီ မတ်တင်းတိတိ . . ကျွန်တော် ကြိုရောက်သည်။

ဒီနေ့အဖို့တော့ နောက်ကျခြင်းကိစ္စသည် ကျွန်တော့်အတွက် မရှိနိုင်တော့သည်မို့ စိတ်အစဉ်တို့က ပေါ့ပါးကာနေသည်။ သူမအနေဖြင့်လည်း နောက်ကျစရာအကြောင်းမရှိ။ သူမကား အချိန်ကို အလွန်လေးစားသူဖြစ်သည်ကိုး။ တစ်ခုတော့ရှိသည်။ သူမဘာသာ သူမ မည်မျှပင် အချိန်တိကျနေပါစေ။ အကြောင်းတစ်ခုခုကြောင့်တော့ နောက်ကျချင် ကျနေနိုင်သည်။ ထိုသို့မျှား နောက်ကျခဲ့သည်ရှိသော ကျွန်တော့်အတွက်ကတော့ ဂိုကျစရာတစ်ခု ဖြစ်လာနိုင်သည်။

ချစ်သူအကြောင်းစဉ်းစားရင်းက နာရီကိုကြည့်ဖြစ်သည်။ (၁၀)နာရီထိုးရန် (၇)မိနစ်ကျော်ကျော်လိုသေးသည်။ ထိုအချိန်မှာပင် . . .

"ဟယ် . . မောင်လေး . . အမယ်လေး ရှာတော့ မတွေ့





ဘူး . . မရှာတဲ့အခါကျပြန်တော့လည်း တည့်တည့်ကြီးကို တိုးနေသော့တာပါလား"

*စူးခနဲ ထအော်သော အသံကြောင့် အသံလာရာဆီကြည့်*လိုက်တော့ ကျွန်တော်တို့ လမ်းထဲမှ မသူဇာကို တွေ့ရသည်။

"ဩော် . . မဗိုက်ပါလား . . ဘယ်လဲဗျ . ."

"ဘယ်ရမလဲ . . ညောင်းသလိုလိုရှိလို့ လမ်းလျှောက်လာတာ အတော်ပဲ ကြုံတုန်း မင်းကို ကုန်ကြမ်းပေးရဦးမယ် . ."

"ဗျာ . ."

ကုန်ကြမ်းဟူသော အသံကိုကြားရသည်နှင့်တစ်ပြိုင်နက်ကျွန်တော့်ခေါင်းတွေ ကြီးချည် ငယ်ချည် ဖြစ်ကာသွားရသည်။ ဗျာဆိုအာမေဋိတ်သံထွက်သွားသည်ကိုပင်လျှင် မသူဇာက မည်သို့သဘောပေါက်လေသည်မသိ မကြားဘူးအထင်နှင့်နောက်တစ်ခေါက်ထပ်ပြောသည်။

"ငါ နင့်ကို ကုန်ကြမ်းပေးမယ်လို့ . . ပြော . . တာ"

ပြောပြောဆိုဆိုပင် သူမက ကျွန်တော့်ဘေးမှာ ဖွေ့ခနဲ ဝင်ထိုင်သည်။ တကယ်တော့ သူမပြောစကားကို ကျွန်တော့်နားမှာက ကြားတစ်ချက် ကြားတစ်ချက်။ ကျွန်တော့်စိတ်ထဲမှာ စိတ်ကူးမိနေသည်က မကြာခင်မှာ ကျွန်တော့်ချစ်သူက ရောက်လာတော့မည်။ သူ့အာ ပုံစံကြည့်ရသည်က စကားကိုတော်တော်နှင့်အမျှင်ပြတ်မည့်ပုံမပေါ်။ ကျွန်တော်တို့လမ်းထဲမှာ စကားကြောရှည်သည့်လူတွေထဲမှာ မသူဇာက စတား။

ထို့ကြောင့် မပြောမပြီး မတီးမမြည်ဆိုသလို ကျွန်တော်က မသူဇာကို ဖွင့်ပြောလိုက်ရတော့သည်။

"မဗိုက်ရေ . . ကျွန်တော်က မဗိုက်လို လမ်းလျှောက်လာတာ မဟုတ်ဘူးဗျ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ငါသိသားပဲ . . နင်က ငါ့လို ဗိုက်ကြီးသည်မဟုတ် ဘာမဟုတ်နဲ့ ဒီလိုအချိန်ကြီး ဘယ်¬¬မ်းလျှောက်ပါ့မလဲ . . ."

မဗိုက်ခေါ် ဗိုက်ကြီးသည် မသူဇာက 'သိသားပဲ' ဟု တုံ့ပြန်သည်။

"ကျွန်တော်က ကျွန်တော့်ကောင်မလေးနဲ့ . . အဟဲ"

"ချိန်းထားတာ မဟုတ်လား . . ငါလည်း ငယ်ရာက ကြီးလာတာ . . သဘောပေါက်ပါတယ် . . ."

မဗိုက်က သူမ၏ ဗိုက်ကိုပွတ်ရင်း 'ငယ်ရာက ကြီးလာတာ' ဟု ဆိုသည်။ သူမက သူမ၏အသက်သည်လည်း ငယ်ရာကကြီးလာတာဖြစ်ကြောင်း ဆိုသော်လည်း သူမက သူမ၏ စူထွက်နေသော ဗိုက်ကိုပွတ်ရင်း 'ငယ်ရာက ကြီးလာတာ' ဟု ဆိုလိုက်သောအခါ . . ကျွန်တော်တစ်လွဲတွေ တွေးပြီးရယ်ချင်သွားမိသည်။ မဗိုက်က စကားကိုဆက်သည်။

"နင့်ကောင်မလေး မရောက်ခင် ငါနဲ့အရင် . . ."

"မရင်တော့ဘူး အစ်မရဲ့ . . ကျွန်တော့်ကောင်မလေးက ရောက်လာတော့မှာ . . ."

"ဟဲ့ . . ရောက်လာတော့လည်း ဘာဖြစ်လဲ . . ငါနဲ့အရင် စကားလေးတစ်ခွန်း၊ နှစ်ခွန်းပြောပြီးတော့မှ နင်တို့ဘာသာ နင်တို့ တစ်နေကုန် ငုတ်တုတ်ထိုင်ကြပေါ့ . . ."

ဗွတ်ကြီးကို ကုန်ကြမ်းပေးချင်နေသော မသူဇာ ခေါ် မဗိုက်ကို ကြည့်ရင်း စိတ်လေလေဖြင့် ကျွန်တော် ခေါင်းကို ခပ်ကြမ်းကြမ်း ကုတ်ဖြစ်သည်။

ထိုစဉ်မှာပင် ပန်းခြံထဲရှိ သစ်ပင်ကွယ်မှနေ ကျွန်တော့် ကောင်မလေးက 'ဘွား' ခနဲ ပေါ်လာသည်။ ကျွန်တော်နှင့်ယှဉ်ထိုင်နေသော မဗိုက်ကို မြင်သောအခါ လှမ်းလာလက်စ ခြေလှမ်းတို့





ချိတန့်ကာသွားသည်။ ကျွန်တော့်ကောင်မလေးက တစ်ခါမှမမြင်ဖူးသော မဗိုက်ကိုကြည့်နေသလို မဗိုက်ကလည်း ကျွန်တော့်ကောင်မလေးကို ပြူးကြောင်ကြောင်ဖြင့်ကြည့်ကာနေသည်။ ဒီအနေအထားသို့ ကျွန်တော် ထိန်းရတော့သည်။

"အဲဒါ ကျွန်တော့် ကောင်မလေးလေ . . လာ ချစ်"

"ဪ . . ဒါ မင်းကောင်မလေးလား . . ချစ်စရာလေးပါလား . . လာ . . လာ ညီမ လာ . ."

မဗိုက်က ကျွန်တော့်ကောင်မလေးကို လှမ်းခေါ်ရင်း သူမထားမှနေရာကို ပုတ်ပြသည်။ သဘောက ကျွန်တော်တို့ချစ်သူနှစ်ယောက်ကြားမှာ သူမက မိန့်မိန့်ကြီးနေရာယူမည့်သဘော။ ကြောင်တောင်တောင်ဖြင့် ရပ်ကြည့်နေသော ကျွန်တော့်ကောင်မလေးကို ကြည့်ရင်း မဗိုက်က 'လာပါ ညီမလေးရဲ့' ဟုဆိုရင်း ဆတ်ခနဲ ထသွားကာ ဆွဲခေါ်လာကာ ထိုင်စေသည်။ ကျွန်တော်တို့နှစ်ယောက်၏ကြားမှာ မိန့်မိန့်ကြီးထိုင်နေသော မဗိုက်ကိုကျော်ကာ ကျွန်တော့်ကို လှမ်းကြည့်ရင်း 'ဘယ်လိုလဲ' ဟု မျက်ခုံးပင့်ပြသည်။ ကျွန်တော်က 'ဘာမှန်းမသိပါဘူး' ဟူသော သဘောဖြင့် စိတ်ပျက်လက်ပျက် ပခုံးတွန့်ပြဖြစ်သည်။

"ဟဲ့ . . ငါ့ကို နာမည်လေး ဘာလေး မိတ်ဆက်ပေးဦးလေဟယ် . . ."

အလိုက်ကန်းဆိုး နားမလည်သော မဗိုက်ကိုကြည့်ရင်း ကျွန်တော်ငိုချင်သွားရသည်။ ကြည့်ဦး . . ကျွန်တော်တို့ချစ်သူ နှစ်ယောက်ကြားမှာလာပြီး ကန့်လန့်တိုက်နေသည်။ နှစ်ယောက်အလယ်မှာ တားရား ကားရားဖြင့် အလွတ်ထိုးချင် ကြိတ်ချင်နေသည့် လက်ဝှေ့သမားနှစ်ဦးကြားမှ ဒိုင်လူကြီးလိုလို၊ စိန်ပွဲစား ကျောက်ပွဲစားကြားမှ ဆေးရိုးသည်လိုလို လူပိုကြီးဖြစ်လို့ ဖြစ်နေမှန်းသိပုံမပေါ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနာမည်က ချစ်သက်ထားပါ မမ . . ."

မျက်နှာကြီးသုန်မှုန်ကာ မဗိုက်ကို မျက်စောင်းတခဲခဲလုပ်နေသော ကျွန်တော့်ကို ရယ်ချင်ပက်ကျိကြည့်ရင်း ကျွန်တော့်ကောင်မလေးကပင် သူမကိုယ်သူမ မိတ်ဆက်သည်။

"ဟယ်တော့ . . နာမည်လေးကလည်း ချစ်စရာလေး။ ချ နာမည်က သူဇာတဲ့။ ဒီ မောင်လေးနဲ့ တစ်လမ်းထဲပေါ့။ ဒီ မောင်လေး လည်း စာရေးဆရာဖြစ်ရော မတို့က ကိုယ်ကြုံခဲ့ရသမျှ ကုန်ကြမ်း တွေကို သူ့ချည်းပဲဖောက်သည်ချရတော့တာပေါ့။ အဟင်း ဟင်း ဒါနဲ့ပြောရဦးမယ် ညီမလေးရေ . . ဒီခုံကလေ . . ဟိုးအရင်တုန်းက မနဲ့မအမျိုးသားနဲ့ ရည်းစားဘဝတုန်းက ထိုင်နေကျခုံလေ။ အခုတော့ လည်း ဒီခုံလေးရဲ့ ပိုင်ရှင်တွေက ပြောင်းသွားပြီပေါ့နော် . . . × ×

× × × × × × × × × × × × × × × × × × × × × × ×

အရည်မရ အဖတ်မရ၊ တောင်ရောက် မြောက်ရောက် စကားများကို မနားတမ်းဆိုနေသော မဗိုက်ကား ကျွန်တော့်ကို လုံး လုံးဂျောပေးထိုင်ရင်း ကျွန်တော့်ကောင်မလေး၏လက်ကို ပယ်ပယ် နှယ်နှယ်ကြီးကိုင်လျက် တွေ့ကရာတွေ ဖောနေသည်။ မဗိုက်၏ စကားတို့ကို နားထောင်ချင်ယောင်ဆောင်ရင်း သူမက မျောက်မီးခဲ ကိုင်မသလိုဖြစ်နေသော ကျွန်တော့်ကို ရယ်ကြဲကြဲဖြင့် လှမ်းလှမ်း ကြည့်သည်။

မသူဇာကတော့ သူ့နောက်ကနေ လက်သီးဖြင့်ရွယ်နေသော တစ်ခါတစ်လေ တံတောင်ဖြင့်ရွယ်နေသော ကျွန်တော့်ကို မမြင်၊ ကျွန်တော့်ကောင်မလေး၏လက်ကို မလွှတ်တမ်းကိုင်ရင်း မျက်စိ မဖွင့်စတမ်း ခရားရေလွှတ် တတွတ်တွတ်ဖြင့် ပေါက်ပေါက်ဖောက် ကာနေသည်။ ကျွန်တော့်ကောင်မလေးကတော့ မဗိုက်ကိုနောက်မှ တံတောင်ဖြင့်ရွယ်လိုက်၊ လက်သီးဖြင့်ရွယ်လိုက် လုပ်နေသော





ကျွန်တော့်ကိုကြည့်ကာ မဗိုက် မရိပ်မိအောင် ကြိတ်၍ပြုံးသည်။

"အဲဒါ ညီမလေးရယ် . . 'ဗိုက်တစ်လုံးနှင့် သူ၏ပစ်မှတ်' ဆိုပြီးတော့ မ,ကိုယ်တိုင် ခေါင်းစဉ်ပေးထားတဲ့ ကုန်ကြမ်းကို သူ့ကို ပေးခဲ့မလို့ . . ."

"ပြောမှာဖြင့်လည်း မြန်မြန်ပြောဗျာ . . ."

စိတ်မရှည်တော့သည်မို့ အငေါ်တူးသော ကျွန်တော့်စကား ကို ကျွန်တော့်ကောင်မလေးက ဟက်ခနဲ ရယ်သည်။ အရိပ်သုံးပါး နားလည်သော မသူဇာခေါ် မဗိုက်ကတော့ . . . .

"ဟဲ့ . . ဖြည်းဖြည်းပေါ့ . . လက်ဖက်ကောင်းစားချင်ရင် တောင်တောင်တက်နေ့ရတယ်တဲ့ . . ငါက ဒီဗိုက်တစ်လုံးရင်းပြီး တော့ ရထားတဲ့ လူမှုရေး၊ စီးပွားရေးကိစ္စတွေကို တစ်ထိုင်တည်းနဲ့ ကုန်ကြမ်းပေးမှာ။ နင်က ဗိုက်တစ်လုံးမှ မရင်းရဘဲနဲ့ အချောင် ကုန်ကြမ်းရမှာ။ နားလည်လား . . ဒီတော့ ဖြည်းဖြည်းပေါ့ဟာ . ."

"အေးလေ . . ဖြည်းဖြည်းပေါ့ . . ."

ကျွန်တော့်ကို စချင်နေပုံရသော ကျွန်တော်၏ချစ်သူက မသူဇာ၏ စကားကို ပြောင်ချော်ချော်ဖြင့် လိုက်ထောက်ခံသည်။

ချစ်သူ၏ နှုတ်ခမ်းဖူးဖူးကိုကြည့်ရင်း ချစ်သူ၏ပါးပြင်နုနု လေးတို့ကိုကြည့်ရင်း ကျွန်တော် မချင့်မရဲကြီးဖြစ်နေရသည်။ 'မြင်သာ ပြီး မကြင်ရ' ဆိုတာ ဒါမျိုးလား . . ဟု ကျွန်တော် တွေးဖြစ်နေ သည်။ ကျွန်တော်တို့နှစ်ယောက်ကြားမှ မဗိုက်ကို ကိုင်မြှောက်ပစ်ချင် စိတ်တို့ပေါ်ကာနေသည်။

"စောစောက ပြောသလိုပေါ့ ညီမလေးရယ် . . အစ်မ ဟာကွာမလေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

"ဟုတ်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မသူဇာ၏ ဖောလုံးရှိုးလုံးတွေကြားမှာ ကျွန်တော့်ကောင်မလေးတစ်ယောက် မျောသွားသည်။ 'အင်း' 'ဒါပေါ့' 'ဟောတော့' 'ဟုတ်လား' ဆိုသော ထောက်ခံစကားတွေနှင့်လိုက်ဖော နေရင်းက သူမဘေးမှ ငုတ်တုတ်ထိုင်နေသော ကျွန်တော့်ကိုပင် အရေးမလုပ်တော့။

"ဒီနေ့စကားပြောလို့ကော အဆုံးသတ်ဦးမှာလား . . ."

တင်းတင်းရှိသည်မို့ ကျွန်တော် အာခေါင်ခြစ်ရင်းဆိုဖြစ် သည်။

"ပြီးတော့မှာပါ . . ကဲ . . ကဲ . . မတို့ မိန်းမချင်းပြောစရာ ရှိတာ ပြောရဦးမယ် . . မောင်လေး ညောင်းရင်၊ လမ်းလေးဘာလေး လျှောက်။ မလျှောက်ချင်ရင်လည်း လျှောက်၊ သွား . . သွား ဒီမှာ စကားတွေပြောရမှာ မင်းရှိတော့ မလွတ်လပ်ဘူး . . ."

"ဘာဗျ . . ."

မသူဇာ၏ စကားကြောင့် ကျွန်တော် ဝါးခနဲ အော်ငိုချင် စိတ်ပင်ပေါက်သွားရသည်။ သူတို့ စကားပြောရတာပဲ ပြောရမည် စကားတွေမို့ မလွတ်လပ်ဘူး . . ဆိုပါလား . . ."

"သူက ကျွန်တော်နဲ့ဆုံဖို့ချိန်းထားတာလေ အစ်မရဲ့ . . သူနဲ့စကားပြောရမှာက ကျွန်တော်ဗျ ကျွန်တော် . . ."

ရင်ဘတ်ကို တဖျန်းဖျန်းရိုက်ရင်းဆိုသော ကျွန်တော့်စကား ကြောင့် မသူဇာ ရုတ်တရက်ကြောင်သွားသည်။ ပြီးတော့မှ . .

"အဲ . . ဟုတ်သားပဲ . . ဘယ်ကနေ ဘယ်လို စကားစပ် မိသွားပါလိမ့် . . ဪ . . မှတ်မိပြီ . . ကုန်ကြမ်းပေးမယ်ဆိုတာက နေ . . ဆင့်ပွားသွားတာ . . ဟုတ်ပ . . ကုန်ကြမ်းတောင် မင်းကို ပြောမပြရသေးဘူး . . ."

"မပြောတော့နဲ့ အစ်မ . . အစ်မရဲ့ကုန်ကြမ်းကို ဆက်နား





ာင်မယ်ဆိုရင် နှစ်ကူးသွားနိုင်တယ်။ နောက်ကြုံမှပဲ ပြောတော့ စ်မရယ် . . ကျေးဇူးတင်တယ် . . ဒီမှာ နေ့လယ် (၁၂)နာရီ ောင်ထိုးတော့မယ် . . အစ်မ ဗိုက်မဆာသေးဘူးလား . . မဆာ ည်း ပြန်တော့ . . ဆာလည်းပြန်တော့ . . အိမ်ကလူတွေ စိတ်ပူ လိမ့်မယ် . . ပြန်တော့ . . နော် . . အစ်မ . . ."

ရွဲ့ပြီးဆိုသော ကျွန်တော့်စကားအဆုံးမှာ ကျွန်တော့်ချစ်သူ ခွီးခနဲရယ်သည်။ မသူဇာကတော့ ခပ်တည်တည်ပင် ကြောင် ောင်တောင်ဖြင့် . . .

"အေး . . အေး . . မင်းပြောမှ သတိရတယ် . . နေ့လယ် စားဖို့နီးနေပြီပဲ . . အိမ်ပြန်ပြီး ယောက်ျားနဲ့ယောက္ခမ ပူးပေါင်း ချက်ထားတဲ့ စားဖွယ်သောက်ဖွယ်တွေ ပြန်တီးလိုက်ဦးမယ် . . ကဲ . . ကဲ ညီမလေး . . မ, သွားတော့မယ်နော် . . . ဆုံဦးမယ် သိလား"

"ဪ . . သံယောဇဉ် အမျှင်က တန်းနေသေးတယ်။ ပြန် တို မပြန်ဘူး . . အိမ်ကလူတွေ မျှော်နေပါ့မယ်ဆိုနေမှ . . မြန် ထပြီး မြန်မြန်သာကြွ . . လမ်းကို ဂရုတစိုက်လည်းလျှောက်ဦး . . ဗိုက်ကြီးတကားကားနဲ့ မှောက်လဲနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

အရွဲ့တိုက်သော ကျွန်တော့်စကားကို မသူဇာက အဖက်ပင် လုပ်တော့ . . ဗိုက်ကြီးတကားကားဖြင့် ကော့ပက်ကော့ပက် လိမ် စ်လိမ်ကျစ်ဖြင့် ထထွက်သွားသည်။

ကျောခိုင်းသွားသော မသူဇာကိုကြည့်ရင်း အီလည်လည်ကြီး နေသည့် ကျွန်တော့်မျက်နှာကိုကြည့်ကာ ချစ်သူက တခွီးခွီးရယ် သည်။

"သိပ်ပျော်နေတယ်ပေါ့ ဟုတ်လား . . ."

အံကြိတ်ကာဆိုရင်း ရယ်မောနေသည့် ချစ်သူ့ပခုံးကို နှန်တော်ဆွဲအပွေ့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ဟဲ့ . . ဟဲ့ . ."

တဟဲ့ဟဲ့နှင့် ဘယ်အချိန်က ပြန်ရောက်လာမှန်းမသိသော မပိုက်။ ကျွန်တော်တို့နှစ်ယောက်ကို ခါးထောက်ရင်း ပြုံးစိစိဖြင့် ကြည့်ကာနေသည်။

"ဘာလဲဗျာ . . ."

စိတ်မရှည်သံကြီးဖြင့်ဆိုသော ကျွန်တော့်စကားအဆုံးမှာ မပိုက်က . . .

"ဘာမှတော့မဟုတ်ပါဘူး . . ဘယ်ရက်တွေ နင်တို့ ထပ်လာကြဦးမလဲလို့ မေးမလို့ . . ."

"ပြောပြစရာလားဗျ . . ."

ကြဲကြဲဖန်ဖန် ပဲလှော်ကြား ဆားညှပ်ချင်နေသော မပိုက်ကို ကျွန်တော် မျက်လုံးစုံမှိတ်ကာ အော်ဖြစ်သည်။ မပိုက်ကတော့ ခပ်တည်တည်နှင့်ပင် ခေါင်းကိုကုတ်ရင်း . . .

"ညီမလေးနဲ့ စကားလေးဘာလေး ပြောရအောင်လို့ပါဟယ် . . ."

သူမ၏ စကားကြောင့် ကျွန်တော် ခုံနှင့်ခေါင်းနှင့် ဆောင့်ပစ်ချင်စိတ်ပင် ပေါ်သွားရသည်။ ဘယ့်နှယ်ဟာကြီးပါလိမ့် . . .။

ကျွန်တော့် ကောင်မလေးကတော့ ကျွန်တော့်ကိုတစ်လှည့် မသူဇာကိုတစ်လှည့်ကြည့်ရင်း ရယ်ကြဲကြဲလုပ်ကာနေသည်။

မပိုက်လုပ်ပုံကိုလည်း ကြည့်ဦး။ ကျွန်တော်တို့ လာချိန်းကြမည့်နေ့ကိုပင် သူမက ကြိုသိချင်နေသေးသည်။ ပြီး . . သူမက လာစောင့်နေမည့်သဘော။ မည်မျှပဲ အလိုက်ကမ်းဆိုးမသိဘူးပဲ ထား . . ဒီလောက်ထိတော့ မအူသင့်၊ မအသင့်ဟု ကျွန်တော် ထင်သည်။

"ဒီပန်းခြံကိုပဲ လာမှာမဟုတ်လား . . ."

မပိုက်က ကျွန်တော့်ကောင်မလေးကို မေးဆတ်ရင်း မေး

တော်ဝင်မြို့မ စာအုပ်တိုက်



သည်။ ကျွန်တော့်ကောင်မလေးကလည်း ကျွန်တော့်ကို ရယ်ကြဲကြဲဖြင့်ကြည့်ရင်း မသူဇာကို 'ဟုတ်ကဲ့ . . အစ်မ' ဟုဖြေသည်။ မသူဇာခေါ် မပိုက်က ထိုအခါမှ သက်မချရင်း . . .

"ဒါဆို ပြောပါဦး . . ဘယ်နေ့လောက် လာကြဦးမလဲ"

မသူဇာ၏အမေးအဆုံးမှာ ကျွန်တော့်ကောင်မလေးက ခွီး ရယ်သည်။ ကျွန်တော်ကတော့ ဒေါသထွက်ထွက်ဖြင့်ပင် မသူဇာ ကုန်းအော်ဖြစ်သည်။

"ပြော . . ပြောပြစရာလား . . လာချင်တဲ့နေ့ လာမှာပေါ့ . . ကျွန်တော်တို့ဘာသာ ရည်းစားချိန်းတာကိုပဲ . . ခင်ဗျားကို ကြော်ငြာတင်နေရဦးမှာလား . . ."

ကျွန်တော့်စကားကို မသူဇာကတော့ ခပ်အေးအေးပင် ပြန်သည်။

"ကိစ္စတော့မရှိပါဘူး . . လာချင်တဲ့ရက်သာလာခဲ့ . . မ,က ကြော်ကြော်ရင်း၊ အတွဲချောင်းရင်း . . အဲလေ . . . လေကောင်း သန့်ရှူရင်း ဒီမှာ နေ့တိုင်းရှိနေမှာပဲဟာ . ." တဲ့ . . .။

ကျွန်တော် 'သေပြီ ဆရာ' ဟုပင် မရေရွတ်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



မဗိုက်ခေါ် မသူဇာထွက်သွားပြီး အတန်ကြာသည်အထိ ကျွန်တော့်ကောင်မလေးက တခွီးခွီးဖြင့် ရယ်၍ကောင်းတုန်း။ ကျွန်တော်ပါရောယောင်ပြီး အောင့်သက်သက်ဖြင့် လိုက်ရယ်ဖြစ်သည်။ ပြီး ရှူးချင်ယောင်ဆောင်ပြီး သူမ ပခုံးကို မသိမသာဖြင့် ခပ်ဖွဖွဖက်ဖြစ်သည်။ ပြီး တံတွေးကို ဂွပ်ခနဲ မျိုချရင်းက . . . 'ထုံ . . အနှောင့်အယှက်လည်း ကင်းပြီ' ဟု တွေးနေတုန်း သူမက . . .

"ပြန်ကြရအောင်လေ . ."

ကျွန်တော် `နင်တင်တင်ကြီးဖြစ်သွားရသည်။ စကားပေါင် တစ်ခွန်းမှမဆိုရသေး။ ဘာဆိုဘာမှပင်မ'ဘာ'ရသေး ပြန်မည်တဲ့

"ဘာ! ပြန်မယ် . . . အာ . . ချစ်ရာ . . ကိုယ့်မှာ ကို ချစ်သူနဲ့ စကားပြောချင်လို့ တကူးတက လာခဲ့ပြီးမှကွာ . . ချစ်သိ အတိုင်းပဲ . . ကိုယ်က အမြဲနောက်ကျရင်ကျ . . မကျရင်လည် ဘော်ဒါတွေ တမင်နှိပ်စက်လို့ မလာရတာနဲ့ အေးအေးဆေးဆေ တစ်ခါမှကို ဆုံရတာမဟုတ်ဘူး . . ဆုံတောင့်ဆုံခဲ၊ ကြုံတောင့်ကြုံ အဖျက်အဆီးအမျိုးမျိုးကို ကျော်လွှားပြီးကာမှ ဒီလိုအချိန်လေးရ ဥစ္စာ . . . (၁၅)မိနစ်လောက် နေပါဦးကွာ . . ."

"ဗိုက်ဆာနေပြီ . . ကိုလည်းသိရဲ့သားနဲ့ . . ချစ်က ဗိုက်ဆာ ရင် အိမ်ထမင်း၊ အိမ်ဟင်းစားရမှ . . သွားရည်စာမှ မစားတတ်ဘ . . ပြန်မယ် . . . ထ . . ."

သူမက ပြောရင်းဆိုရင်း ငွတ်ဆွဲပြီး ထရပ်သည်။ တားလည် ရမည်မဟုတ်သော ခေါင်းမာသည့် သူမအကျင့်ကို သိနေသည် အောင့်သက်သက်ဖြင့် ထရပ်ဖြစ်သည်။

"မျက်နှာကြီးက ဘာဖြစ်နေတာလဲ . . ."

သူမက ကလေးတစ်ယောက်ကို မေးသလိုမျိုး ကျွန်တော် မေးစေ့ကိုကိုင်ရင်း ပြုံးစိစိဖြင့်မေးသည်။





"ဒီနေ့ နေ့တွက်မှမကိုက်ဘဲ . . ဒီတော့ ဘယ်ပြုံးပြုံးနေနိုင်ပါမလဲ . . ."

"ကိုနော် . . . ဘာနေ့တွက်မကိုက်တာလဲ . . ."

သူမက ဘာကိုသဘောပေါက်သည်မသိ . . မျက်နှာကြီးနီနေအောင် ရှက်တက်တက်ကြီး ဖြစ်နေရင်းက မေးသည်။

"ချစ်သူနဲ့ စကားမပြောရတာကို ပြောတာပါ . . ."

"ရော် . . . မောင်ကလည်း ဖုန်းဆက်ပေါ့ . . ."

ညစ်ကျယ်ကျယ်ပြုံးရင်း သူမဆိုသည်။

"တူမလား . . ဖုန်းဆက်တာနဲ့ လူချင်းတွေ့ပြီး ပြောရတာနဲ့ ဘယ်လိုနည်းနဲ့မှ မတူနိုင်ဘူး။ ဒီနေ့အဖို့တော့ နေ့တွက်ရှုံးပါပြီကွာ"

တစ်ယောက်တည်း ရေရွတ်သလိုလိုနှင့် ညည်းတွားသော ကျွန်တော့်ကို ကောင်မလေးက လှောင်ရယ်ရယ်သည်။ ပြီး ဆိုလိုက်သေးသည်။

"ကိုရယ် . . တွက်ကြည့်ရင်တော့ ကို နေ့တွက်မရှုံးပါဘူး . . မဗိုက်ဆီက ကုန်ကြမ်းတွေ တစ်ထောကြီးရလိုက်တာပဲဥစ္စာ" တဲ့။

ကျွန်တော့်ချစ်သူတောင် ကုန်ကြမ်းဆိုတဲ့ စကားလုံးနှင့် အတော်ရင်းနှီးနေပြီဖြစ်သည်။ ကျွန်တော်ကတော့ ကုန်ကြမ်းဆိုသော စကားလုံးကို ကြားတိုင်း တွန့်တက်သွားရအောင် ရင်ခုန်သွားလေ့ရှိသည်။ ဘာကြောင့်မှန်းတော့မသိ။

ထိုနေ့ညက ချစ်သူဆီ ကျွန်တော်ဖုန်းဆက်တော့ ချစ်သူက ဖုန်းကိုင်သည့်နှင့် တခွီးခွီးရယ်ကာနေသည်။ ကျွန်တော်က ဘာမှန်းသိ၊ ညာမှန်းမသိနှင့် 'ဘာရယ်တာလဲ' ဟု မေးဖြစ်သည်။ သူမက . .

"ကို့ ကိုမေးစရာရှိလို့ . . . ."

"မေးလေ . . ."

'မေးလေ' ဟု ကျွန်တော်ဆိုပြီး အတန်ကြာသည်အထိ သူမ



www.burmeseclassic.com

www.burmeseclassic.com



ရယ်နေသေးသည်။ အတန်ကြာတော့မှ . . .

"ကို . . ဒီနေ့ရတဲ့ 'ဗိုက်တစ်လုံးရဲ့ ပစ်မှတ်' ဆိုတဲ့ ကုန်ကြမ်းလေးက မဆိုးဘူးနော် . . . တဲ့ . ."

ကျွန်တော် 'မသိဘူးကွာ . . မသိဘူး' ဟု ကြုံးအော်ရင်း ဖုန်းချဖြစ်သည်။ ဖုန်းမချခင်မှာ . . တခွီးခွီးရယ်နေသော ချစ်သူ ရယ်သံကို ကြားနေရသည်။

ဪ . . . ကုန်ကြမ်း . . ကုန်ကြမ်း . . . ။



'ဝင်လာမစဲ တသဲသဲ' ဆိုသော စကားသည် ကျွန်တော့်အတွက်တော့ 'ကုန်ကြမ်း'ကို ရည်ရွယ်ကာဆိုသော ဆောင်ပုဒ်ဖြစ်သည်။

ဒီနေ့လည်း လမ်းထဲက အစ်မတစ်ဦး အူယားဖားယား လမ်းပေါ်မှာ သွားနေရင်းက ကျွန်တော့်ကို တွေ့တွေ့ချင်း . . .

"ဟယ် . . မောင်လေး . . နေဦး နေဦး . . မောင်လေးကို ကုန်ကြမ်းပေးစရာရှိတယ် . . မောင်လေးအတွက်တော့ ကုန်ကြမ်း၊ အစ်မအတွက်တော့ ဝမ်းသာစရာသတင်းပေါ့ . . ."

"ဘာမို့လို့လဲဗျ . . ."

သူမ၏ ရွှင်မြူးမှုက ကျွန်တော့်ဆီ ကူးစက်လာသည်မို့ ကုန်ကြမ်းနှင့်ပတ်သက်လာလျှင် အမှတ်သည်းခြေမရှိသော ကျွန်တော် ခပ်မြူးမြူးပင် ပြန်မေးဖြစ်သည်။

"မောင်လေးရေ . . အိမ်မမြဲတဲ့ အစ်မယောကျ်ား အရက်သမား . . အခု အိမ်မြဲတော့မယ်တဲ့ . . ."

"ဩော် . . အရက်ပြတ်သွားလို့လား . . ဝမ်းသာပါတယ်ဗျာ"

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အာ . . ဘယ်ကလာ အရက်ပြတ်ရမှာတုံး ကားအတိုက်ခံရတာ . . ."

"ဗျာ . . ."

ယောက်ျားကားအတိုက်ခံရသည်ကိုပင် ဝမ်းသာအယ်လဲဖြစ်နေသော ထိုအစ်မကြီးကိုကြည့်ရင်း . . .

'ဒီအစ်မတော့ ရူးများ သွားပြီလား' ဟု တွေးမိသည်။

"အစ်မရာ . . ကိုယ့်ယောက်ျား ကားအတိုက်ခံရတာကိုပဲ ဝမ်းသာစရာလားဗျ . . သူ ဘာဖြစ်သွားသေးလဲ . . ."

"အို . . သူက ခြေတစ်ချောင်းနဲ့ လက်တစ်ချောင်းပဲ ကျိုးတာပါ။ ခြေတစ်ချောင်းတည်း ကျိုးရင် သူကချိုင်းထောက်နဲ့ လျှောက်သွားချင် သွားနေဦးမှာ။ ဟောအခု . . လက်ပါကျိုးတော့ နားကို အေးရော . . ."

ဝမ်းသာအားရဖြင့် ဝမ်းပမ်းတသာကြီး ရှင်းပြနေသော ထိုအစ်မကြီးကို ကြည့်ရင်း ကျွန်တော့်မှာ ငိုအားထက်ရယ်အားသန်နေမိသည်။

"အခုတော့ အိမ်မပြချင်လည်း ပြ၊ ပြချင်လည်း ပြပဲ။ ဒင်း ဘယ်ကိုမှ လမ်းသလားလို့ မရတော့ဘူး . . အဟက် ဟက် . . ."

ပြောနေရင်းကပင် သူမက တဟက်ဟက်ဖြင့် သဘောတကျ ရယ်လိုက်သေးသည်။ အတန်ကြာ ရယ်နေပြီးကာမှ . . . .

"သြော် . . မ, ဝမ်းသာရတဲ့ အဓိကအကြောင်းရင်းကို မပြောရသေးဘူး . . ."

"အင်း . . ဆိုစမ်းပါဦးဗျ . . ."

ကျွန်တော် စကားထောက်ပေးလိုက်သည်နှင့် သူမက အကျီလက်မောင်းကိုပင့်ရင်း . . . .

"အစ်မ ယောက်ျားက ဒီကားတိုက်မှုမှာ လမ်းကူးမှန်တယ်





လေ . . . ."

"တော်သေးတာပေါ့ဗျာ . . . ."

"အေး . . . အဲဒီမှာ ဝမ်းသာစရာကောင်းတာက . . . မ, ယောက်ျား အတိုက်ခံရတဲ့ ကားက လင့်ခရူဇာ မောင်လေးရေ . . လင့်ခရူဇာ . . ."

"ဗျာ . . . ."

ကျွန်တော် နားမလည်နိုင်မှုများဖြင့် 'ဗျာ' ဖြစ်သည်။ သူမက ဘစ်လက်စတည်း . . . . .

"ပိုဝမ်းသာစရာကောင်းတာက အဲဒီကားကို အုံနာကိုယ်တိုင် မောင်းလာတာတဲ့လေ။ အစ်မ ဝမ်းသာလွန်းလို့ ကားနံပါတ်မေ့သွားမှာတောင် စိုးရတယ် . . ကဲ . . ကဲ . . သွားပြီ မောင်လေးရေ . ."

ထ,ကတော့မလို့ အမူအရာဖြင့် တက်ကြွစွာဆိုရင်း ထွက်သွားသော ထိုအစ်မကိုကြည့်ရင်း . . . .

"မင်းအတွက်တော့ ကုန်ကြမ်း မ,အတွက်တော့ ဝမ်းသာစရာသတင်း" ဆိုသော စကားကိုသာ ပြန်ကြားယောင်နေမိသည်။

*သြော် . . . ကုန်ကြမ်း . . ကုန်ကြမ်း . . . .*။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ခန့်တို့အုပ်စု တဝါးဝါး၊ တဟားဟားနဲ့ သဘောတကျ နဲ့ရယ်နေကြသည်မို့ ဝိုင်းမှာ ခုံဆွဲထိုင်ထိုင်ချင်း ကျွန်တော် မေးဖြစ် သည်။

"ဘာရယ်နေကြတာလဲကွ . . ."

ကျွန်တော့်အမေးကို ခိုင်တိုးရော၊ သက်စိုးအောင်ပါ မဖြေ နိုင်ကြသေးဘဲ လှိုင်ခန့်နည်းတူ သကောင့်သားနှစ်ကောင် အားပါး တရ ရယ်နေကြသည်။

သက်စိုးအောင်က အူကိုနှိပ်ပြီးတော့ကို ရယ်နေသလို ခိုင်တိုး ကလည်း သူ့ပေါင်သူရိုက်ရင်း ရယ်သည်။

လှိုင်ခန့်က ရယ်ရင်းကျလာသော မျက်ရည်တို့ကို သုတ်ကာ နေသည်။

"ငါလည်း ပြောပြကြဦးလေကွာ . . ."

အားပါးတရ ရယ်မောနေကြသော သကောင့်သားများကို ကြည့်ရင်း ကျွန်တော်ပါ ရွှင်မြူးစွာ မေးဖြစ်သည်။ လှိုင်ခန့်က . . .







"ဒီလိုကွ . . ဟိုကွာ . . ငါတို့လမ်းထိပ်က လူပျိုကြီးကိုနီတို့ င်မယားကို မင်းသိတယ်မဟုတ်လား . . ."

"အေး . . သိတာပေါ့ . . သူ့မိန်းမကလည်း အပျိုကြီး၊ က်လေးဆယ်နီးမှ ယူကြတာလေ . . ."

"အေး . . အဲဒါကွာ . . သူတို့ ကလေးလိုချင်လို့ တစ်ပိုင်း နေတာ တစ်လမ်းလုံးသိတယ်။ ဟောအခု သူ့မိန်းမမှာ ကလေး းရှိပြီလို့လည်းသိရော ကိုနီတစ်ယောက် တွေ့တဲ့လူတိုင်းကို လိုက် းနေတော့တာ . . ကြွားရင်းနဲ့ငါတို့ဆီ ရောက်လာပြီး ဆက်ကြွား လေရော . . ."

"ဘယ်လို ကြွားလို့လဲ . . ."

လှိုင်ခန့်၏စကားကို ကျွန်တော် ထောက်ပေးဖြစ်သည်။

"သူက ငါ့မိန်းမမှာ ကိုယ်ဝန်ရှိနေပြီကွ လို့လည်း မပြော . . ငါ့မိန်းမမှာ ကလေးလေး လွယ်ထားပြီ လို့လည်းမပြောဘူး . . တိုးရှက်ကန်းနဲ့ 'ဟေ့ကောင်တွေ ငါလူဖြစ်ပြီကွ . . အခု ငါ့မိန်းမ ရှိနေပြီကွ . . ရှိနေပြီတဲ့ . . တကယ်တော့ သူလိုက်ကြွားလွန်း ငါတို့က သူ့မိန်းမ ကိုယ်ဝန်ရှိတာ ငါသိပြီးသားပါ။ မင်းသိတဲ့အ း ငါတို့ကလည်း နောက်တောက်တောက်မဟုတ်လား . . . ."

"မင်းတို့က ဘာနောက်လိုက်လို့လဲ . . ."

ကျွန်တော့်အမေးကို ခိုင်တိုးက ဖြေသည်။

"ဒီလိုကွာ . . လမ်းမှာ မျက်နှာချင်းဆိုင်ဆုံဆုံချင်း ဟေ့ ောင်တွေ ငါလူဖြစ်ပြီ . . ဘာညာ ဘာညာပေါ့ကွာ . . ပြီးတော့ မိန်းမမှာ ရှိနေပြီကွ . . ရှိနေပြီလို့လဲဆိုရော . . ငါက ဘာရှိတာ . . 'နောက်လင်'လားလို့ နောက်လိုက်ရော . . ဟကောင်ရေ . . တွ ဆိုပြီးတော့ ခဲနဲ့လိုက်ထုလို့ ပြေးလိုက်ရတာများကွာ . . ."

ပြောရင်း ခိုင်တိုးက တခွီးခွီးရယ်ပြန်သည်။ မင်းတို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



လေ . . ဟု အပြစ်တင်ရင်း ကျွန်တော်ပါ ရောရယ်ဖြစ်သည်။

"မင်းတို့ တော်တော်ဆိုးတာပဲ . . ."

"ပြောဖို့ ရည်ရွယ်ချက်မရှိပါဘူးကွာ . . လျှပ်တစ်ပြက် ထနောက်ချင်လာတာနဲ့ နောက်လိုက်တာ . . ညနေပိုင်းမှ သွားတောင်းပန်လိုက်ပါ့မယ် . . ."

လှိုင်ခန့်က အရယ်တစ်ဝက်ဖြင့် ဆိုသည်။ ပြီး ကျွန်တော့်ကိုကြည့်ကာ . . .

"မင်း ဖုန်းက ဘာဖြစ်တာလဲကွ . . ဆက်လို့လည်းမရဘူး"

"Hand Set ပျက်နေလို့ ပြင်ထားတာကွ . . ခဏနေမှရမှာ"

"အေး . . မင်းကောင်မလေးက ဖုန်းဆက်ဦးတဲ့ . . ."

လှိုင်ခန့်၏ စကားကို မယုံကြည်စွာ ကျွန်တော်ကြည့်ဖြစ်သည်။ လှိုင်ခန့်က 'အတည်ပြောတာကွ' ဟုဆိုသည်။ သက်စိုးအောင်နှင့်ခိုင်တိုးကပါ 'ဟုတ်တယ်' ဟု ဝိုင်းထောက်ခံကြသည်မို့ ကျွန်တော်ခိုင်ဟိုး၏ ဖုန်းကိုယူပြီး သူမကို ဖုန်းလှမ်းဆက်ဖြစ်သည်။



"ဟဲလို . ."

"ဟဲလို . . ကိုယ်ပါ . . ဖုန်းဆက်တယ်ဆိုလို့ . . ."

"ဟုတ်တယ် ကို့ဖုန်းကို ဆက်တာ . . စက်ပိတ်ထားတယ်ဆိုလို့ . . ဟိုတစ်နေ့က ကိစ္စကိုများ ကောက်နေတာလားလို့ . . ."

"အာ . . ကောက်စရာလား . . ကိုယ်ကဖြင့် သတိတောင်မရတော့ဘူး . . ကိုယ် အဲဒီလောက်ထိ သဘောထား မသေးသိမ်ပါဘူးကွာ . . ဒါနဲ့ မနက်ဖြန် ဆုံရအောင်လေ . . အချိန်ရလား"

သူမ အတော်ကြာသည်အထိ ဘာမှမဆို။ အတော်လေးကြာတော့မှ . . . .

"အင်း . ."

"ဒါဆို ကိုယ် စောင့်နေမယ်နော် . . ."

"OK"

"ဒါပဲနော် . . ."

"အင်း . . ."

"တာ့တာ . . ."

"တာ့တာ . . ."

ဘောင်ဝင်ငြိမ်း စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချပြီး ကျွန်တော် လက်ဖက်ရည်ဝိုင်းဆီ ပြန်လျှောက်လာ
ဖြစ်သည်။ ဒီတောင်တွေနှင့်နီးရာမှာ ဖုန်းပြောရ၍မဖြစ်။ သကော
သားများ နှောင့်ယှက်တတ်သည်။ ချိန်းထားသည့်ကိစ္စကိုလည်း လုံး
အသိခံလို့မဖြစ်။

ခိုင်တိုးက သူ့ဟန်းဖုန်းကို လှမ်းယူရင်း . . .

"ဈေးထဲမှာ လင်မယားနှစ်ယောက် ရန်ဖြစ်ပြီး မယား
လင်ကို ကတ်ကြေးနဲ့ထိုးလိုက်တဲ့ကိစ္စ ကြားပြီးကြပြီလား . . ."

"ဟင့်အင်း . . ."

ခိုင်တိုး၏အမေးကို ကျွန်တော်တို့သုံးကောင် ခေါင်းခါ
ဖြစ်သည်။ ပြီး 'ဆိုစမ်းပါဦး' ဟု ကျွန်တော် မေးဖြစ်သည်။

"ဒီကုန်ကြမ်းကတော့ မင်းအတွက် ရေးစရာတစ်ကွက်ပဲကွ
ဒီလိုကွာ . . ငါတို့ ရပ်ကွက်ဈေးထဲမှာ သားငါးရောင်းတဲ့လင်မယ
တစ်တွဲရှိတယ်။ ထားလိုက်ပါ။ သူတို့နှစ်ယောက် နာမည်တော့ မင်
တို့လည်း သိမှာမဟုတ်လို့ မပြောတော့ဘူး . ."

"အင်း . . ဆက်ပါဦး . . ."

ခိုင်တိုးက စကားကိုဆက်သည်။

"မနေ့က နေ့လယ်ဘက်ကြီး လင်မယားနှစ်ယောက် စကာ
များကြရင်းနဲ့ မယားလုပ်သူက စိတ်ပေါက်ပေါက်နဲ့ လင်ကို ကတ်ကြေ
နဲ့ ထိုးလိုက်တယ်တဲ့။ ချက်ကောင်းတော့ မထိပါဘူး . . ရှပ်ထိသွာ
တာပေါ့။ အဲဒီမှာ ဘေးက လူတွေက ဝိုင်းဆွဲဖျန်ဖြေပြီးတော့ မယာ
လုပ်သူကို ချော့မော့ကြတာပေါ့။ 'ညည်းအေ . . ကိုယ့်ယောကျ်ားကို
များ ဘာဖြစ်လို့ ကတ်ကြေးနဲ့ ထိုးရတာလဲ' ဆိုတော့ မိန်းမလုပ်သူ
က ခပ်တည်တည်ပဲ ပြန်ဖြေတယ်။ 'ကျုပ် ဓားရှာမတွေ့လို့ပါတော်'
တဲ့။ ကဲ . . သူပြောလိုက်တာ မရှင်းဘူးလား . . ."

ပြောရင်း ခိုင်တိုးက တဟီးဟီးရယ်သည်။ ကျွန်တော်တို့





ကောင်ပါ လိုက်ရယ်ဖြစ်သည်။ လှိုင်ခန့်က . .

"ဘယ်လိုလဲ . . ဒီ ကုန်ကြမ်းကိုချမရေးခင် မင်းကောင်မ
ဆီမှာ အရင်စမ်းကြည့်ပါလား"

ဟုဆိုသည်။

"ဘယ်လို စမ်းရမှာလဲကွ . . ."

ကျွန်တော့်အမေးကို သက်စိုးအောင်က 'ဒီလိုစမ်း' ဟု ဆိုရင်း
မြင်တစ်ယောက်လို လုပ်ပြသည်။ လှိုင်ခန့်က . . .

"ဒီလို မေးကြည့်လေကွာ . . ခင်းကောင်မလေးကို ဘာဖြစ်
'ကိုယ့်ကိုချစ်တာလဲ' ပေါ့ကွာ။ ဟိုက မင်းကို ပြန်ဖြေလိမ့်မယ်၊
ကြိုက်မယ့်လူမရှိလို့ပါတော်' ဆိုပြီးတော့ . . ."

ပြောပြီး လှိုင်ခန့်ကတဟက်ဟက်ရယ်သည်။ ကျွန်တော်ပါ
ယောင်ရယ်ရင်းက ဖျတ်ခနဲ သူမနဲ့မနက်ဖြန် ချိန်းထားတာကို
မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ချိန်းထားသည်က ထုံးစံအတိုင်း (၁၀)နာရီ။ သို့သော် အနှောင့်အယှက်များလွန်းတတ်သည်မို့ ကိုးနာရီကျော်ကျော်ကတည်းက ကျွန်တော်အိမ်မှထွက်လာဖြစ်သည်။ အိမ်ဝမှထွက်လျှင်ထွက်ချင်း ပင် ဘွားခနဲ တွေ့ရသည်က ဒေါ်လှမော်။

"ဟောတော့ . . ရှိုးတွေစမိုးတွေနဲ့ ဘယ်သွားမလို့တုံး . . မင်းကိုတွေ့တာနဲ့ အတော်ပဲ . . အန်တီက ကုန်ကြမ်းပေးမလို့ . . လန်ဒန်က သားကလေ . . ."

"ခဏလေး အန်တီ . . ခဏလေး . . ."

ကျွန်တော့်စကားကြောင့် ဒေါ်လှမော်က 'ဘာတုံး' ဟု ဆိုရင်း ဘယ်ဘက်နှင့် ညာဘက်မှာကိုင်ထားသော ကလေးဂါတ သည့် ဖုန်းနှစ်လုံးကို သူမ၏ဘေးလွယ်အိတ်မှာ ထည့်သည်။

"ဒီလိုပါ . . အခု သား သွားစရာလေးရှိနေလို့ ညနေခင်း ပြောလို့မရဘူးလား . . ."

အချိုသတ်ရင်းဆိုသော ကျွန်တော့်စကားကို နားထောင်ရင်း ဒေါ်လှမော်က 'ခဏလေး' ဟုဆိုရင်း သူမ၏ဘေးလွယ်အိတ်ထဲ





မှတ်စုစာအုပ်ငယ်ကို ထုတ်သည်။ ပြီး နှာခေါင်းထိတက်အောင်ဆိုး ထားသော နှုတ်ခမ်းနီတို့အတိပြီးသော နှုတ်ခမ်းကို ကွေးနေအောင် ပြုံးလျက် . . . .

"အင်း . . ဟိုဘက်လမ်းက စိန်ပွဲစားနဲ့တွေ့မယ့်အချိန်ကို ချက်ပြီးတော့ သားနဲ့တွေ့ရမှာပေါ့ . . ."

"ဒါဆို OK တယ်ပေါ့ . ."

"OK တယ်သား . . OK တယ် . . သားဘက်ကသာညနေ ခင်း မှန်မှန်ရောက်အောင်လာ . . . ကဲ . . အန်တီသွားမယ် . . ."

တစ်ခေါင်းလုံး ပန်းမျိုးစုံဝေနေအောင် ပန်ထားသော ဒေါ် လှမော်က ကျွန်တော့်ကို နှုတ်ဆက်ရင်း ထွက်သွားသည်။

သက်ပြင်းကို ဟင်းခနဲချရင်း ကျွန်တော်ဆက်လျှောက်ခဲ့ဖြစ် သည်။ သက်ပြင်းချလို့မှမဆုံးသေး လမ်းထိပ်အရောက်မှာ ခိုင်တိုးတို့ သကောင့်သားသုံးကောင်ကို ဘွားခနဲတွေ့လိုက်ရသည်မို့ ကျွန်တော် ထိပ်ပြာလွင့်မတတ် လန့်သွားရသည်။ ကောင်မလေးနှင့်ချိန်းထား သည်ကိုပဲ သိများသိနေကြသလားဟု စိတ်လေလေဖြင့် တွေးမိသည်။

"ငါတို့ကောင် သိပ်သားနားနေပါလား . . ဘာလဲ မင်း ကောင်မလေးနဲ့ ချိန်းထားတယ်ပေါ့ . . ."

ခိုင်တိုး၏အမေးကြောင့် ကျွန်တော်အသက်ရှူပင် ရပ်ချင် ချင်ကြီး ဖြစ်သွားရသည်မို့ ကမန်းကတမ်း ငြင်းဖြစ်သည်။

"မချိန်းပါဘူး . . ငါ့အမေခိုင်းထားတဲ့ကိစ္စလေးတစ်ခု သွား စရာရှိလို့ . . ငါတို့ လက်ဖက်ရည်ဆိုင် ထိုင်ကြမယ်လေကွာ . ."

တမင်လွှဲပစ်လိုက်သော ကျွန်တော့်စကားကြောင့် သကောင့် သားတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ လက်ဖက် ရည်ဆိုင်ထိုင်မည်ဟု ကျွန်တော်က စတင်ဖိတ်ခေါ်လိုက်သဖြင့် ကျွန် တော် ကောင်မလေးနှင့်ချိန်းမထားဟု ယုံကြည်သွား ကြပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းက အခု မင်းအမေခိုင်းထားတာ သွားမှာမဟုတ်လား . . နောက်နာရီဝက်လောက်မှ ဆုံမယ်လေ . . ."

"အေး . . . ဟုတ်တယ် . . ငါ ရေပြန်ချိုးဦးမယ် . . ."

လှိုင်ခန့်၏စကားကို ခိုင်တိုးက ထောက်ခံရင်းဆိုသည်။ ကျွန်တော့်စိတ်ထဲမှာ ဘုရားပွဲလှည့်နေသလို ရင်တွေခုန်ရင်း ဝမ်းသာလုံးတွေဆို့သွားသည်။ ဘာပြောပြော . . သူတို့သုံးကောင် (၁၀)နာရီလောက်မှ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြလိမ့်မည်။ ကျွန်တော့်ကို နှောင့်ယှက်ဖို့ အချိန်ရတော့မည်မဟုတ်။ လက်ဖက်ရည်ဆိုင်အလာ နောက်ကျလို့ ကျွန်တော့်ဖုန်းကို ဆက်လာလျှင်လည်း ကြည့်ဖြီးလိုက်ရုံသာ။

"ဒါဆို ငါလစ်ပြီ . . ."

ပြောပြောဆိုဆိုပင် ကျွန်တော် လစ်ထွက်ခဲ့သည်။ အန္တရာယ်တစ်ခုကတော့ ရှင်းသွားပြန်ပြီဖြစ်သည်။

သူတို့သုံးကောင်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ထွက်လာသော ကျွန်တော် လူတစ်ယောက်ကို မမြင်ဘဲ အုန်းခနဲဝင်တိုက်မိသည်။ 'Sorry' ဟုဆိုရင်း လှည့်ကြည့်လိုက်တော့ ကိုသံချောင်းဖြစ်နေသည်။

"ဟား . . စာရေးဆရာ . . မတွေ့တာတောင်ကြာပြီနော် , . လောင်းတိုင်း နိုး ဆိး . ."

မြန်မာလိုတစ်လှည့် အင်္ဂလိပ်လိုတစ်လှည့်ဆိုရင်း ဆရာသမားက ကျွန်တော့်လက်ကိုဆွဲယူကာ ကိုင်ထားသည်။ သေပြီဆရာ ဟု တွေးရင်း နာရီကို အလန့်တကြားကြည့်သောအခါ အချိန်က (၁၀)နာရီထိုးရန် မိနစ် နှစ်ဆယ်ခန့်သာလိုတော့သည်။

"ဟိုတစ်ခေါက်က ငါညီမနဲ့ မင်းနဲ့ကိစ္စ မပြတ်သေးဘူးလေ . . လာ . . ဆက်ဆွေးနွေးရအောင် . . ."





"အာ . . အစ်ကို . . ကျွန်တော် အချိန်မရဘူးဗျာ . . သွားစရာလေးရှိလို့ . . ."

"ခဏလေးပါကွာ . . အဖြူးမိနစ်(စ်) ကွာ . . ."

လာစင်မည့်တံတွေးတို့ကိုရှောင်ရင်း ကျွန်တော်စိတ်လေလာသည်။ ဘယ်လို ပတ်ရပါ့ဟုတွေးရင်း ချွေးတို့စို့လာသည်။

"ဒီလိုလုပ်ဗျာ . . ကျွန်တော် ခဏနေ အစ်ကိုနဲ့ဆုံခဲ့တဲ့ဆိုင်ကို လာခဲ့မယ် . . ဘယ်လိုလဲ . . ကျွန်တော် ဘယ်လိုမှ အချိန်မရလို့ပါဗျာ . . တကယ့်ကို အချိန်မရလို့ပါ . . နောက်မှတွေ့ကြမယ်ဗျာ . . နော် . . ."

ပြောရင်းဆိုရင်းဖြင့် ကိုသံချောင်းကိုင်ဆွဲထားသော ကျွန်တော့်လက်တို့ကို အမြန်ပြန်ဆွဲယူဖြစ်သည်။ ကံကောင်းထောက်မစွာပင် ကျွန်တော့်လက်က ကိုသံချောင်းလက်ထဲမှ ကျွတ်ပါလာသည်။ ဝမ်းသာအားရပင် ကိုသံချောင်းကို လက်ပြရင်း ပြေးလာခဲ့မိသည်။ ကိုသံချောင်းကတော့ 'စာရေးဆရာ' 'ကုန်ကြမ်းပေးမလို့ပါကွ' ဟု အော်ရင်း ကျန်ခဲ့သည်။

အမောတကောနှင့် လမ်းမပေါ် ပြေးလာရင်း ရှေ့မှာကြို့နေသော မြင်ကွင်းကြောင့် ကျွန်တော့် မျက်လုံးပြူးသွားရသည်။ မြင်ရသော ပုဂ္ဂိုလ်က တခြားလူမဟုတ်။ အသက်ခုနစ်ဆယ့်နှစ်နှစ် ရောက်သော အသက်နှစ်ဆယ့်ခွန်နှစ်နှစ်ကောင်မလေးကို ကြိုက်နေသော ခန့်တို့ဦးလေး ဦးသန်းအေး။ ကျွန်တော့်ကို မြင်မြင်ချင်းပင် ဝမ်းသာအားရဖြင့် 'ညီလေး' ဟုခေါ်ရင်း လက်ပြသည်။ ကျွန်တော် ချွေးချွေးပေါက်များ စို့လာသည်အထိ ထူပူသွားရသည်။

ကုန်ကြမ်းဆိုပြီးတော့ စကားဖောင်ဖွဲ့လိမ့်ဦးမည်။ ကြံရာမရဖြစ်နေစဉ်မှာပင် ကံကောင်းထောက်မစွာပင် Taxi တစ်စီး ကျွန်တော့်ရှေ့မှာ လာထိုးရပ်သည်မို့ ဘာမပြော ညာမပြောဖြင့် ယာဉ်မောင်း



www.burmeseclassic.com

www.burmeseclassic.com



## ပြည့်ဝိုင်မှုအိမ်

ဘေးမှာ ကျွန်တော်ဝင်ထိုင်ရင်း 'မောင်း' ဟု ဝရုန်း သုံးကားဆိုဖြစ်သည်။ ကားဆရာကလည်း အူကြောင်ကြောင်ပင် ကားကို ဝူးခနဲ မောင်းထွက်သည်။

လှိုင်ခန့်တို့ဦးလေး ဦးသန်းအေးကို ဝမ်းသာအားရ လက်ပြလိုက်သောအခါ ဦးသန်းအေးက ဆန့်တငင်ငင်ဖြင့် လက်ပြန်ပြသည်။ လက်မှနာရီကိုကြည့်လိုက်သောအခါ (၁၀) နာရီထိုးရန် (၁၅)မိနစ်ကြီးများတောင် လိုသေးသည်မို့ သက်ပြင်းကို ရှူးခနဲ ချဖြစ်သည်။

" '. . .' ပန်းခြံကို မောင်းအစ်ကို . . ."

Taxi မောင်းသော ကားဆရာကို လှည့်မကြည့်ဘဲဆိုသော ကျွန်တော့်စကားအဆုံးမှာ ကားနောက်ခန်းမှ ထွက်လာသော တချွတ်ချွတ်အသံကြောင့် ကျွန်တော် နောက်လှည့်ကြည့်ဖြစ်သည်။

"Hello မျောင်လျေး . . မ, ပြောထားပြီးသားပါကွ . ."

မောင်လေးကို 'မျောင်လျေး' ဖြစ်သည်အထိ ဆိုလိုက်သူကား အခြားမဟုတ်။ မသူဇာ ခေါ် မဗိုက် . . .။

"မ . . မ . . မဗိုက် . . ."

"ဟုတ်တယ် . . မ, မနေ့ညက မင်းတို့လာမယ်လို့ အိပ်မက်မက်လို့ ဟုတ်မဟုတ် လာကြည့်တာ . . မ,ရဲ့အိပ်မက်က တကယ်ပဲကိုး။ အဟက်ဟက် . . ."

"အိပ်မက် . . မက်တာ . . ."

မျက်နှာငယ်လေးဖြင့် ပြန်မေးသော ကျွန်တော့်အမေးကို မဗိုက်က 'ဟုတ်ပ' ဟု မျက်နှာကို ချိုရင်းဆိုသည်။

"ဟုတ်ပ . . အဲဒါနဲ့ပဲ အချိန်မီဖြစ်အောင် Taxi ငှားပြီးတော့ ထွက်အလာ . . မောင်လေးကို မြင်လို့ ကားဆရာကိုပြောပြီး ရပ်ခိုင်းလိုက်တာ . . . မ,ကလေ အလုပ်လုပ်ရင် အားလုံးအကွက်ကြိုမြင်ပြီးသား . . ဘယ်လိုလဲ အကွက်စေ့တယ် မဟုတ်လား . . ."



## ကုန်ကြမ်း

ကျွန်တော် မဗိုက်၏စကားတို့ကို မကြားတစ်ချက် ကြားတစ်ချက်။ အားအင်များ ဆုတ်ယုတ်နေသလို ခံစားရင်း ကားပေါ်မှာ စိတ်မသက်မသာဖြင့် ပါလာဖြစ်သည်။

ကားပေါ်မှ ဆင်းသောအခါ ကားခထုတ်ရှင်းသော ကျွန်တော့်ကို မဗိုက်က 'မောင်လေး . . မ,ရှင်းထားပြီးသား' ဟု ဆိုသည်။

ပန်းခြံထဲသို့ မလှမ်းချင် လှမ်းချင်ဖြင့် လှမ်းသော ကျွန်တော့်ခြေလှမ်းတို့ကို မသူဇာက စိတ်မရှည်သလိုကြည့်ရင်း . . .

"ကဲ . . ကဲ . . မောင်လေးက နှေးလက်စနဲ့ နှေးနှေးသာ လျှောက်ခဲ့တော့ မ,သွားနှင့်မယ် . . ဟုတ်ပြီလား . ."

ကျွန်တော် ခေါင်းညိတ်ပြမိသလား . . မပြမိသလားပင် မှတ်မိတော့ . . မဗိုက်ကတော့ ဒုံးကျည်ကို စီးတော်ယာဥ်လုပ်ထားသလား အောက်မေ့ရလောက်အောင် လျင်မြန်သောခြေလှမ်းများဖြင့် သွားနှင့်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချိန်းနေကျနေရာသို့ရောက်သွားသောအခါ . . . .

ကြက်လည်လိမ်ထားသလို အိပဲ့အိပဲ့လာနေသော ကျွန်တော့်ကို ကျွန်တော့်ကောင်မလေးနှင့် မဗိုက်က ထိုင်လျက်သား ကြိုနေကြသည်။

ကောင်မလေးကတော့ ကျွန်တော့်ကို ရယ်ချင်ပက်ကျိဖြင့် ကြည့်ကာနေသည်။

မဗိုက်က ကျွန်တော့်ချစ်သူ၏လက်ကိုဆုပ်ကာ ပုံးကပ်စွာ ထိုင်ထားရင်းက သူမဘေးမှာလွတ်နေသောနေရာကို တဖတ်ဖတ် ရိုက်ရင်း . . . .

"လာထိုင်"

ဟုဆိုသည်။

သဘောက . . . .

ငါ့အလယ်မှာ ထိုင်မယ်။

နင် ငါ့ဘေးမှာ လာထိုင် ဆိုသည့် သဘော။





ထုံးစံအတိုင်း သူမက ကျွန်တော်တို့ ရည်းစားနှစ်ယောက် ကြားမှာ မိန့်မိန့်ကြီးထိုင်လိမ့်ဦးမည်။

ပြီး . .

ကျွန်တော့်ကို ကျောပေးကာ ကျွန်တော့်ချစ်သူ၏ လက်ကို ဆွတ်တမ်းကိုင်ရင်း စကားတွေကို ရေပက်မဝင် ဆိုလိမ့်ဦးမည်။ ကျွန်တော် အော်ငိုချင်သလိုလိုကြီးဖြစ်လာသည်။

ကျွန်တော့်ချစ်သူက အီလည်လည်မျက်နှာကြီးနှင့်ရပ်နေသော ကျွန်တော့်ကို ရယ်ကြဲကြဲကြည့်ရင်း ခွီးခနဲရယ်သည်။

ကျွန်တော်လိုက်ရယ်မိသလား၊ မရယ်မိသလားပင် မမှတ်မိတော့။

မသူဇာ၏ ဗိုက်ကိုကြည့်ရင်း ကျွန်တော့်ချစ်သူက မေးခွန်းတွေထုတ်သည်။

"ဘယ်နှလရှိပြီလဲ အစ်မ . . ."

"မွေးလထဲရောက်နေပြီ ညီမလေးရဲ့ . . ."

မသူဇာ၏အဖြေကို ကြားကြားပြီးချင်း ကျွန်တော့်ပါးစပ်တို့က ပြောချင်ဆိုချင်လွန်းသဖြင့် ယားကာလာသည်။

"မွေးလထဲရောက်လာတာများ လျှောက်သွားနေရတယ်လို့ နေပါလား . . ကိုယ့်အိမ်နဲ့ကိုယ် . . . . .

မတော်နဲ့တဆ ထဗိုက်နာနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ် . ."

ယောက်ျားကြီးတန်မဲ့ ရွဲ့တဲ့တဲ့ဆိုသော ကျွန်တော့်စကားကြောင့် ကျွန်တော့်ကောင်မလေးက ခွီးခနဲရယ်သည်။

မသူဇာကတော့ ခပ်တည်တည်နှင့် . . .

"အို . . မွေးရက်မှမရောက်သေးတာ . . ."

"ပြောလို့ရမလား . . ဗိုက်ကြီးတကားကားနဲ့ လျှောက်သွားနေတုန်း ထဗိုက်မနာဘူးလို့ ပြောနိုင်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



"အားအားယားယား ဗိုက်တကားကားနဲ့လျှောက်သွားနေရတယ်လို့ . . ကြုံဖူးပေါင်ဗျာ . ."

ကျွန်တော့်စကားကြောင့် ကျွန်တော့်ကောင်မလေးက ရယ်သည်။

မသူဇာကတော့ မကြားယောင်ပြုသည်။

ကျွန်တော်က ကျွန်တော်နှင့်ချိန်းထားသော ကျွန်တော့်ချစ်သူကို- ဗိုက်ကြီးသည်တစ်ယောက်ခြားကာ ထိုင်နေရသည်။

ဗိုက်ကြီးသည် တစ်ယောက်သာခြားနေရသော်လည်း ကျွန်တော့်စိတ်ထဲမှာ သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ် ကာရံခြားနေသလို ခံစားနေရသည်။

တိုက်ဆိုင်လိုက်ပုံများ အိပ်မက်မက်ယူသည်အထိပင် မသူဇာတစ်ယောက် ကျွန်တော်တို့ချိန်းထားရာကို စွဲလမ်းနေသတဲ့လား

ထိုစဉ်မှာပင် စကားများကို ရေပက်မဝင် အောင်ဆိုနေသော မသူဇာက . . .

"အမယ်လေး . . ဒီအတိုင်းကြီးစကားပြောနေရတာ အာခေါင်ခြောက်တယ်ဟဲ့ . . . .

မောင်လေး . . သွား အစ်မအတွက် ရေသန့် တစ်ဗူးလောက် ဝယ်ပေးစမ်းပါ . ."

"ဘာ . . . . .

ဘာဗျ . . ကျွန်တော့်ကို ခင်ဗျားတို့နှစ်ယောက် စကားပြောချိန်မှာ လက်တိုလက်တောင်းခိုင်းဖို့ လာထိုင်နေတယ် ထင်လို့လား . . . .

ခင်ဗျားက ဘယ့်နှယ်ဟာကြီးလဲဗျ . . ."

ကျွန်တော် ပေါက်ကွဲစွာပင် မေးဖြစ်သည်။

"ဝယ်ပေးလိုက်ပါ ကိုရယ် . . ဗိုက်ကြီးသည် ရေဆာတုန်း





ဝယ်ပေးရတာ ကုသိုလ်ရပါတယ် . . . .

ကိုက . . လိမ္မာရဲ့သားနဲ့ . ."

"ဟင် . . ."

ကျွန်တော့်ရင်ထဲမှ ထွက်လာသော ရှိုက်သံဖြစ်သည်။

ဝါးခနဲပင် ထငိုပစ်လိုက်ချင်သည်အထိ စိတ်လေကာသွားသည်။

ချစ်သူ ကိုယ်၌ကပင် ဗိုက်ကြီးသည်၏ စကားယာဉ်ကြောမှာ မျောသွားပြီ ဖြစ်သည်။

ချစ်သူ၏ . . .

'ကို'

ဟူသော ခပ်ချွဲချွဲအခေါ် နှင့် အခိုင်းကြောင့် ကျွန်တော် မရယ်ချင် ရယ်ချင်ဖြင့် ထရပ်ဖြစ်သည်။

မသူဇာကတော့ မမေ့မလျော့ ထပ်မှာသည်ကတော့ ကျွန်တော့်ကို နင်သွားစေသည်။

လှည့်ပင်မကြည့်ဘဲ မသူဇာဆိုသည်က . . .

"မောင်လေးရေ . . ရေခဲစိမ်လေး ဝယ်ခဲ့နော် . . . .

တစ်လက်စတည်း နေကြာစေ့လေးပါ ဝယ်ခဲ့ဦး . . ညီမလေးနဲ့ စကားပြောရင်း ဝါးရအောင် . . ."

ဟူသတတ် . . . ။

မျက်နှာကြီးရှုံ့မဲ့ကာသွားသော ကျွန်တော့်ကိုကြည့်ရင်း ကျွန်တော့်ချစ်သူကတော့ ရယ်သည်။

မသူဇာကတော့ လှည့်မကြည့်ဘဲ အမှာစကားထပ်၍ ပါးသည်။

"ကောင်လေး မြန်မြန်နော်"

တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချစ်သူနှင့်ကိုယ်တွေ့ရန်လာရင်းက နေရင်းထိုင်ရင်း စားပွဲထိုးဖြစ်သွားရသော ကျွန်တော့်အဖြစ်ကို ဘော်ဒါတွေသိလို့ကတော့. . . .

"ဒါ . . ကုန်ကြမ်းပေါ့ကွာ"

ဟု ဆိုကြဦးမည်လား မသိ။

ခြောက်လခန့်ကြာသောအခါ . . . . .

www.burmeseclassic.com

ကျွန်တော်နဲ့ကျွန်တော့်ကောင်မလေးရဲ့ မင်္ဂလာဆောင်ကို ဟိုတယ်ကြီးတစ်ခုမှာ ခမ်းခမ်းနားနားပဲ ဆောင်ဖြစ်ပါတယ်။ ထုံး အတိုင်း ညပိုင်း Dinner ကို တခြားဟိုတယ်တစ်ခုရဲ့ Pool Side မှာ လုပ်ဖြစ်ပါတယ်။

ဘယ်သူမှမသိလိုက်တဲ့ ဝှက်ဖဲတစ်ချပ်ကတော့ လူတိုင်း ကျွန်တော်တို့မင်္ဂလာမောင်နှံနှစ်ဦး လက်ဖွဲ့ရထားတဲ့ ကွန်ဒိုမှာ ဖြ အိပ်မယ်လို့ ထင်နေကြတယ်။ ကျွန်တော်ကလည်း ဒီအတိုင်း လျှော ပြောထားတာကိုး။ မင်္ဂလာဆောင်တဲ့ဟိုတယ်မှာ အခန်းလက်ဆော ရပေမယ့်လည်း အဲဒီမှာ ကျွန်တော်တို့မတည်းဖြစ်ပါဘူး။ ဘာဖြစ် လဲဆိုတော့ ခဲဖိုးတောင်းမယ့်သူနဲ့၊ လူပျိုညအတွက် နှိပ်စက်မယ့်လူ အဲ .. ကုန်ကြမ်းပေးချင်တဲ့လူတွေက ကျွန်တော့်ရဲ့မင်္ဂလာဦးည သိပ်များပြားမှာဖြစ်လို့ပါ ...။

ကျွန်တော့်ရဲ့ကားသော့ကို နှိုက်တဲ့လူကနှိုက်ပြီး ဖွက်ထား လူကဖွက်ထားပါပြီ။ ကျွန်တော်တို့အပြန်မှာ သူတို့နှိပ်စက်ရအောင် စီစဉ်နေကြတာပါ။ ဒါပေမယ့် စောစောက ကျွန်တော်ပြောသ





ကျွန်တော့်ရဲ့ ဝှက်ဖဲကိုတော့ ဘယ်သူမှမသိလိုက်ကြပါဘူး။

ကျွန်တော့်ရဲ့ဝှက်ဖဲကတော့ ကားတစ်စီးကို တိတ်တဆိတ် ကြိုတင်စီစဉ်ထားတာပါပဲ။ ညစာစားပွဲပြီးတဲ့အချိန်မှာပဲ ရောကော သော ကောနဲ့ ကျွန်တော်တို့သတို့သား၊ သတို့သမီးနှစ်ယောက် ညစာစားပွဲ ကျင်းပတဲ့ နေရာကနေ လစ်ထွက်ခဲ့ကြတယ်။ ခဲဖိုးတောင်းမယ့်လူ တွေကလည်း ကျွန်တော့်ကားသော့ သူတို့လက်ထဲမှာဆိုပြီးတော့ စိတ် ချလက်ချပဲ ကျွန်တော်တို့ကို လိုက်မကြည့်ဘဲလွှတ်ထားကြတယ်။

ကျွန်တော်နဲ့ကျွန်တော့်ကောင်မလေး .. အဲ .. အခုတော့ ကျွန်တော့်မိန်းမပေါ့ဗျာ။ အဲဒီ ကျွန်တော့်မိန်းမအသစ်တလေးနဲ့အ တူတယ်အပြင်မှာရပ်ထားတဲ့ (တိတ်တဆိတ်စီစဉ်ထားတဲ့) ကားနဲ့ ဘယ်သူမှ သတိမထားမိတဲ့ အခြားဟိုတယ်တစ်ခုဆီ ထွက်လာဖြစ်ကြ တယ်။

ဒီအချိန်လောက်ဆိုရင်တော့ ကုန်ကြမ်းပေးချင်တဲ့လူတွေ ရော၊ ခဲဖိုးတောင်းချင်တဲ့လူတွေရော၊ Bachelor Night အတွက် နှိပ်စက်မယ့်လူတွေရော ဒေါင်းတောက်အောင် ရှာနေကြရောပေါ့။

ကျွန်တော်နဲ့ကျွန်တော့်ကောင်မလေးကတော့ သူတို့ ဘယ် လိုမှလိုက်ရှာလို့တွေ့မှာမဟုတ်တဲ့ Hotel တစ်ခုရဲ့ ဆိတ်ဆိတ်နေတဲ့ အခန်းထဲမှာ .......

www.burmeseclassic.com



ခုတင်ပေါ်မှာ ယှဉ်ထိုင်ရင်း ကျွန်တော့်ကောင်မလေးရဲ့ ပခုံးကို ရင်ခုန်စွာဖက်ထားရင်းက ‘ဝါးခနဲ’ ကျွန်တော်သမ်းပြဖြစ်တယ်။

သဘောက အိပ်ချင်ပြီဆိုတဲ့သဘော။ ကျွန်တော့်ကောင်မလေးက ‘ဝါးခနဲ’ သမ်းတဲ့ ကျွန်တော့်ကိုကြည့်ရင်း ဟက်ခနဲ ရှက်ရယ်ရယ်တယ်။

ပြီး ညစ်ကျယ်ကျယ်အမူအရာနဲ့ . .

“ကို . . လသာသာနဲ့ ဒီလို ကြည်ကြည်လင်လင်ရှိတဲ့ ညမျိုးမှာ . . Hotel ရှေ့က ပန်းခြံထဲ လမ်းလျှောက်ရရင် မကောင်းဘူးလား . . .”

“မကောင်းဘူး . .”

ခပ်သွက်သွက်၊ ပျာပျာသလဲထပြီး ခေါင်းခါရင်းဆိုတဲ့ ကျွန်တော့်ကို ကောင်မလေးက ခွီးခနဲရယ်တယ်။

ဒီအချိန်ကြီးမှာ လမ်းလျှောက်စရာလားဗျာ . . နော့ . . .

“လမ်းလျှောက်ချင်တယ်ကွာ . . .”

စာအုပ်တိုက်

## ကာတွန်း

“အစ်ကိုက တစ်ကိုယ်လုံး ညောင်းညာနေပြီ . . ပြီးတော့ လေ . . ဝါး . . .”

ညစ်ကျယ်ကျယ် ကျွန်တော့်ကောင်မလေးကို ကျွန်တော် ဒုတိယမို့ သမ်းပြဖြစ်တယ်။

ဒါတိုင်ပဲ ကျွန်တော့်ကောင်မလေးက ရှုတ်ရှုတ်နဲ့ ရှုတ်ခေါင်းခိုးရင်း နှုတ်ခမ်းကို ခပ်ဖွဖွကိုက်တယ်။

သူလည်း ကျွန်တော့်လို အသည်းအသန် ရင်ခုန်နေလောက်မှာပေါ့။

“လမ်းလျှောက်ချင်တယ် . . .”

ကောင်မလေးက အများခတ် တုန်ရီနေတဲ့လေသံနဲ့ ညစ်ကျယ်ကျယ်ကြီး ထပ်ပြောပြန်တယ်။

“အာ . . ဒါ မင်္ဂလာဦးညလေ . . လမ်းလျှောက်စရာလား”

ဂျစ်ကန်ကန်နဲ့တလေးဆိုးတစ်ယောက်လို အံကြိတ်သံကြီးနဲ့ ဆိုတဲ့ ကျွန်တော့်ကိုကြည့်ရင်း ကောင်မလေးက ရှက်ဝဲဝဲနဲ့ နှုတ်ခမ်းကို ခပ်ဖွဖွကိုက်ရင်း ရယ်ပြန်တယ်။

ပြီး . . . .

“မင်္ဂလာဦးညမှာ လမ်းမလျှောက်ရဘူးလို့ ဘယ်သူပြောလဲ . . ဒီလို လသာသာမှာ လမ်းလျှောက်ရင် တို့အတွက်တောင် ထုန်ကြမ်းရဦးမယ် . . .”

ကျွန်တော့်ကောင်မလေးက ညစ်ကျယ်ကျယ်နဲ့ဆိုပြန်တယ်။

‘ကျိကြမ်း’ ဆိုတဲ့အသံကြားတော့ ကျွန်တော် နည်းနည်းနှင်ထင်ထင်ဖြစ်သွားတယ်။

ညစ်ကျယ်ကျယ်ပြုံးရင်း လှတိုစနေတဲ့ ချစ်သူကို ကြည့်ရင်း Bachelor Night ရဲ့ ကျွန်တော့်ရင်ခုန်သံတွေက အဆုံးစွန်ကို ရောက်ပေါက်ကွဲနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျွန်တော့်ကောင်မလေးကို ဘာမှပြောမနေတော့ဘူး။ မီးခလုတ်တိုပဲ ခပ်သွက်သွက်လှမ်းပြီး ပိတ်ပစ်လိုက်တယ် . . . .။

တဲ . . အခုတော့ ကျွန်တော့်ရဲ့ သတို့သမီးအသစ်ကလေး ဘာတတ်နိုင်သေးသတုံး . . . ။

အခုတော့လည်း အခန်းတစ်ခန်းလုံးဟာ လုံး၀ . . လုံး၀ . . လုံး၀ . . မှောင်အတိပဲဗျို့ . . . အဟီးဟီး . . . .။



ခေတ်ရှင်ထဲမှာဆိုရင်တော့ ဒီလိုမီးမှိတ်လိုက်တဲ့အချိန်မှာ ပိတ်ကားတစ်ခုလုံး မှောင်မည်းသွားပြီး စကားပြောသံလေးတွေတော့ ထွက်လာသေးတယ် မဟုတ်လား . . .။ ဒါမှမဟုတ် အသက်ရှူသံလေး ဖြစ်ဖြစ်ပေါ့ဗျာ . . .။

"အခုလည်း နားထောင်ကြည့်ဦး . . . အဲလေ . . . ဟုတ်ဆါင် . . ."

အမှန်တကယ်တော့ အားလုံးအမှောင်အတိကျသွားပြီးရင်တော့ 'ပြီးပါပြီ' ဆိုတဲ့ စာတန်းကြီးကလည်း တက်လာ ထွက်လာမှာပဲ ဟုတ်လား . . ကဲ . . အခုလည်း . . ပြီးပါပြီပေါ့ဗျာ . . .။ မြန်မာ ဇာတ်က သိမ်းမှပါပဲ။ ဒီဇာတ်သိမ်းရေးရတာ ကျွန်တော့်မှာ သွားရည်တွေတောင် မဆီမဆိုင်ကျလို့ . .။ တစ်မျိုးတော့ မထင်ပါနဲ့ဗျာ။ ဒီမှာ ဘော်ဒါတစ်ကောင်က ကျွန်တော့်ဘေး လာထိုင်ပြီး သံပုရာသီးနဲ့ လျက်ဆားနဲ့တို့စားပြနေတာကိုး။ ကျပြီပေါ့။ ဒီသွားရည်က . . နော့ဗျာ။ . . ဟော . . ပြောရင်းဆိုရင်းနဲ့တောင် ကျလာပြန်ပြီ . . သွားရည်တွေ . . . သွားရည်တွေ . . .။

"ဟကောင် . . . ငါ့လည်း ကျွေးပါဦးကွ . . ."

www.burmeseclassic.com



မှတ်ချက်။

"ဟကောင် . . ငါ့လည်း ကျွေးပါဦးကွ" ဟူသော စာသားသည် ဝတ္ထုနှင့်မသက်ဆိုင်ဘဲ သံပုရာသီးစားနေသည့် ကျွန်တော့်ဘော်ဒါနှင့်သာ သက်ဆိုင်ပါကြောင်း . . . . . . . .။

ပြည်ဦးမိုးစိန်

ဆ/၀၆၊ ရွှေဥမင်ထုရားလမ်း၊
ဆင်ခေါင်းရပ်၊ ပင်းတယမြို့။

BURMESE CLASSIC .com
www.burmeseclassic.com